ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့ (2-3-2014) (၇၇၇၂)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့်
နေ့အပူချိန်များ

ချောက်
၄၀ ဒီဂရီစင်တီဂရိတ်
ဘော်လခဲ
၃၉ ဒီဂရီစင်တီဂရိတ်

လယ်ယာကုန်ထုတ်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး မျိုးစေ့ချစိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ လက်တွေ့အကျိုးကျေးဇူးများခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-

ယနေ့အချိန်အခါသမယသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားကြီးများအား အထူးအလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိသည့် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ ဤကဲ့သို့ အစဉ်အလာကြီးမားသော မင်္ဂလာရက်မြတ် အချိန်အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြလျက် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

> **“ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက် ပါဝင်ဆောင်ရွက်လာလျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ် မြင်တွေ့နေရပြီဖြစ်။ ”**

ယနေ့အချိန်ကာလသည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုမှ ကိုယ်တိုင်ပါဝင်ဆန္ဒပြုကြပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းပြီး တာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်းကာလ(၃)နှစ်ပြည့်မြောက်သော အချိန်အခါသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် (၃)နှစ်တာကာလအတွင်း ရေရှည်အမျိုးသားရေးအကျိုးစီးပွားကို အစဉ်ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးလုပ်ငန်းတာဝန်များအား လုပ်ငန်းစဉ် (၈)ရပ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကပထမ ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံသည် တောင်သူလယ်သမားထုအား ကိုယ်စားပြုသည့် လယ်ယာကဏ္ဍကို အဓိကအခြေခံအားထားနေရသည့် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည်နှင့်အညီ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝကို တိုးတက်လာစေမည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းအားပေး လုပ်ဆောင်ခြင်းအားဖြင့် “နိုင်ငံတော်ကြီး၏ အမျိုးသားရေးကိုယ်ခံစွမ်းအား” ကို ပိုမို၍ တိုးတက်ခိုင်မာမှုရှိစေရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိနေပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ပြပွဲ၊ ပြိုင်ပွဲပြခန်းများကြည့်ရှုအားပေး

နေပြည်တော် မတ် ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုဆည် ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ်အဖြစ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားပြုလုပ်မည့်ပြခန်းနေရာသို့ရောက်ရှိပြီး ပြခန်းများကို လိုက်လံကြည့်ရှုသည်။**(ယာပုံ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် International Agro ကုမ္ပဏီ၊ မျှားနီမျိုးစေ့ထုတ်ကုမ္ပဏီ၊ ပံကုမ္ပဏီတို့၏ ပြခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးပွဲ့ပိုးပစ္စည်း အရောင်းဆိုင်ပြခန်း၊ စက်မှုသီးနှံ ဦးစီးဌာန၏ပြခန်း၊ စိုက်ပျိုးရေး သိပ္ပံကျောင်းများ၏ပြခန်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ ပြခန်း၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ခင်းကျင်းပြသထားသော ပြခန်းများကို တစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းရှင်မာလာမြိုင်ကုမ္ပဏီ၏ပြခန်းကို ကြည့်ရှုအားပေးရာ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လွဲ့လွဲ့ဦးက မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ထိုင်းနိုင်ငံအခြေစိုက် Big-M ကုမ္ပဏီမှ ခင်းကျင်းပြသထားသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် မျိုးစေ့နှင့်ပျိုးပင်များကို ကြည့်ရှုအားပေးပြီး ကုမ္ပဏီဒါရိုက်တာ Mr. Mogkhol နှင့် မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက် တင်ပို့နိုင်ရေးဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှုထောင့် ၂-၃-၂၀၁၄၊ တနင်္ဂနွေနေ့

ကျေးဇူးရှင်တောင်သူလယ်သမား

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် ရှိကြကုန်သော တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသော နေ့ထူးနေ့မြတ်နေ့ တစ်နေ့ဖြစ်ပါသည်။

လက်ရှိကာလသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလဖြစ်ပြီး ဒီမိုကရေစီသက်တမ်း သုံးနှစ်ကျော်ကာလအတွင်း နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတာဝန်များကို အမျိုးသားရေးရည်မှန်းချက်ထားကာ လုပ်ငန်းစဉ် (၈)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံနှင့်ပြည်သူလူထုကို အဓိကအလုပ်အကျွေးပြုလျက်ရှိသော တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အဓိကဦးစားပေး ဖော်ဆောင်ပေးနေသည်ကို တွေ့ရပါသည်။

တောင်သူလယ်သမားဦးကြီးများဆိုသည်မှာ လယ်ယာကိုင်းကျွန်းလုပ်ငန်းများဖြင့် မိမိတို့ဝမ်းစာအတွက် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေကြသူများဟု ထင်မြင်ကောင်းထင်မြင်ယူဆနိုင်ဖွယ်ရှိသော်လည်း အမှန်တကယ်တွင် တစ်တိုင်းပြည်လုံးရှိ ပြည်သူလူထုအားလုံးအတွက် နေ့စဉ်လိုအပ်သော စားနပ်ရိက္ခာများကို ပင်ပန်းဆင်းရဲခံကာ ကြိုးစားလုပ်ကိုင်ပေးနေသူများ ဖြစ်ကြသည့်အပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍမှနေ၍ ဝင်ငွေရှာဖွေပေးနေသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများကို နိုင်ငံနှင့်ပြည်သူတို့၏ ကျေးဇူးရှင်ကြီးများဟု ဂုဏ်ပြုလိုပါသည်။

အဆိုပါကျေးဇူးရှင်ကြီးများ၏ ဘဝမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယနေ့(မတ်လ ၂ ရက်) နေ့တွင် အဆိုပါ တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားနေ့အဖြစ် နှစ်စဉ်နှစ်တိုင်းသတ်မှတ်ကာ အလေးအမြတ်ပြုခြင်းဖြင့် နိုင်ငံနှင့် ပြည်သူလူထုတို့ကပါ တောင်သူလယ်သမားကြီးများအား ပြန်လည်အသိအမှတ်ပြုကြခြင်းဖြစ်ပါသည်။

ဤနေရာတွင် တောင်သူလယ်သမားကြီးများက နိုင်ငံနှင့်လူမျိုးအတွက် မည်သို့လုပ်ဆောင်ပေးခဲ့ကြပြီး ကျွန်ုပ်တို့က မည်သို့ပြန်လည်ဆောင်ရွက်ပေးခဲ့ကြသည်ကို အထူးပြုရပေလိမ့်မည်။ တောင်သူလယ်သမားကြီးများအနေဖြင့်မူ အထက်တွင် ဆိုခဲ့သည့်အတိုင်း ပြောဆိုဖွယ်မရှိပါ။ တောင်သူလယ်သမားကြီးများ အကျိုးအတွက်မူ လိုအပ်သော စိုက်ပျိုးမြေ၊ စိုက်ပျိုးရေ၊ စိုက်ပျိုးစရိတ်၊ စိုက်ပျိုးနည်းပညာများကို ယခင်နှင့်မတူ အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ယခင်က ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ပေးခဲ့သော ဆည်တမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများ၊ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်များ ရာနှုန်းပြည့်ပြီးစီးရေး အလေးထားဆောင်ရွက်ပေးနေခြင်း၊ စိုက်ပျိုးစရိတ်များထုတ်ချေးပေးခြင်း၊ နည်းစနစ်နှင့် စက်ပစ္စည်းများ အသုံးပြုနိုင်အောင် ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ကို အဖွဲ့အစည်းများနှင့် ပေါင်းစပ်ကာ ဦးစားပေးဆောင်ရွက်ပေးနေသည်မှာ အမှန်ဖြစ်ပါသည်။

ရှေးယခင်က ပညာမရှိ၍ လယ်လုပ်သည်ဟူသော အတွေးအခေါ် အယူအဆဟောင်းကို ပြောင်းလဲပြီး ပညာတတ်ပြီး လယ်လုပ်သည် ဟူသော အယူအဆသစ်ကို ဖော်ဆောင်ပေးကာ တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ အရှိန်အဟုန်မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေသည်မှာလည်း လက်တွေ့ပင်ဖြစ်သည်။

လူသားတိုင်း၏ ဘဝအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေးဟူသည့် အရေးသုံးပါး၌ နေ့စဉ်မဖြစ်မနေလိုအပ်ချက်မှာ စားရေးဖြစ်ပါသည်။ နေ့စဉ်တိုးတက်နေသော လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံပိုလျှံရေးမှာ အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာမြေအရွယ်အစားမှာ ပြောင်းလဲခြင်းမရှိသော်လည်း မြန်မာနိုင်ငံ၏ လူဦးရေသာမက ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၇၀၀၀ ကျော်လာပြီဖြစ်သောကြောင့် တိုးတက်လာသော လူဦးရေအတွက် စားနပ်ရိက္ခာများကို နှစ်ဆ၊ သုံးဆတိုးတက်ထုတ်လုပ်ကြရမည်ဖြစ်သည်။

ထိုလိုအပ်ချက်ကို တောင်သူလယ်သမားဦးကြီးများက ဖြည့်စွမ်းပေးနေသဖြင့် လူသားအားလုံးအတွက် ကျေးဇူးရှင်ကြီးများဟု ဆိုထိုက်ပေသည်။ ကျေးဇူးရှင်ကြီးများအား ကျေးဇူးတင်ထိုက်အောင် ကျွန်ုပ်တို့အားလုံးကလည်း အစီအမံရှိရှိ လုပ်ဆောင်ပေးကြရပေလိမ့်မည်။ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြောင်းလဲမှု၊ စက်မှုလယ်ယာပြောင်းလဲမှု၊ နည်းစနစ်ပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲမှု စသည်ဖြင့် ပြောင်းလဲမှုများစွာကို ပြောင်းလဲနိုင်အောင် ဝိုင်းဝန်းဖော်ဆောင်ပေးကြရပေလိမ့်မည်။ သို့မှသာ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများအား ကျေးဇူးဆပ်ရာရောက်သည့် လုပ်ဆောင်မှုများ ဖြစ်လာမည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ သဘာပတိ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အမှာစကားပြောကြားရာတွင် အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အစည်းအဝေးသို့ ကြွရောက်လာသည့် ဆရာတော်ကြီးများ၏ ကျန်းမာရေး၊ ပို့ဆောင်ရေးကိစ္စရပ်များ၊ ဆရာတော်များ စိတ်အေးချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ရေး၊ ဆွမ်းဆက်ကပ်ရေး၊ လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး၊ ဆရာတော်ကြီးများ သီတင်းသုံးမည့် ကျောင်းဆောင်ကြီးများ ပတ်လည်တွင် သန့်ရှင်းရေးစသည့်ကိစ္စရပ်များအား ဝိုင်းဝန်းပူးပေါင်းကုသိုလ်ယူဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးကလိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံအသီးသီး၌ ရွှေ့ပြောင်းလုပ်သားများ တိုးပွားလျက်ရှိ

နေပြည်တော် မတ် ၁

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Workers Resource Center-MRC) များဖွင့်လှစ်ရန် အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က နေပြည်တော် ဟိုတယ်ရွှေပြည်တော်၌ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံအသီးသီး၌ ရွှေ့ပြောင်းလုပ်သားများ တိုးပွားလျက်ရှိကြောင်း၊ ရွှေ့ပြောင်းလုပ်သားများသည် စေလွှတ်သောနိုင်ငံနှင့် လက်ခံသောနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကပါဝင်ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ ILO က အကောင်အထည်ဖော်ဆောင်ရွက်နေသော GMS Triangle Project အရ Migrant Resource Center များကို မန္တလေး၊ ကျိုင်းတုံ၊ ထားဝယ်မြို့များတွင် ဖွင့်လှစ်ရန်ရည်ရွယ်ထားပါကြောင်း၊ မြန်မာနိုင်ငံတွင် Migrant Resource Center များတည်ထောင်ရာတွင် လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ထိရောက်စေရန်နှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်စေရန်အတွက် ဆောင်ရွက်ရမည့် လက်စွဲစာအုပ် (Operations Manual) မူကြမ်း ထုတ်ဝေနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဝင်များ၊ INGO၊ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ILO ဆက်သွယ်ရေးအရာရှိရုံးမှ တာဝန်ရှိသူများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ခရိုင်/ မြို့နယ်အဆင့် အလုပ်သမားရှာဖွေရေးရုံးများမှ အရာထမ်းများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများကဆွေးနွေးပွဲကို ညနေပိုင်းအထိ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

လှည်းကူး မတ် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးရွာချင်းဆက်လမ်းဖြစ်သော မင်းကုန်း-စံပြ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)



☆ ရွှေဖုံးမှ

ယခင်က သဘာဝရာသီဥတုမိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးကြရသည့် လယ်မြေများကို ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် မူလကတစ်သီးပင်လျှင် မသေချာသည့်အခြေအနေမှ သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေကို ပိုမိုတိုးတက်ဖြစ်ထွန်းရရှိစေလာနိုင်မည်ဖြစ်ပါသည်။

ယခင်အစိုးရအဆက်ဆက်ကာလ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ပိုမို၍ ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံလုပ်ဆောင်ခြင်းအပါအဝင် မပြီးပြတ်သေးသော စီမံကိန်းလုပ်ငန်းကြီးများ ရေမြောင်းစနစ်များအား ရာနှုန်းပြည့်ပြီးစီးရေးအတွက် မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် မိရိုးဖလာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ်ကွက်၊ ဟက်တာကွက်များအဖြစ်သို့ လယ်ယာမြေအဆင့်မြှင့်တင်ဖော်ထုတ် ကူးပြောင်းပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်ကို ဗဟိုပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ပျံ့နှံ့ အကောင်အထည်ဖော်နိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

စိုက်ပျိုးသီးနှံများ၏ အရည်အသွေးနှင့် တစ်ဧကအထွက်နှုန်း လက်တွေ့ပိုမိုတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ တီထွင်ကြံဆပြီး တောင်သူလယ်သမားများ၏ လက်ဝယ်သို့အရောက် လေ့ကျင့်ပညာပေးရေးတာဝန်အား ဒေသအလိုက် လယ်ကွင်းများထဲတွင် တောင်သူလယ်သမားများနှင့်အတူ လက်ချင်းတွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အုတ်မြစ်အခြေခံကောင်းများ တည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။ နိုင်ငံနှင့်အဝှမ်း ကျေးရွာတိုင်းတွင် တောင်သူပညာပေးစံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသပြီး တစ်နိုင်ငံလုံးပျံ့နှံ့အောင် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်စေလျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံတော်၏နေ့စဉ် အဓိကစားသုံးသီးနှံအမယ်ဖြစ်သော စပါးသီးနှံအပါအဝင် ဝင်ငွေရသီးနှံအမယ်အလိုက် အရည်အသွေးများတိုးတက်မြင့်မားရေးနှင့် တစ်ဧကအထွက်နှုန်းများ ထိထိရောက်ရောက် တိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် အဆင့်မြင့်ခေတ်မီနည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးပဲမျိုးစုံ၊ စပ်မျိုးနေကြာ၊ စပ်မျိုးသစ်သီးဝလံနှင့် စပ်မျိုးဟင်းသီးဟင်းရွက်မျိုးစေ့များကို ခေတ်မီမျိုးစေ့ထုတ်နည်းပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေး အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမရှိမဖြစ်လိုအပ်ချက်ဖြစ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်းကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုမိုတိုးတက်ပါဝင်ဆောင်ရွက်လာလျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ်မြင်တွေ့နေရပြီဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိရေးနှင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ခိုင်မာသောဈေးနှုန်းဖြင့် ရောင်းချနိုင်မည့် ပြည်တွင်းပြည်ပ ဈေးကွက်နေရာရရှိနိုင်ရေးအချက်အပေါ်တွင် ယခင်က စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချခဲ့သည့်အနေအထားမှ တန်ဖိုးမြင့်ထုတ်ကုန် ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် ခေတ်မီအဆင့်မြင့်ဆန်စက်၊ အဆင့်မြင့်ဆီစက်၊ အဆင့်မြင့်သစ်သီးဝလံ သန့်စင်စက်၊ အဆင့်မြင့်ထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးလုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝှမ်းကျယ်ပြန့်စွာ ဖြန့်ကြက်တည်ရှိနေထိုင်နေကြသည့် အများစုဖြစ်သော လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏အားကို လယ်ယာကုန်ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး " မျိုးစေ့ချစိုက်ပျိုးသည့်အဆင့်"မှ" ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ" လုပ်ငန်းစဉ်တစ်ခုလုံး တောင်သူလယ်သမားများအတွက် လက်တွေ့အကျိုးကျေးဇူးများခံစားခွင့်ရရှိနိုင်ရေးလုပ်ငန်းများကိုလည်း "သမဝါယမကဏ္ဍ" မှထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

တောင်သူလယ်သမားများ ရာသီအလိုက် တစ်ရာသီပြီးတစ်ရာသီ စိုက်ပျိုးထုတ်လုပ်ကြသော သီးနှံများအပေါ် ဈေးကောင်းကောင်းနှင့်ဝင်ငွေကောင်းစွာရရှိနိုင်မည့် ပြည်တွင်းပြည်ပ ခိုင်မာသောဈေးကွက်နေရာရရှိရေးသည် အခြေခံလိုအပ်ချက်ဖြစ်နေသည့်အပေါ် လယ်ယာထွက်ကုန်သီးနှံများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ်ဖြစ်သော " နိုင်ငံတကာအဆင့်မီ လက်ကားဈေးကွက်(Wholesale Market)" များပေါ်ပေါက်လာရေးအတွက်လည်း စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

တောင်သူလယ်သမားများအတွက် အခြေခံလိုအပ်လျက်ရှိနေသော ခေတ်မီစိုက်ပျိုးရေးနည်းပညာများ လက်ဝယ်အရောက်အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးနှင့် အဓိကဆက်စပ်လိုအပ်ချက်သတင်းများဖြစ်သည့် ရာသီဥတုသတင်းအချက်အလက်များ၊ ဈေးကွက်သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားများ သိရှိအသုံးချနိုင်ရေးအပါအဝင် တောင်သူလယ်သမားများ၏ စိတ်လက်အပန်းဖြေအနားယူမှုကို အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍသတင်း၊ ပညာပေးနှင့် ဖြေဖျော်ရေးအစီအစဉ်များ ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း(Farmers' Channel)"အစီအစဉ်အားလည်း တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်တိုးတက်ထုတ်လွှင့်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

လူသားတိုင်း၏ နေ့စဉ်ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးအခြေခံလိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ်အဓိကလိုအပ်ချက်ကြီးမှာ "စားရေရိက္ခာ"စားရေးလိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ အရွယ်အစားကို တိုးချဲ့ပြောင်းလဲရန် မဖြစ်နိုင်သော်လည်း ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိယနေ့ လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်မှာလာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သည့်အတွက် လိုအပ်လာမည့် စားရေရိက္ခာကို ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတု၏ ပြင်းထန်စွာ ပူးပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာမိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းကျခြင်း၊ လေမုန်တိုင်းများတိုက်ခြင်း၊ ငလျင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြီးများကြောင့် စားရေရိက္ခာလုံခြုံမှုလိုအပ်ချက်အပေါ် ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ချက်ရှိနေပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း လာမည့်မကြာတော့မည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ ကျော်အတွက် နိုင်ငံ၏ စားရေရိက္ခာလုံခြုံစိတ်ချရမှုရှိစေရေးအတွက်သာမက ကမ္ဘာ့ရိက္ခာလိုအပ်ချက် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်စုံမှ အရှိန်အဟုန်မြှင့်တင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ သဘာဝမြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှုနှင့် စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများနှင့် အလွန်ရိုးသားဖြူစင်ကြပြီး အလွန်အလုပ်ကြိုးစားကြသည့် တောင်သူလယ်သမားတို့၏ အင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်အခါကောင်းဖြစ်ပါသည်။

အခြေအနေ အချိန်အခါကောင်းကို အထိရောက်ဆုံး၊ အကျိုးရှိဆုံး အသုံးချအကောင်အထည်ဖော်ရာတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန် ကိုယ်ကိုယ်တိုင် ကြီးပွားအောင်မြင်လိုစိတ်ဖြင့် ကိုယ်တိုင်ပါဝင် ကြိုးစားလုပ်ဆောင်ကြရန် စိတ်ဓာတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊ ခေတ်မီဆည်ရေသောက်လယ်ယာမြေစနစ်သို့ ပြောင်းလဲခြင်း၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်း၊ မိရိုးဖလာမျိုးစေ့များအစား အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲအသုံးပြုခြင်း၊ ဈေးကွက်ကို ယှဉ်ပြိုင်နိုင်မည့် အဆင့်မြင့်လယ်ယာထွက်ကုန်များ၊ အဆင့်မြင့်အရည်အသွေးကောင်းတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို လက်တွေ့ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှသာလျှင် လယ်ယာကဏ္ဍကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဆင့်သို့ အဆင့်ဆင့်ကူးပြောင်းနိုင်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအားလုံးတို့၏ အခြေခံလိုအင်ဆန္ဒအစစ်အမှန်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအား အရှိန်အဟုန်ဖြင့် တိုးတက်ဖော်ဆောင် အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နည်းလမ်းများကြံဆရှာဖွေကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

ကျန်ရှိနေသော အစိုးရသက်တမ်းကာလအတွင်း တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံးတို့အတွက် လက်ငင်းအကျိုးဖြစ်ထွန်း အကောင်အထည်ဖော်နိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးဦးစားပေးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ရေရှည်အမျိုးသားရေးအကျိုးစီးပွားနှင့် ရေရှည်နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအုတ်မြစ်များကို ခိုင်မာစွာတည်ဆောက်ပေးနိုင်ရေးတာဝန်ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။

ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည် အမျိုးသားရေးအကျိုးစီးပွားအတွက် "တစ်လှေတည်းစီး၊ တစ်ခရီးတည်းအတူသွား ခရီးသွားဖော်"များအဖြစ် "အေးအတူ၊ ပူအမျှ" အတူတကွ လက်တွဲကြပြီး တစည်းတည်း တလုံးတည်း တက်ညီလက်ညီ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းပန်ကြားအပ်ပါသည်ခင်ဗျား။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၃-၂၀၁၄ (တနင်္ဂနွေနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ တေးဂီတအစီအစဉ်
- ၆း၄၅ "လေ့လာဖွယ်စုံလင် ပအိုဝ်းဒေသခရီးစဉ်"
- ၈း၃၀ ချစ်သော ဤကမ္ဘာမြေ
- ၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၂း၃၅ ဖြူမည်းရုပ်ရှင်"ကြမ္မာရဟတ်" (ဇော်ဝမ်း၊အောင်လွင်၊ တင်တင်ညို) (ဒါရိုက်တာ-ထွန်းဝင်း)
- ၃း၃၅ တေးသရုပ်ဖော် အစီအစဉ်
- ၄း၁၅ "၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာ" (ဘောဂဗေဒဘာသာရပ်)
- ၄း၅၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၁၅ အနုပညာသတင်းအစီအစဉ်
- ၈း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
- ၈း၅၀ ကြယ်ပွင့်များရဲ့အထင်ကရတေးများ

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

ဒိုက်ဦး မတ် ၁ - ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ရွှေအင်ဒုံကျေးရွာအုပ်စု လက်ပံသုံးခွကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ စာတွေ့လက်တွေ့ သင်ကြား၍ ၁၂ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက် ကြကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**






ယူကရိန်းကို စစ်ရေးဖြင့် ဝင်မစွက်ရန် ရုရှားအား အမေရိကန် သတိပေး

ဝါရှင်တန် မတ် ၁

မည်သည့်နည်းလမ်းကို အသုံးပြု၍ စစ်ရေးအရ ယူကရိန်းနိုင်ငံအတွင်း ဝင်ရောက်ခဲ့သည်ဖြစ်စေ ယင်းအတွက် ဆုံးရှုံးမှုပမာဏကြီးမားမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဘာရက်အိုဘားမားက ရုရှားနိုင်ငံကို သတိပေးလိုက်ကြောင်း ဘီဘီစီက မတ် ၁ရက်တွင် ဖော်ပြသည်။

နိုင်ငံအတွင်း ရုရှားတပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုသတင်းများကြောင့် ၎င်းအနေဖြင့် အလွန်စိုးရိမ်ပူပန်မှုဖြစ်ရပါကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားဒေသတွင် ရုရှားနိုင်ငံက ၎င်း၏ တပ်ဖွဲ့များဖြန့်ကြက်ထားပြီး ကိယက်ဗ်ကို လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားအောင် တွန်းပို့လျက်ရှိကြောင်း ယူကရိန်း ခေတ္တသမ္မတက စွပ်စွဲသည်။

ခရိုင်းမီးယား၏ မော်စကိုယိမ်းသော ဝန်ကြီးချုပ်က ဒေသအတွင်း ငြိမ်းချမ်းမှုများ ဆက်လက်တည်တံ့စေရေးအတွက် ကူညီပါရန် ရုရှားအာဏာပိုင်များကို မေတ္တာရပ်ခံခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်းမီးယား သမ္မတနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်းရေးအတွက် အကူအညီများ ထောက်ပံ့ပါရန် ရုရှားသမ္မတ ဗလာဒီမာပူတင်ထံသို့ ၎င်းက မေတ္တာရပ်ခံခဲ့ကြောင်း ဝန်ကြီးချုပ် ဆာဟီ အက်စ်ယိုနော့ဗ်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ခရိုင်းမီးယားပါလီမန်က ကြာသပတေးနေ့တွင် တာဝန်အပ်နှင်းလိုက်သော မစ္စတာ အက်စ်ယိုနော့ဗ်သည် ယာယီအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ စစ်သင်္ဘောများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များကို ထိန်းချုပ်ထားလျက်ရှိသည်။

တပ်မှူးများအားလုံးသည် ၎င်း၏ အမိန့်ကို နာခံကြရမည်ဖြစ်ကြောင်း၊ မနာခံပါက ရာထူးမှ နုတ်ထွက်ကြရမည်ဖြစ်ကြောင်း အက်စ်ယိုနော့ဗ်က ပြောသည်။

ယူကရိန်းနိုင်ငံ၏ အစိုးရအဖွဲ့သစ်သည် ရုရှားတပ်ဖွဲ့များ ဖြန့်ကြက်လာခြင်း သတင်းကြောင့် ပြဿနာနက်ရှိုင်းလာခြင်းကို ဆွေးနွေးရန် စနေနေ့တွင် ပထမဆုံးအကြိမ်အဖြစ် အစည်းအဝေးကျင်းပမည်ဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်က ခရိုင်းမီးယားအတွင်း ၎င်းတို့၏ တပ်ဖွဲ့များ စစ်ရေးလှုပ်ရှားမှုသည် တည်ရှိပြီးဖြစ်သော ယူကရိန်းနှင့် သဘောတူညီချက် ဘောင်အတွင်းမှာ ဖြစ်သည်ဟု စောစောပိုင်းက ပြောကြားခဲ့သည်။

သမ္မတ ဘာရက်အိုဘားမားက အိမ်ဖြူတော်၌ ပြောကြားရာတွင် ယူကရိန်းအိမ်စောင့်

ယူကရိန်းနိုင်ငံ ဘတ်ချီကာဇိုင်းမြို့အနီး၌ ရုရှားသံချပ်ကာ စစ်သည်တင်ယာဉ်တစ်စီးပေါ်တွင် စစ်သည်များ အနားယူနေကြစဉ်။

အစိုးရကို ၎င်းတို့၏သည်းခံမှုအတွက် ချီးကျူးခဲ့သည်။

ယူကရိန်းနိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို ချိုးဖောက်မှုမှန်သမျှသည် တည်ငြိမ်မှုကြီးမားစွာ ပျက်ပြားသွားမည်ဖြစ်ပြီး ယူကရိန်းနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဥရောပနိုင်ငံများအတွက် ကောင်းကျိုးများမဟုတ်ဟု အိုဘားမားက ပြောသည်။

ယခုပြဿနာသည် ယူကရိန်းနိုင်ငံပြည်သူများကသာလျှင် ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေများနှင့် ယူကရိန်းနိုင်ငံ၏ လွတ်လပ်ခြင်း၊ အချုပ်အခြာပိုင်ဆိုင်ခြင်းနှင့် နယ်စပ်များကို လေးစားရန် ရုရှားနိုင်ငံက ၎င်း၏ကတိကဝတ်များကို ချိုးဖောက်ခြင်းမှာ ထင်ရှားကြောင်း အိုဘားမားက ပြောသည်။ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်အတူ ရပ်တည်မည်ဖြစ်ပြီး ယူကရိန်းနိုင်ငံကို စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်ခြင်းသည် ဆုံးရှုံးမှု ကြီးမားမည်ဖြစ်သည်ဟု သမ္မတက သတိပေးခဲ့သည်။

ဘီဘီစီ။

လိင်ကျေးကျွန်ကြေညာချက် ပြန်လည် သုံးသပ်မည်ဆိုက ဂျပန်ကို တောင်ကိုရီးယားသတိပေး

ဆိုးလ် မတ် ၁

ဂျပန်နိုင်ငံသည် ၎င်း၏စစ်အတွင်း၌ လိင်ကျေးကျွန်များအသုံးပြုခဲ့ခြင်းကို ဝန်ခံသည့် ကြေညာချက်အား ပြန်လည်သုံးသပ်ခဲ့လျှင် ၎င်းသည် အထီးကျန်သောနိုင်ငံတစ်နိုင်ငံဖြစ်သွားမည်ဟု တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်းဟွာက စနေနေ့တွင် သတိပေးလိုက်သည်။

အမှန်တရားနှင့် ပြန်လည်ပေါင်းစည်းခြင်းကို လက်ခံရန် ဂျပန်နိုင်ငံအား ၎င်းက တောင်းဆိုသည်။

ဂျပန်တပ်ဖွဲ့များ၏ ဆောင်ကြာမြိုင်သို့သွတ်သွင်းခြင်းခံရသည့် အမျိုးသမီးထောင်ပေါင်းများစွာမှ အသက်ရှင်ကျန်ရစ်ခဲ့သူများကို ၁၉၉၃ ခုနှစ် ဂျပန်နိုင်ငံက တောင်းပန်ခဲ့သည်။

ဖွဲ့စည်းမည်

တောင်းပန်ရခြင်း၏ အကြောင်းရင်းအချက်အလက်များကို ပြန်လည်သုံးသပ်ရန်အတွက် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း တိုကျိုက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ကိုရီးယားတွင် ၁၉၁၉ ခုနှစ်က ဂျပန်နိုင်ငံ၏ ကိုလိုနီပြုခြင်းကို ဆန့်ကျင်အုံကြွမှုပေါ်ပေါက်ခြင်း နှစ်ပတ်လည် အခမ်းအနား၌ **(ဝဲပုံ)** သမ္မတပတ်က မိန့်ခွန်းပြောကြားရာတွင် ယင်းသို့ သတိပေးခြင်းဖြစ်သည်။

အသက်ရှင်ကျန်ရစ်သူများ၏ ဖွင့်ဟဝန်ခံချက်များသည် အသက်ဝင်အမှန်တရားများဖြစ်သည်ဟု ၎င်းကပြောသည်။

ဂျပန်နိုင်ငံသည် သမိုင်းကိုလက်ခံရန်ငြင်းဆိုနေခြင်းမှ ရုန်းကန်လွတ်မြောက်၍ သမိုင်း၏ အမှန်တရားအသစ်နှင့် ပြန်လည်ညီညွတ်ခြင်းကို စတင်ဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယားသမ္မတက ပြောကြားလိုက်သည်။ **ဘီဘီစီ။**



ပါကစ္စတန်တွင်ဗုံးများပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ပက်ရှ်ဝါ မတ် ၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မတ် ၁ ရက်က ပိုလီယိုဆေးဝါးတိုက်ကျွေးရေး အလုပ်သမားများအဖွဲ့အား စောင့်ရှောက်ရန် တာဝန်ပေးအပ်ခြင်းခံထားရသော မျိုးနွယ်စုဒေသမှ ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းအား ဗုံးများထိမှန်ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခိုင်ဘာပက်ထန်ခဝါ ပြည်နယ်ရှိ မျိုးနွယ်စုဝင်များနေထိုင်ရာ ဂျမ်ရတ်ဒ်ဒေသလာရှူရာကျေးရွာတွင် ရဲတပ်ဖွဲ့ယာဉ်အား ပထမဗုံးထိမှန်ပေါက်ကွဲရာ ရဲအရာရှိခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

၁၄ ဦးဒဏ်ရာရ

ပထမဗုံးပေါက်ကွဲပြီး မိနစ်အနည်းငယ်အကြာတွင် ရဲတပ်ဖွဲ့ယာဉ်တန်းကို နောက်ထပ်လမ်းဘေးဗုံးထိမှန်ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး၍ ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။ သေနတ်သမားများက သေနတ်များဖြင့်ပစ်ခတ်မှုလည်း ပြုလုပ်သည်ဟု တာဝန်ရှိ ပုဂ္ဂိုလ်က ဖြည့်စွက်ပြောကြားသည်။

ကနဦးရရှိချက်သတင်းတွင် ဖော်ပြချက်အရဗုံးနှစ်ကြိမ်ပေါက်ကွဲခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး၍ ၂၀ ဒဏ်ရာရရှိကြောင်း၊ သို့ရာတွင် ပိုလီယို အလုပ်သမားအားလုံး ဘေးအန္တရာယ်ကင်းရှင်းကြောင်း ၎င်းကပြောကြားသည်။

အေပီ။

ထိုင်း ဆန္ဒပြသူများ ဆုတ်ခွာ

ဗန်ကောက် မတ် ၁

ထိုင်းအတိုက်အခံတို့၏ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်က ဗန်ကောက်မြို့လယ်ရှိ ၎င်းတို့၏ စခန်း၌ ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းနှင့်အညီ အစိုးရ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြသူများက လိုက်နာဆောင်ရွက်ခဲ့ကြသည်ဟု ရိုက်တာက စနေနေ့တွင် ဖော်ပြသည်။

ဗန်ကောက်မြို့ကို ပိတ်ဆို့ရန် ကြိုးစားကြခြင်းကို ဆန္ဒပြကြသူများက စွန့်လွှတ်သွားကြပြီးနောက် ဗန်ကောက်မြို့လယ်တွင် တင်းမာမှုများ လျော့ကျသွားခဲ့သည်။

သို့သော် ဤအပြုအမူသည် ထိုင်းဝန်ကြီးချုပ်မှာ ပြဿနာများ ဝန်းရံနေသည့်အတွက် ယာယီရွှေ့ဆိုင်းကြခြင်းသာ ဖြစ်မည်ဟု ယူဆရသည်။

မျှော်လင့်ချက်မြင့်တက်

အတိုက်အခံဆန္ဒပြသူများသည် ၎င်းတို့၏ အတားအဆီးများကို ဖယ်ရှား၍ အံအားသင့်ဖွယ် ဆုတ်ခွာခြင်းသည် မကြာသေးမီသီတင်းပတ်များအတွင်း ၂၃ဦးသေဆုံး၍ ရာပေါင်းများစွာ ဒဏ်ရာရရှိစေခဲ့သောလမ်းပေါ်မှ အကြမ်းဖက်မှုများ ကျဆင်းသွားတော့မည်ဟု မျှော်လင့်ချက်များ မြင့်တက်လာသည်။

ဆန္ဒပြခေါင်းဆောင် ဆူသက်သောင်ဆူဘန် **(ယာပုံ)** က သောကြာနေ့နှောင်းပိုင်း၌ ကြေညာရာတွင် သီတင်းပတ်ခုနစ်ပတ်နီးပါးကြာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီးနောက် ဗန်ကောက်မြို့၏ အရေးပါသော လမ်းဆုံများမှ ၎င်းတို့၏ အတားအဆီးများကို အစိုးရ ဆန့်ကျင်သူများက ဖယ်ရှားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယင်းသို့ လုပ်ဆောင်ချက်သည် ရှုံးနိမ့်ခြင်းကြောင့် ဆုတ်ခွာခြင်းမဟုတ်ဟု ငြင်းဆို၍ ယင်လပ်အစိုးရအဖွဲ့ကို ဖယ်ရှားရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ရိုက်တာ။**

နိုင်ငံတော်၏ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကမှ ထိရောက်ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

ရန်ကုန် မတ် ၁

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ပုဂ္ဂလိက ပညာရေးနှင့်သက်ဆိုင်သော လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကောလိပ်၊ ကျောင်းများနှင့် ကျူရှင်သင်တန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အဆင့်မြင့်မားရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကျယ်ပြန့်ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကျင်းပရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ လူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အသင်းအဖွဲ့များအနက် MSF Holland (Medicins Sans Frontieres-Holland) (AZG) အဖွဲ့၏ လုပ်ငန်းအားလုံးကို လုံးဝရပ်ဆိုင်းစေပြီး လူနာများအား ဆေးဝါးများထောက်ပံ့နေမှုများ ရပ်ဆိုင်းတော့မည်ဟု သတင်းများထွက်ပေါ် လျက်ရှိရာ ပြည်သူများအဖြစ်မှန် သိရှိစေရန် အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် MSF Holland (AZG) အဖွဲ့၏ တာဝန်ရှိသူများ ၂၈-၂-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထိုဆွေးနွေးပွဲ၏ သဘောတူညီချက်အရ MSF Holland (AZG) အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော MSF Holland (AZG) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူလူထု၏ လက်ခံမှု၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ အားပေးထောက်ခံမှုတို့ကြောင့် ပြည်သူလူထုအကျိုးအတွက် ဆက်လက်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ (MoU) ကိုလည်း နှစ်အပိုင်းအခြားအလိုက် ဆက်လက်ညှိနှိုင်း ရေးထိုးမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း အေးချမ်းတည်ငြိမ်မှုရရှိလာသည့်အခါ MSF Holland (AZG) အဖွဲ့၏ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း စွမ်းဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁

"ဟန်ချက်ညီညီ လက်တွဲမည် ကြွယ်ဝစေမှု တို့ရှေးရှု" ဟူသော ဆောင်ပုဒ် နှင့်အညီ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခြင်း မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိရွှယ်ရယ် ကုမုဒြာဟိုတယ်၌ စတင်ကျင်းပသည်။

တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခြင်း မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဘင်းမ်စတက်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ ရာထူးတာဝန်ယူထားသော မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့်(၁၆)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို မတ် ၂ ရက်တွင် ရွှိုင်ရယ် ကုမုဒြာဟိုတယ်၌ လည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတို့ကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ယနေ့ကျင်းပသောအကြိုညှိနှိုင်းအစည်းအဝေးသို့ အိမ်ရှင်မြန်မာနိုင်ငံမှ တာဝန်ရှိသူ ၁၈ ဦးနှင့်အတူ သီရိလင်္ကာနိုင်ငံမှ ကိုယ်စားလှယ်ခြောက်ဦး၊ ဘူတန်မှ သုံးဦး၊ ထိုင်းမှ ခုနစ်ဦး၊ အိန္ဒိယမှ လေးဦး၊ နီပေါမှ နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ ငါးဦး၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ လေးဦးတို့ တက်ရောက်ကြပြီးညှိနှိုင်းအစည်းအဝေးကို ညနေ ၆ တွင် ရုပ်သိမ်းခဲ့သည်။

တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုလျက် ကြိုဆိုနှုတ်ခွန်းဆက်ညစာစားပွဲကို ယနေ့ည ၇ နာရီတွင် သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာကဏ္ဍမြှင့်တင်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်မည်

နေဇာဇာထွန်း

တောင်သူဦးကြီးများအနေဖြင့် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့ကြသည့် မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကို ဘေးဖယ်ကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလိုက်ပါပြီး အထွက်နှုန်းမျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးကာ လက်တွေ့ကျကျ အကောင်အထည်ဖော်ကြရမည်ဖြစ်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအဓိက အခြေခံကာ အားထားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပေါင်းစုံစုဝေးနေထိုင်ကြသည့် သန်း ၆၀ ကျော်ပြည်သူများအနက် ၇၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးလက်နေသူများဖြစ်ကြသည်။ နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြကြောင်း မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့မှပူးပေါင်းကောက်ယူသည့် စစ်တမ်းတွင် ဖော်ပြထားရာ ယင်း ၂၆ ရာခိုင်နှုန်းအနက် ကျေးလက်နေပြည်သူများမှာ အများဆုံးပါဝင်နေပေသည်။ နိုင်ငံတော်မှ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်းပါဝင်သော ကျေးလက်နေတောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ပထမဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လူသားတိုင်း၏ဘဝရှင်သန်ရပ်တည်ရေးများဖြစ်သည့် စားရေး၊ နေရေး၊ ဝတ်ရေးအခြေခံလိုအပ်ချက်များအနက်မှ နေ့စဉ်နှင့်အမျှ မရှိမဖြစ်လိုအပ်ချက်မှာ ဝမ်းရေးကိစ္စပင်ဖြစ်ပါသည်။ နေ့စဉ်တိုးပွားနေသည့် လူဦးရေအတွက် စားရေရိက္ခာပြည့်စုံလုံလောက်ရေးမှာ အဓိကအရေးပါသည့် အချက်ပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် နေထိုင်သည့် လက်ရှိလူဦးရေမှာ သန်း ၇၀၀၀ ကျော်ရှိရာမှ ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း ၉၀၀၀ ကျော်ရှိလာမည်ဖြစ်ကြောင်းတွက်ချက်ထားရာ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရုံမျှမက နောင်တိုးတက်လာမည့်လူဦးရေအတွက်ပါ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားကာ နိုင်ငံတကာဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြသည်။

'ရွှေကိုမလို ရေကိုသာလိုသည်' ဆိုသည့် တောင်သူများ၏ဆန္ဒနှင့်အညီ သဘာဝမိုးရေကိုသာအားထား၍ စိုက်ပျိုးကြရသည့် တောင်သူများအား တစ်သီးစိုက်စနစ်မှ ရာသီမရွေးစိုက်ပျိုးနိုင်ရန် ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများကို တည်ဆောက်ကာနိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများသို့ ရေသောက်စနစ်များဖြန့်ဝေပေးခဲ့သည်။ ဆည်ရေမသောက်ရသော လယ်ယာကွက်များသို့ စက်ရေတွင်းများတူးဖော်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းများကြောင့် တစ်သီးစားမှနှစ်သီး၊ သုံးသီး၊ သီးထပ်သီးညှပ်များကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝများလည်းတိုးတက်မြင့်မားလာမည်ဖြစ်သည်။ တောင်သူများစိုက်ပျိုးသည့်သီးနှံများအရည်အသွေးနှင့်အဆင့်အတန်းမြင့်မားကာ အထွက်နှုန်းပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းကာ တောင်သူပညာပေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံ၏အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးအပါအဝင် အခြားသီးနှံများအလိုက် အထွက်နှုန်းတိုးတက်မြင့်မားရေးနှင့် ပြည်ပဈေးကွက်ဝင် အရည်အသွေးမီ စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးပဲအမျိုးမျိုး၊ စပ်မျိုးသစ်သီးဝလံမျိုးစေ့များကို သုံးစွဲနိုင်ရေးအတွက် စမ်းသပ်၊ စိုက်ပျိုး၊ ထုတ်လုပ်ဖြန့်ဖြူးပေးနေသည်မှာ အနာဂတ်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံကောင်းများပင်ဖြစ်သည်။ ယင်းကဲ့သို့အချိန်အခါကောင်းတွင် တောင်သူဦးကြီးများအနေဖြင့် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့ကြသည့် မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကို ဘေးဖယ်ကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလိုက်ပါပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးကာ လက်တွေ့ကျကျ အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ တောင်သူလယ်သမား များ စိုက်ပျိုးချိန်မှန်ကန်ပြီး အဆင်ပြေပြေစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများလက်ဝယ်သို့ အရောက်ပေးပို့လျက် ရှိသည့် အပြင် လယ်ယာသုံးစက် ပစ္စည်းကိရိယာများကိုလည်း အရစ်ကျစနစ် ဖြင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ယခုကဲ့သို့ သမဝါယမစနစ်ဖြင့် တောင်သူလယ်သမားများအတွက် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဆန်စက်၊ အင်ဂျင်အမျိုးမျိုး၊ ထော်လာဂျီစသည့် လယ်ယာသုံးစက်ပစ္စည်း၊ ခေတ်မီစိုက်နည်းစနစ်များနှင့်စိုက်ပျိုးစရိတ်ချေးငွေများပါ ပံ့ပိုးပေးနေသည့်အတွက် တောင်သူများဘက်မှ ရှေးရိုးစွဲ စိုက်ပျိုးနည်းစနစ်ဖြစ်သည့်လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် လယ်ယာထွက်ကုန်များမှာ အရည်အသွေးပြည့်မီပြီး ပြည်တွင်းစားသုံးရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည့်ဖြစ်သည်။ ပြည်တွင်းမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသာမက ပြည်ပနိုင်ငံများကပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကာ ငွေကြေးနည်းပညာအထောက်အပံ့များကူညီလာသည်မှာ အနာဂတ်မျှော်လင့်ချက်များပင်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှလည်း မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာမည်ဖြစ်သည့်အပြင် ကမ္ဘာ့ဘဏ်မှအဖွဲ့အစည်းများသည် ဇန်နဝါရီ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်နေဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ လယ်ယာစိုက်ပျိုးရေးအခန်းကဏ္ဍ မြင့်မားရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်ကလည်း ဂျာမနီနိုင်ငံသမ္မတ၊ ဇနီးနှင့်အဖွဲ့တို့သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာသို့ သွားရောက်၍ ဂျာမနီအစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် လုပ်ဆောင်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေမှုကို ကြည့်ရှုခဲ့သည်။

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ် (၈)ရပ်ချမှတ်ကာ ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများက အားလုံးဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးနေချိန်တွင် တောင်သူလယ်သမားများအပိုင်းကလည်း စိုက်ပျိုးစွမ်းအားမြင့်မား တိုးတက်စေရန်အားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။ တစ်ချိန်က မြန်မာနိုင်ငံ၏စိုက်ပျိုးစွမ်းအားသည် အာရှတွင် ထိပ်တန်းနေရာမှ ရပ်တည်ခဲ့သည်ကို မှတ်သားစံနမူနာယူကြရမည်ဖြစ်သည်။ သဘာဝရေမြေ၊သယံဇာတများ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် သင့်တင့်ကောင်းမွန်သော ရာသီဥတုကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တကယ်လုပ်လျှင် တကယ်ဖြစ်သည့် သာဓကများရှိခဲ့သဖြင့် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများကို ရယူပြီး စိုက်ပျိုးစွမ်းအားသီးနှံများအထွက်တိုးတက်စေရေးကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။မိမိတို့၏ လယ်ယာမြေများကို ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် ပြင်းပြသည့်ဆန္ဒ၊ ထက်သန်သည့် စိတ် ဓာတ်၊ နိုးကြားသည့် ဝီရိယ၊ထက်မြက်သည့် နည်းပညာများဖြင့် လုပ်ကိုင်ခြင်းဖြင့်မြေကြီးက ရွှေသီးသည့်နိုင်ငံကြီးအဖြစ်သို့ ကူးပြောင်းနိုင်မည်ဖြစ်ပါသည်။

မိရိုးဖလာ လက်မှုလယ်ယာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ်ဧကကွက်၊ ဟက်တာကွက်များအဖြစ်သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ ဆောင်ရွက်နေသကဲ့သို့ ကျန်ရှိနေသေးသည့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများမှ လယ်ယာမြေစိုက်ခင်းများကိုလည်း တိုးချဲ့လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ဧကအလိုက်ချေးပေးရုံမျှမက လယ်ယာမြေမပိုင်ဆိုင်သေ းသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများချေးပေးခြင်းဖြင့် လယ်ယာလုပ်ကွက်များလည်း တိုးတက်ရရှိလာမည်ဖြစ်သည်။ ယနေ့ ၂၁ ရာစုတွင် လူဦးရေတိုးပွားများပြားလာရုံမျှမက နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးလာမှုနှင့်အတူ စက်ရုံ၊ အလုပ်ရုံများ၊ အိမ်ရာတိုက်ခန်းများ၊ နိုင်ငံတကာနှင့်ယှဉ်နိုင်ရန် ခေတ်မီကစားကွင်းများ၊ အပန်းဖြေနေရာများ တိုးချဲ့တည်ဆောက်လာရာ လယ်ယာမြေများ လျော့နည်းလာသည်ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ မိမိတို့ နေထိုင်ရာကမ္ဘာကြီးကို ချဲ့ထွင်၍ မရနိုင်သလို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းတွင် ယခုကဲ့သို့သော ပြဿနာမျိုးကို ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေများ အနည်းနှင့်အများ လျော့နည်းလာမှုမှ သက်သာစေပြီး ကုန်ထုတ်စွမ်းအားများ မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် အားလုံးဝိုင်းဝန်းအဖြေရှာကြရမည်ဖြစ်သည်။ တစ်ဧကချင်းအလိုက် စိုက်ဧကတိုးတက်စေရန် ဆောင်ရွက်ပြီး တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ်စေရန် နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေများအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ပနိုင်ငံများမှ ရယူထားသည့် ချေးငွေများမှ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသုံးပြုမည့်ချေးငွေများကိုလည်း အမှန်တကယ် အကျိုးရှိရှိ အသုံးပြုခြင်းဖြင့် တစ်ချိန်က ရောက်ရှိခဲ့သည့် စိုက်ပျိုးစွမ်းအားမြင့်မားသည့် အာရှထိပ်တန်း တစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ အိမ်နီးချင်းစိုက်ပျိုးရေးနိုင်ငံများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန်မှာ စိတ်ဓာတ်ပိုင်းပြုပြင်ပြောင်းလဲမှု၊ မြေယာပိုင်းပြုပြင်ပြောင်းလဲမှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲမှု၊ အထွက်တိုးမျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးမှုတို့ကို လက်တွေ့ကျကျ လုပ်ဆောင်နိုင်မှသာလျှင် စိုက်ပျိုးသီးနှံတိုးတက်ထုတ်လုပ်နိုင်သော ထိပ်တန်းနိုင်ငံအဖြစ်သို့ ပြန်လည်ဦးမော့လာနိုင်မည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍများကို အဓိကဦးစားပေးလုပ်ငန်းရပ်အဖြစ် တစိုက်မတ်မတ် ဆောင်ရွက်လာခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝများ မြင့်မားတိုးတက်လာသလို တစ်ဖက်ကလည်း နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသော ဆင်းရဲနွမ်းပါးမှုကြီးကိုလျှော့ချရာရောက်မည်ဖြစ်ပါသည်။

မိမိတို့မျှော်မှန်းတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အရှိန်အဟုန်ဖြင့် ချီတက်ရင်း ဘိုးဘွားပိုင်အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ကာ မြေကြီးကရွှေသီးစေမည့် အနာဂတ်ရွှေရောင်အိပ်မက်များဆီသို့ တောင်သူလယ်သမားများ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ နိုင်ငံသားအားလုံး ပါဝင်ချီတက်ကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ ချီတက်နိုင်ရန် အမျိုးသားရေး၊ ကာယ၊ ဉာဏ ကိုယ်ခံစွမ်းအား ရေရှည် တောင့်တင်းခိုင်မာသန်စွမ်းနေရန် လိုအပ်သည့်အတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေးလုပ်ဆောင်သွားကြရန် တိုက်တွန်းရင်း ဝမ်းရေးအတွက် ဖြည့်တင်းပေးနေသည့် တောင်သူလယ်သမားကြီးများအား အစဉ်အလေးအမြတ်ထား ဂုဏ်ပြုအပ်ပါသည်။ ။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မိုင်းလားအထူးဒေသ(၄)အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ တင်ပြချက်အရ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် မိုင်းလားအထူးဒေသ(၄) ဒုတိယဥက္ကဋ္ဌ ဦးဆမ်လူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း "ဝ"အထူးဒေသ(၂)အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ တင်ပြချက်အရ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် "ဝ" အထူးဒေသ(၂) အထွေထွေအတွင်းရေးမှူး ဦးပေါက်ယူရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ချင်းပြည်နယ်အတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မတ် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ဗေသလဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတက်ရောက်ပြီး ယနေ့အခမ်းအနားတွင် ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် ကျပ်သိန်း ၁၀၀၀ နှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ၇၀၁ ဒသမ ၃၃ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၁၇၀၁ ဒသမ ၃၃ သိန်း ထောက်ပံ့ပေးခြင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ဟားခါးခရိုင်၊ မင်းတပ်ခရိုင်နှင့် ဖလမ်းခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်အတွင်း သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ဆန်ရိက္ခာဖိုးငွေ သိန်း ၅၅၀၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်မားရေးအတွက် လူကုန်ကူးမှုတားဆီးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ဟားခါးမြို့နယ်တွင် အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် သိန်း ၃၀၀ နှင့် သွပ်အချပ် ၅၀၊ ကန်ပက်လက်မြို့နယ်၌ ဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ရန် မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၁၅၀ တို့ အပါအဝင် ဟားခါးမြို့နယ် ဗေသလဘိုးဘွားရိပ်သာ၊ မင်းတပ်မြို့နယ် မေတ္တာစမ်းရေ ဘိုးဘွားရိပ်သာ၊ ဟားခါးမြို့နယ် အတွင်းရှိကျုံးကျုံး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မြို့မလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဖလမ်းမြို့နယ် အတွင်းရှိ တောင်တန်းသာသနာပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဗားလုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ နာဇရက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့သို့ ထောက်ပံ့ငွေများကို လည်းကောင်း၊ တာဝန်ရှိသူများက ဖလမ်းမြို့နယ် အဂပ္ပါယ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ထန်တလန်မြို့နယ်အတွင်းရှိ ထန်တလန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဟရီးဖီး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ နိုမန်းပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ တီးတိန်မြို့နယ် ဗေသေသဒ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မင်းတပ်မြို့နယ်အတွင်းရှိ အရှေ့ပြင် ရပ်ကွက်(သိပ္ပံ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဝကောက်လူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဝမ္မသူး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မင်းတပ်မြို့နယ် ခြုံကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ကန်ပက်လက်မြို့နယ်အတွင်းရှိ ခေါနုသုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပလက်ဝမြို့နယ် ပလက်ဝ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မတူပီမြို့နယ် ခိုဘွေရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဟားခါးခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၁၁ ကျောင်း၊ ဖလမ်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၁၅ ကျောင်း၊ မင်းတပ်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း လေးကျောင်း အတွက် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ကယ်ဆယ်ရေးဂိုဒေါင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံး၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် မူကြိုကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် မတ် ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၃၀၂) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)ဆု

တ-၆၅၆၉၉၈

ကျပ်သိန်း (၁၀၀၀)ဆု

ဠ-၃၅၂၂၅၀

ကျပ်သိန်း (၅၀၀)ဆု

ဖ-၈၆၁၅၅၈

ကျပ်သိန်း (၃၀၀)ဆုများ

ဖ-၉၁၉၁၈၄
ဍ-၇၆၉၉၈၅
ခ-၁၃၂၂၉၉

ကျပ်သိန်း (၂၀၀)ဆုများ

က-၂၅၁၇၁၆	ဝ-၉၅၆၀၅၂
ခ-၃၇၇၉၈၉	ရ-၂၃၈၃၄၁
ဏ-၅၆၂၇၅၆	ဈ-၂၈၉၁၇၈
ဖ-၅၆၈၅၁၅	

ကျပ်သိန်း (၁၀၀)
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဝ-၅၈၄၉၅၂	ခ-၄၃၆၂၁၉
ဆ-၈၀၄၉၆၅	ခ-၁၆၃၆၇၅
ဋ-၉၃၀၂၇၁	ဃ-၅၄၉၁၈၈
မ-၈၇၈၁၂၅	ကဂ-၁၆၆၈၃၁
ခ-၁၈၄၁၀၂	မ-၂၅၇၇၉၁
ဒ-၁၉၀၆၀၁	လ-၄၁၉၆၁၆
မ-၅၀၉၉၄၆	ဘ-၃၈၃၀၇၃
ဏ-၈၃၈၈၈၃	စ-၃၃၁၀၆၉

(၃-၃-၂၀၁၄)ရက်နေ့တွင် ကြေးမုံသတင်းစာ၌ ထီပေါက်စဉ်အပြည့်အစုံ ပါရှိပါမည်။

TODAY TOP STAR CO.LTD. TODAY YOUNGSTAR CO.LTD.
Today Top Star Co.,Ltd (TTS)
2014 February
(က) Engineer (ခ) Marketing (ဂ) Sales (ဃ) Accountant (င) Driver

❖နိုင်ငံတော်သမ္မတမှ

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး၏ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး၏ပြခန်း၊ မန္တလေးတိုင်းဒေသကြီး၏ပြခန်း၊ ရှမ်းပြည်နယ်၏ပြခန်း၊ ပဲခူးတိုင်းဒေသကြီး၏ပြခန်း၊ နေပြည်တော်ကောင်စီနယ်မြေ၏ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ပြခန်း၊ မကွေးတိုင်းဒေသကြီး၏ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး၏ပြခန်း၊ ရခိုင်ပြည်နယ်၏ ပြခန်း၊ မွန်ပြည်နယ်၏ပြခန်း၊ ချင်းပြည်နယ်၏ပြခန်း၊ ကရင်ပြည်နယ်၏ပြခန်း၊ ကယားပြည်နယ်၏ ပြခန်း၊ ကချင်ပြည်နယ်၏ပြခန်းများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဒေသအလိုက် ရာသီဥတုအခြေအနေနှင့် ကိုက်ညီဖြစ်ထွန်းသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရန် အဆင့်မီမီဖြင့် စီးပွားဖြစ်စိုက်ပျိုးပြီး (Wholesale Market) များထူထောင်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ စက်စက်ယိုဆည်ရေသောက်စနစ် တောင်သူပညာပေးစိုက်ကွင်းမှ လက်ရှိစိုက်ပျိုးဖြစ်ထွန်းနေသည့် သင်္ဘော၊ နာနတ်၊ ပိန္နဲ၊ ပိန်းဥ၊ ကန်စွန်းဥ၊ သခွားမွှေး၊ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်ပွ၊ အုန်းသီး၊ ငှက်ပျောသီး၊ မာလကာသီး၊ ဖရဲအမျိုးမျိုး၊ ဂေါ်ရခါးသီး၊ ကွဲကော၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပြောင်းဖူး၊ မုန်ညင်း၊ မုန်လာ၊ ဆလတ်၊ ကိုက်လန်၊ ကညွတ်၊ မုန်လာဥ စသည့် သီးနှံအမယ်စုံကို အသေးစိတ် လိုက်လံစစ်ဆေးအားပေးသည်။

ယင်းနောက် New Ayar ကုမ္ပဏီ၏ ခေတ်မီ Net House စနစ်ဖြင့် ဟင်းသီးဟင်းရွက် ၂၄ မျိုးကို စိုက်ပျိုးထားသော ခေတ်မီစိုက်ခင်းသို့ ရောက်ရှိကြပြီး အလွန်လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သရုပ်ပြဆောင်ရွက်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးပြခန်းများ၊ အသားတိုး နွားပြခန်း၊ နို့စားနွားမွေးမြူရေးပြခန်း၊ မြန်မာ့ခိုင်းနွားပြခန်း၊ ဒေသမျိုးရင်းကြက်မွေးမြူရေးပြခန်းနှင့် နွားအလှ လှည်းယဉ်များဖြင့် မောင်းနှင်ပြသမှုများကို ကြည့်ရှုအားပေးခဲ့သည်။

နိုင်ငံတော်သမ္မတသည် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်ရွက်ထားရှိသောပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်မှာကြားရာ၌ နိုင်ငံနှင့် အဝှမ်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ရာသီဥတုရေမြေသဘာဝနှင့် ကိုက်ညီကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မှုရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဈေးကွက်ယှဉ်ပြိုင်နိုင်မည့် ဒေသအလိုက် စိုက်ပျိုးနိုင်ရေးအတွက် ထုတ်ကုန်များကို ရွေးချယ်ပြီး တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ် စိုက်ကွင်းများ ထူထောင် အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားဖြစ် တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းများတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံစွာ စနစ်တကျ အဆင့်မြင့်ထုပ်ပိုးခြင်းအပါအဝင် တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်၍ ဈေးကွက်ရှာဖွေအကောင်အထည်ဖော်ရန်နှင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သည့် အသင်းအဖွဲ့များအနေဖြင့် ထိုက်တန်သော ဈေးနှုန်းကောင်းရရှိနိုင်ရေးအတွက် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချသည့်စနစ်ဖြင့် ရောင်းချနိုင်ရေး (Wholesale Market) များကို သမဝါယမကဏ္ဍ၊ ပုဂ္ဂလိကအခန်းကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်ကြပြီး အလျင်အမြန်ထူထောင် အကောင်အထည်ဖော်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းပြည်ကချစ်တဲ့ တို့လယ်သမား

* ကမ္ဘာ့အလယ်မှာ၊ အလှထည်ဝါ
မြန်မာ့လယ်ယာတစ်ခေတ်ဆန်း
ငြိမ်းချမ်းတဲ့တို့မြေ
ရွှေသီးတဲ့မြေကြီးကို တန်ဖိုးထား၊
လယ်သမားနိုင်ငံ

* နွားနှင့်အတူရုန်း၊ ထွန်းတုံးကိုဆွဲ
ကျွဲနှင့်အတူယှဉ်၊ တံစဉ်ကိုင်သောလက်
ခရီးမသွက်၊ ဟိုယခင်ကလက်မှုလယ်ယာ

* မဲပြာပုဆိုး၊ လေကြီးထိုးရိုးရိုးဖြင့်မရ
စက်ကွန်နှင့်အမျှ၊ ကမ္ဘာကြီးသည်တိုးတက်
ဈေးကွက်စီးပွားရေး၊ ဦးစားပေးလေ့လာ
စက်မှုလယ်ယာသို့ကူးပြောင်း
ဆည်မြောင်းတမံ၊ တစ်ဖန်တိုးချဲ့
မျိုးကောင်းမျိုးသန့်၊ မျိုးညှပ်တွေဖယ်
ဆည်မှရေသွယ်၊ မြစ်မှရေတင်
ရာသီခွင်ကြည့်ရန်မလို
ဘယ်လိုစိုက်စိုက်၊ ထွက်လိုက်တဲ့စပါး
အခင်းထဲဆင်ဝင်သွားတောင်တွေဖို့ခက်
အိပ်မက်များလားထင်ရ၊ ဝင်ငွေကနစ်ဆ
သိပ္ပံနည်းကျ ဓာတ်မြေဩဇာသုံးမှ တစ်ကေတင်းရာကျော်
နိုင်ငံတော်ကချီးမြှင့်၊ စိုက်စရိတ်ချေးငွေကလည်းအသင့်
ပြည်တွင်းသာမက၊ ပြည်ပထိပို့ပြန်
နိုင်ငံတော်ဝင်ငွေတိုး၊ ရွှေမိုးရွာသလိုပ

* ခုတော့အဆင့်မြင့်တို့လယ်သမားဘဝ
တဲကုပ်မှတိုက်အိမ်၊ မီးတထိန်ထိန်ဆိုလာပြားတွေနဲ့
တီဗွီကာရာအိုကေဆိုကြသလားမမေးနဲ့
အတွေးနယ်ချဲ့အကြွားပို
ရွာသားတွေကလည်း ဟန်းဖုန်းကိုယ်စီနဲ့ဆိုပါကလား
ရွာမဒီတွေကလည်း တစ်မျိုးယဉ်
ဆိုင်ကယ်ကိုယ်စီနင်သလေ့၊

* ယခင်နှင့်မတူ၊ စီးပွားတံခွန်ထူလေပြီ
အလှူပြောဆိုလှူင်ရေ့ကျ၊ ဒါနဖြင့်ထင်ရှား
တိုင်းပြည်ကချစ်တဲ့တို့လယ်သမား . . . ။ ။

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို Mobile Money အသုံးပြုမှု ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ပေးမည်

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ၌ မတ် ၁ရက်တွင် ကျင်းပသည့် ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ပြည်ပနိုင်ငံများသို့ တရားဝင် အလုပ်သမားများစေလွှတ်နေသော Today Top Star ကုမ္ပဏီနှင့် Myanmar Mobile Money လုပ်ငန်းတို့က ပြည်ပရောက်မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများကို Mobile Money စနစ်အသုံးပြုပေးပို့နိုင်ရန်အတွက် Today Top Star Co., Ltd. မှ စီနီယာမန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဝါဝါစိန်နှင့် Myanmar Mobile Money လုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် ဦးကျော်စွာဦးတို့က လုပ်ငန်းစတင်ဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးကြသည်။

အဆိုပါသဘောတူလက်မှတ်ရေးထိုးပွဲသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများကို တိုင်းဒေသကြီး/ပြည်နယ်ရှိမိသားစုများထံသို့ ရောက်ရှိရေးအတွက် T.T.Sနှင့် MMM တို့မှ Mobile Money အသုံးပြုမှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးမည်ဖြစ်သည်။

Myanmar Mobile Money ကိုအသုံးပြုခြင်းဖြင့် ဈေးနှုန်းသက်သာခြင်း၊ လုံခြုံစိတ်ချရခြင်း၊ မြန်ဆန်မှုရှိခြင်းစသည့် အားသာချက်များကို လုပ်သားထုများ ပိုမိုသိရှိနားလည်အောင် ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများအား မသမာသူများက တရားမဝင်ငွေလွှဲပို့နေမှုများကို T.T.S နှင့် MMM တို့ကလျော့နည်းသွားအောင် Mobile Money ၏ အားသာချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်းသို့ တရားဝင်ငွေလွှဲပေးပို့ခြင်းသည် နိုင်ငံတော်၏ GDP အတွက် အထောက်အပံ့ဖြစ်စေကြောင်းကို လုပ်သားများ ပိုမိုသိရှိစေရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Today Top Star Co., Ltd. နှင့် Myanmar Mobile Money Service တို့၏ ပူးပေါင်းအကောင်အထည်ဖော်မှုဖြင့် ပထမဦးဆုံးပေါ်ထွက်လာသော ဤလုပ်ငန်းသည် ပြည်တွင်းသို့ Inward Remittance ပုံစံသစ်ဖြစ်ပြီး လုံခြုံစိတ်ချရမှုအရှိဆုံးနှင့် အသုံးပြုသူတိုင်းအတွက် စိတ်ချမ်းသာမှု အပြည့်အဝ ပေးနိုင်ပါကြောင်း အမှုဆောင်အရာရှိချုပ် ဦးကျော်စွာဦးက ရှင်းပြခဲ့သည်။

အလားတူ Today Top Star Co., Ltd. နှင့် Myanmar Payment Solution Services Co., Ltd. (MPSS) တို့သည်လည်း လုပ်သားများ၏ မိသားစုလွှဲပို့ငွေကို Mobile Money ဖြင့် စတင်ဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

သဲကုန်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်

သဲကုန်း မတ် ၁

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရန် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၈ ရက်က သဲကုန်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်၊ အပေါ့စား မီးသတ်စက်နှင့် မီးသတ်ဆေးဘူးတို့ဖြင့် မီးငြိမ်းသတ်ခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဆေးတက္ကသိုလ်(၁) ရန်ကုန် အကြိမ် (၅၀) မြောက် ရွှေရတုဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁

"လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး"နှင့် "လူတိုင်း ရောဂါဘယကင်းရှင်းရေး"အတွက် ပြည်သူများ၏မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာရေး၊ တစ်မျိုးသားလုံးက ရည်မှန်းပူးပေါင်းဆောင်ရွက်သွားကြရေး. . . ဟူသော ရည်ရွယ်ချက်ဖြင့် သင်ကြားပို့ချခဲ့သည့် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ အကြိမ်(၅၀)မြောက် ရွှေရတုဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပညာရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ်နှင့်အဖွဲ့ဝင်များဖြစ်ကြသော ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘွဲ့ယူမည့် ကျောင်းသားကျောင်းသူများ၏ မိဘဆွေမျိုးများနှင့် ဘွဲ့ယူကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ပညာရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ်ဒေါက်တာဦးသက်ခိုင်ဝင်းက "မောင်တို့မယ်တို့ဟာ မိမိတို့ဆည်းပူးရရှိခဲ့တဲ့ အသိပညာ၊ အတတ်ပညာများကို လက်တွေ့ဘဝမှာ ထိထိရောက်ရောက်အသုံးချပြီး အရည်အသွေးပြည့်စုံတဲ့ ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြပါ၊ စေတနာ၊ မေတ္တာ၊ ကရုဏာအရင်းခံပြီး မွန်မြတ်တဲ့ဆရာဝန်ဘဝကို တည်ဆောက်ကြပါ၊ မိမိကိုပြုစုပျိုးထောင်ပေးခဲ့တဲ့ အမိ၊ အဘ၊ ဆရာသမားများ၊ အမိဆေးတက္ကသိုလ်နှင့် နိုင်ငံတော်ရဲ့ကျေးဇူးတရားကို သိရှိနားလည်ပြီး ပြည်သူကိုအလုပ်အကျွေးပြုတဲ့ ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြပါ"ဟု ဘွဲ့အပ်နှင်းမိန့်ခွန်း ပြောကြားပြီး ဆေးပညာဘွဲ့ (M.B.B.S) ဘွဲ့ရ ၄၉၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာ Dip Med. Sc ၄၄ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ (M.Med.Sc) ၈၅ ဦး၊ ပါရဂူဘွဲ့ (Ph.D) ငါးဦးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr. Med. Sc) ၁၇ ဦးတို့အား သက်ဆိုင်ရာဘွဲ့များ အပ်နှင်းချီးမြှင့်သည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန်က ယခုချီးမြှင့်သည့်ဘွဲ့များအပါအဝင် ဆေးပညာဘွဲ့ ၁၆၇၂၉ ဦးနှင့် ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာဘွဲ့ရ ဆေးပညာရှင် ၄၃၉၈ ဦးတို့ကို မွေးထုတ်ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❖ နိုင်ငံတော်မှ

မိမိအနေဖြင့် ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ညနေခင်းတွင် တိုင်းရင်းသားညီအစ်ကိုအပေါင်းနှင့် တွေ့ဆုံခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံတော်တွင် နှစ်ပေါင်း ၃၀ ကျော်ကြာ မဆောင်ရွက်နိုင်ခဲ့သော ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကြီးကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြိုင်တည်း ကောက်ယူသွားတော့မည် ဖြစ်၍ ယနေ့မှစပြီး ရေတွက်ကြည့်လျှင် မြေပြင်ကွင်းဆင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို စတင်နိုင်ရန် ရက် ၃၀ သာ လိုတော့သည့် ကာလဖြစ်ပါကြောင်း။

ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် အလွန်ရှုပ်ထွေးနက်နဲပြီး လူတစ်ဦးချင်းစီနှင့် သက်ဆိုင်သောကြောင့် လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်း များလွန်းခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် (၁၀)နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူမှုရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၈၃ ခုနှစ်က ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည်မှာ နှစ်ပေါင်း(၃၀) ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ အမှန်တကယ်ရရှိရန် လိုအပ်နေသောကြောင့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရန် ရည်ရွယ်ဆုံးဖြတ်ပြီး ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့သကဲ့သို့ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေး ဆောင်ရွက်ပေးနိုင်ရန် ပြည်သူ့ဆန္ဒကလည်း ထင်ဟပ်ပေါ်ထွက်လာသဖြင့် ဤလုပ်ငန်းစဉ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆောင်ရွက်တော့မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကို ၂၀၁၁ မေလတွင် စတင်စီမံပြင်ဆင်ခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ပြီးနောက် နှစ်လအတွင်း ယင်းလုပ်ငန်းစဉ်ကို အစပျိုးခဲ့ခြင်းဟု ပြောရမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်ကို ကြိုတင်ပြင်ဆင်ခြင်း၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း၊ စာရင်းဇယားများ တွက်ချက်ခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းဆိုသည့် အပိုင်းလေးပိုင်းခွဲခြားဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် နီးကပ်စွာပူးပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လွန်ခဲ့သော သုံးနှစ်နီးပါးလောက်မှစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းစဉ်သည် နှောင့်နှေးရပ်တန့်နေရမည့်လုပ်ငန်းစဉ်မျိုး မဟုတ်ဘဲ ပြီးဆုံးအောင်မြင်ရမည့်လုပ်ငန်းစဉ်မျိုးသာ ဖြစ်ပါကြောင်း။

ဤသန်းခေါင်စာရင်း လုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် လူ့အခွင့်အရေးပေါ်အခြေခံပြီး လူဦးရေနှင့် ဖွဲ့စည်းမှုကို ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ဤသန်းခေါင်စာရင်းမှ နိုင်ငံ၏တည်ရှိမှု၊ လူမျိုးစုများဖွဲ့စည်းပါဝင်မှု အင်အားနှင့်အမျိုးသားပေါင်းစည်းမှုများကို မှန်ကန်သော ကိန်းဂဏန်းပေါ် အခြေတည်ပြီး ကမ္ဘာကိုထုတ်ဖော်ပြသနိုင်မည်ဖြစ်ခြင်းကြောင့် နိုင်ငံ၏ပုံရိပ်သည်လည်း ကမ္ဘာ့အလယ်တွင် ပိုမိုဝင့်ထည်ဂုဏ်ရောင် ထွန်းပြောင်လာလိမ့်မည်ဟု ပြောရမည်ဖြစ်ပါကြောင်း။

ဤလုပ်ငန်းကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနှင့်ဆောင်ရွက်၍ရနိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတစ်ဝန်းတိုင်းရင်းသားညီအစ်ကိုအားလုံးနှင့် ညီညွတ်သောအားဖြင့် အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကိုပြသရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအားဖြင့် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူပေးနိုင်သည့် အခွင့်အခါကောင်းတစ်ရပ်ဖြစ်သည်ဟုလည်း ပြောကြားလိုပါကြောင်း၊ သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေစုစုပေါင်း အရေအတွက်လောက်ကိုသာ ဖော်ထုတ်ရရှိနိုင်ခြင်းမဟုတ်ဘဲ နိုင်ငံ့လူဦးရေ၊ နိုင်ငံတည်ရှိမှုနှင့် မျိုးနွယ်စုများပါဝင်ဖွဲ့စည်းမှုတို့ကိုပါ ဖော်ညွှန်းနိုင်သည့်အတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ဟုဆိုနိုင်ပါကြောင်း၊ ဤလုပ်ငန်းစဉ်မှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကြောင်း တိတိကျကျပိုမိုသိရှိလေလေ၊ နိုင်ငံ၏အမျိုးသား အကျိုးစီးပွားကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်စွမ်း ရှိလေလေပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ တစ်မူထူးခြားသော ရေမြေတောတောင်သဘာဝအလှများ၊ သဘာဝသယံဇာတများနှင့် ပေါကြွယ်၊ ပြည့်စုံ၊ တင့်တယ်နေသကဲ့သို့ မတူကွဲပြားခြားနားသော လူမျိုးနွယ်စုများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘာသာစကားနှင့် ညီညွတ်စွာပေါင်းစပ်စုစည်းထားသော ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသူနိုင်ငံသားများ၏ ပြည်ထောင်စုဝိညာဉ်အစဉ်ရှင်သန်ခိုင်မြဲနေစေရန် မိမိတို့နိုင်ငံတော်အကြောင်းကို ပိုမိုသိရှိရန်လိုအပ်သကဲ့သို့ မတူကွဲပြားခြားနားနေမှုများကိုလည်း အလေးထားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေဘယ်လောက်ရှိသလဲ၊ ဘယ်သူတွေနဲ့ဖွဲ့စည်းထားသလဲ၊ အသက်အရွယ်၊ ပညာ အရည်အချင်းတွေအလိုက် ဘယ်လိုပျံ့နှံ့နေထိုင်ကြသလဲ၊ လူ့စွမ်းအားအရင်းအမြစ်တွေဘယ်လောက်ရှိသလဲ၊ ဘယ်လိုဝန်ဆောင်မှုတွေလိုအပ်နေသလဲ၊ လုပ်သားအင်အားတွေဘယ်လောက်ရှိသလဲ၊ အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍနှင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့် အချက်တွေက ဘာလဲ၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဘယ်နေရာမှာ ဘယ်လိုပုံသဏ္ဌာန်မျိုးနဲ့ ဖန်တီးပေးရမလဲ စသည်တို့အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအချက်အလက်ပေါင်းများစွာကို သန်းခေါင်စာရင်းမှ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမှရသော ကိန်းဂဏန်းများသည် မိမိတို့အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်းအမွေပေးရမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များဟုလည်းဆိုရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကို မှန်ကန်စွာဖော်ထုတ်နိုင်ရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အခြေခံလိုအပ်သောမေးခွန်းများ မေးမြန်းသွားမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် အရေးကြီးဆုံးက မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေဆိုခြင်းဖြင့် မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ မိမိနိုင်ငံတော်အတွက် အနည်းဆုံး ၁၀ နှစ်စာ ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့် မွန်မြတ်သော လုပ်ငန်းစဉ်တစ်ရပ်ဟုလည်း ပြောလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်၊ ပြည်သူများ၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ပံ့ဖော်ပေးနိုင်ရန် ယခုဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးတွင် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် ထပ်လောင်းအသိပေးလိုပါကြောင်း။

ကမ္ဘာပေါ်တွင် မည်သည့်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာ ရှိနေတတ်သော်လည်းပဲ ယနေ့ကမ္ဘာမှာ လူမျိုး/ ဘာသာ၊ အသက်အရွယ်၊ ကျား/မမရွေး အားလုံးပါဝင်ခွင့်ရှိသော တစ်ခုတည်းသောလုပ်ငန်းစဉ်သည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ဝယ်ရရှိမည်ဖြစ်သော ထိုအခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရန်အတွက် သန်းခေါင်စာရင်းတွင် လူတိုင်းအကောက်ခံရန် လိုအပ်ပါကြောင်း၊ လူတိုင်းပါဝင်ရန် လိုပါကြောင်း၊ အိမ်ထောင်စုတိုင်း အဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်များက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမည့် မေးခွန်းတိုင်းအပေါ် သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာဖြင့် နောင်အနာဂတ်မျိုးဆက်သစ်များ အကျိုးအတွက် အမှန်အတိုင်းဖြေကြားကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ပြဋ္ဌာန်းခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေမှာလည်း ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များလုံခြုံမှုကို အကာအကွယ်ပေးထားပြီးဖြစ်ကြောင်းလည်း အသိပေးပြောကြားလိုပါကြောင်း။

၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် အခြေခံပြီး မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ် ရက် ၃၀ သာလိုတော့သည့် အချိန်အခါသမယတွင် တိုင်းရင်းသားလုပ်သားပြည်သူ ညီအစ်ကိုအားလုံးက အချင်းချင်းနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညီညွတ်မှု၊ မျှတမှု၊ မတူကွဲပြားခြားနားမှုများကို အလေးထားမှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လူ့အခွင့်အရေးအပေါ် အခြေတည်ထားရှိမှု စသည့် ဂုဏ်အင်္ဂါ၊ လက္ခဏာများဖြင့် ဤပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးအောင်မြင်ရေးအတွက် တက်ညီလက်ညီပူးပေါင်းပါဝင်ပေးကြပါ။ မေးခွန်းတိုင်းကို မှန်ကန်စွာ ဖြေဆိုကြပါ။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီနှင့် အဆင့်ဆင့်သောသန်းခေါင်စာရင်း ကော်မတီများကလည်း မြေပြင်အရောက် ကွင်းဆင်းထိတွေ့ပြီး အသေးစိတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းအချိန်အဟုန် မြှင့်တင်ပေးကြပါရန်နှင့် ဤလုပ်ငန်းစဉ်အား နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ်ခံယူပြီး ပြီးပြည့်စုံအောင်မြင်သည့် အဆင့်သို့ရောက်ရှိအောင် ဆောင်ကြဉ်းပေးကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အခမ်းအနားကို LED ဘုတ်ပေါ်တွင် လက်မှတ်ရေးထိုးပြီး ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား သန်းခေါင်စာရင်းကောက်ယူရေး တာဝန်ပေးအပ်လွှာများကို အပ်နှင်းသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း သန်းခေါင်စာရင်းကောက်ယူရေး တာဝန်ပေးအပ်လွှာများကို အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းအခမ်းအနားကို LED ဘုတ်ပေါ်တွင် လက်မှတ်ရေးထိုး ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**
(ယနေ့ပွဲ)
(ဗထူးကွင်း)
ရတနာပုံ - ရန်ကုန်
(မုံရွာကွင်း)
ဇေယျာရွှေမြေ - မနောမြေ
(သုဝဏ္ဏကွင်း)
ချင်း - ဇွဲကပင်

၂၀၁၄ ခုနှစ် ပထမအကြိမ် သုံးမျိုးစုံပြိုင်ပွဲ (Triathlon) ကျင်းပ

နေပြည်တော် မတ် ၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူး၊ စက်ဘီး၊ ပြေးခုန်ပစ် အားကစားအဖွဲ့ချုပ်များ ပူးပေါင်းကျင်းပသော ပထမအကြိမ် (Triathlon) သုံးမျိုးစုံပြိုင်ပွဲကို မတ် ၁ ရက် နံနက် ၇ နာရီတွင် နေပြည်တော်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအားကစားသမား ၂၀ နှင့် အမျိုးသမီးအားကစားသမား သုံးဦး ပါဝင်ယှဉ်ပြိုင်ကြရာ ရေကူးအားကစား၊ စက်ဘီးအားကစားနှင့် အပြေးအားကစားနည်းတို့ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပထမဆုရ ချစ်ကိုကို(မွန်ပြည်နယ်)၊ ဒုတိယဆုရ ကျော်သက်အောင် (ရန်ကုန်)၊ တတိယဆုရ ဌေးကိုကို(ရန်ကုန်)နှင့် နှစ်သိမ့်ဆုရ ခုနစ်ဦးတို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်များနှင့် ငွေသားဆုများချီးမြှင့်သည်။**(အပေါ်ပုံ)**

အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ယဉ်နွယ်ဦး(ဧရာဝတီ)၊ ဒုတိယဆုရ အိအိသက်(ရန်ကုန်)၊ တတိယဆုရ ငြိမ်းငြိမ်းကျော်သောင်း(ရန်ကုန်)တို့အား ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဆုတံဆိပ်နှင့်ငွေသားဆုများ ချီးမြှင့်သည်။

အမျိုးသား/အမျိုးသမီးပထမဆုရ အားကစားသမားများအား ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု (၁) ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု(၂) ငွေကျပ် လေးသိန်း၊ နှစ်သိမ့်ဆု (၃) ငွေကျပ်သုံးသိန်းနှင့် ကျန်ဆုများအား ငွေကျပ် နှစ်သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း

လျှပ်စစ်မီးလင်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေတို့နှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပုလဲမြို့နယ် နွယ်အင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင်**(ယာပုံ)** ကျေးရွာလူထုက လျှပ်စစ်မီးရရှိရေး တင်ပြသည့်အတွက် တစ်အိမ်လျှင် မီးလုံးသုံးလုံးပါဝင်သော ကျပ် ၅၀၀၀၀ (သို့) ကျပ် ၆၀၀၀၀ တန်ဖိုးရှိ ဆိုလာလျှပ်စစ်စနစ် တပ်ဆင်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ တပ်ဆင်ရာတွင် နွယ်အင်းကျေးရွာ၌ အိမ်ခြေ ၂၀၀ ရှိရာ အိမ်ထောင်စုတိုင်းအတွက် ကျပ် ၃၀၀၀၀ ကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကျန်ငွေကို ကာယကံရှင်များက ကျခံသည့်စနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ချင်ပြစ်ကျင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ရွာဘေးရှိ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ အိမ်၊ကျောင်း ထိခိုက်မှုကို တင်ပြကြသဖြင့် ချောင်းရေလမ်းကြောင်း ပြောင်းလဲပေးနိုင်ရေးအတွက် ခရီးစဉ်တွင် ပါလာသော တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းစီစဉ်ပေးခဲ့သည်။

ထို့ပြင် ချင်ပြစ်ကျင်းရွာမှ ကားလမ်းမကြီးသို့ ဆက်သွယ်သည့်လမ်းကြောင်းအတွက် နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန် ငွေကျပ် ငါးသိန်း လှူဒါန်းထောက်ပံ့ပေးခဲ့သည်။ လမ်းဘေးရေမြောင်းပါဝင်စေရေးကို စနစ်တကျလုပ်ဆောင်သွားရန်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာများသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ သမဝါယမဝန်ကြီးဌာန အနေဖြင့်လည်း အခြေခံပြည်သူများ လိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးအတွက် ငွေစုငွေချေးလုပ်ငန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါတွင် အတိုးနှုန်းမှာ ၁ ကျပ် ၅၀ ပြားသာဖြစ်ကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကို **"ပြည်သူများ ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးယူနေရခြင်းမှ လတ်တလော သက်သာစေရန်နှင့် နောင်လေး၊ငါးနှစ်ကြာသည့်အခါ မိမိကိုယ်ပိုင်ငွေဖြင့် မိမိလုပ်ငန်းကို လုပ်နိုင်အောင်"** ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက် အောင်မြင်စေရန် ငွေစုငွေချေးလုပ်ငန်းတွင် ငွေချေးရုံသာမက ငွေစုဆောင်းသည့်စနစ်ပါ ပါဝင်ပြီး အဆိုပါ စုဆောင်းငွေပေါ်တွင် အတိုးပါပေးထားကြောင်း၊ ထို့ကြောင့် ချေးငွေကို ထိထိရောက်ရောက် အသုံးပြုကြရန်နှင့် သတ်မှတ်ချိန် ပြန်လည်ပေးဆပ်သွားကြရန် လိုကြောင်း၊ အားလုံးက အသိစိတ်ဖြင့် မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်ပါက ရည်ရွယ်ချက်အောင်မြင်မှာဖြစ်ကြောင်း၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင်လည်း ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယခုချေးငွေများမှာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ သမဝါယမအသင်းပိုင် ငွေများနှင့် ပြည်ပချေးငွေများဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် မိသားစုတစ်စုလျှင် ကျပ်တစ်သိန်းခန့်သာ ထုတ်ချေးပေးနေခြင်းဖြစ်ပြီး နောင်တွင် အမှန်တကယ် အလုပ်လုပ်၍ ယုံကြည်စိတ်ချနိုင်သူများကို ငွေကျပ်ငါးသိန်းထိ တိုးမြှင့်ထုတ်ချေး ရန် စီစဉ်ထားကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော နွယ်အင်း၊ ပျဉ်လှိုင်း၊ ပျော်ဘွယ်ကျင်း၊ ချင်ပြစ်ကျင်းကျေးရွာ ပြည်သူများအတွက် စာအုပ်စာစောင်များ၊ အိမ်သုံးပစ္စည်းများ၊ စိုက်ပျိုးရေးဆေးများ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုလဲမြို့ အားကစားကွင်းတွင် သမဝါယမဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ညှိနှိုင်းစီစဉ်ကျင်းပသော ဈေးရောင်းပွဲတော်သို့ သွားရောက်ပြီး ဝယ်ယူအားပေးနေသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး စေတနာညကျောင်းပိတ်ပွဲကျင်းပ

ရန်ကုန် မတ် ၁

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးကို ရည်ရွယ်၍ ဗိုလ်တထောင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး စေတနာညကျောင်းပိတ်ပွဲကို ဗိုလ်တထောင်မြို့နယ် အထက(၂) သစ္စာခန်းမ၌ မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး**(ဝဲပုံ)**၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊အမှုထမ်းများအား ဂုဏ်ပြုညစာဖြင့်ဧည့်ခံ

နေပြည်တော် မတ် ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၆ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကော်မတီဝင်များ၊ အနုပညာညှိနှိုင်းမှုကော်မတီဝင်များ၊ နည်းပြချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန "မဟာပုဂံအငြိမ့်"ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

FLOWER NEWS ဂျာနယ်မှာဒါတွေပါမယ်...
တနင်္ဂနွေနေ့တိုင်း ထွက်ပြီ
ဖုန်းဆက်ရန်:(Hot Line)

စာပေလောက စာအုပ်များ
၁၅ ရာခိုင်နှုန်းလျှော့၍
စာပေလောက စာအုပ်ဆိုင်များတွင် ရောင်းပေးနေပါသည်။
ဖေဖော်ဝါရီ ၂၈၊ မတ် ၁ - ၂ [၃ ရက်]

အသိပေးကြေညာခြင်း



မူလပုံ

ယခုပုံ

ထက်လင်းအစွမ်းထက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ မူလထုတ်လုပ်သည့် ဖန်ပုလင်းအစား အန္တရာယ်ကင်းစင်ပြီး မူလဆေးအာနိသင်နှင့် ပါဝင်သည့်ဆေးပမာဏအတိုင်း ခေတ်မီလှပခိုင်ခံ့သည့် (ပလတ်စတစ်)ကော်ဗူးသို့ ပြောင်းလဲထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ထက်လင်းအစွမ်းထက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

RECOGNISED OVERSEAS CENTRE OF THE
Oxford
LANGUAGE CENTRE, LONDON

U WIN MAW (RESEARCH)
50% Off
P.E.S.
1. Basic Grammar & Speaking(4 months)1-3-14
2. Speaking Special Class(4 months) 2-3-14
3. Grammar (Advanced) (4 months) 3-5-14
4. English For Kids (Summer) (3 months) 3-3-14
238 (3C), 2nd Fl., YADANAR STREET, MYAYNIGONE, SANCHAUNG TOWNSHIP, YANGON. ☎ 518503 / 503984

ရှေးဟောင်းစာပေများကို သုတေသနပြုလေ့လာခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ကြပါစို့

ခင်ညိုညို (ရှေးဟောင်းသုတေသန)

မြန်မာစာပေသမိုင်းကြောင်း၏ အစသည် ကမ္ပည်းကျောက်စာများပင်ဖြစ်သည်။ မြန်မာနိုင်ငံ အရပ်ရပ်မှတွေ့ရှိရသော ရှေးဟောင်းကမ္ပည်းစာများအနေဖြင့် မွန်ဘာသာ၊ ပျူဘာသာ၊ ရခိုင်ဘာသာ၊ ပြာဟ္မီဘာသာ၊ သက္ကတဘာသာ၊ ပါဠိဘာသာ၊ မြန်မာဘာသာစသည်ဖြင့် အက္ခရာမျိုးစုံ ဘာသာမျိုးစုံဖြစ်သည်။ ပုဂံခေတ်မြစေတီကျောက်စာသည် မြန်မာတို့၏အစောဆုံး စာပေမှတ်တမ်းတစ်စောင်ဖြစ်သကဲ့သို့ မြန်မာတို့၏စာပေအရေးအသားအနေဖြင့် အစောဆုံးပေါ်ထွက်ခဲ့သော ပျူခေတ်အက္ခရာအရေးအသားကိုလည်းကောင်း၊ ပါဠိဘာသာစကားဖြင့်လည်းကောင်း၊ မွန်အက္ခရာနှင့် မြန်မာအက္ခရာ အရေးအသားကိုလည်းကောင်း ရေးထိုးခဲ့သည်ကိုတွေ့နိုင်ပါသည်။ မြစေတီကျောက်စာမှအစပြု၍ ရှေးဟောင်းကမ္ပည်းကျောက်စာများသည် မြန်မာ့သမိုင်းတစ်ခေတ်ကို ဖော်ဆောင်ပေးနေသော စာပေများဖြစ်ကြောင်း လေ့လာနိုင်ပါသည်။

ပျူကျောက်စာ၊ ပါဠိဘာသာ၊ မြန်မာကျောက်စာ၊ သက္ကတစာ၊ မွန်စာ၊ အုတ်ခွက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းစာ၊ ရွှေပေလွှာ၊ ငွေပေလွှာ၊ ကျောက်အရိုးအိုးစသည့် ရှေးဟောင်းကမ္ပည်းစာများသည် မြန်မာ့သမိုင်းကို တစ်နည်းတစ်ဖုံအားဖြင့် ဖော်ပြပေးနေသောစာများဖြစ်ကြောင်းကို သုတေသနပြုနိုင်ခဲ့ပါသည်။ အချို့သောကျောက်စာများမှ လူတို့၏လက်ဆင့်ကမ်းသယ်ဆောင်သော သမိုင်းကြောင်းများကို မှန်ကန်ကြောင်းအတည်ပြုပေးနိုင်သကဲ့သို့ လိုအပ်သည့် သမိုင်းသက္ကရာဇ်များကို ကျောက်စာအသစ်များမှ ဖော်ထုတ်၍ ပြန်လည်ဖြည့်စွက်မှန်ကန်စေနိုင်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြားမှ တွေ့ရှိရသည့် ကမ္ပည်းကျောက်စာများသည် ထိုခေတ်ကာလက ပြည်သူလူထု၏ လူမှုသမိုင်းပုံရိပ်များဖြစ်သည့်အပြင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ပေါင်းစပ်နေသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါသည်။ ထိုမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကိုပင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သို့ ပြောင်းလဲရရှိရန် UNESCO Memory of the World International Register တင်သွင်းရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များစွာထဲမှ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး ရေးထိုးထားခဲ့သော ကုသိုလ်တော်ဘုရား ကျောက်စာများအား Memory of the World စာရင်းသွင်းနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ် ဇွန်လ၌ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ကျင်းပသော The Memory of the World Program အစည်းအဝေးဆုံးဖြတ်ချက်အရ "UNESCO Memory of the World Register 2013" စာရင်းဝင်ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ဒုတိယအကြိမ် Memory of the World စာရင်းတင်သွင်းနိုင်ရန်အတွက် ပုဂံခေတ်ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရမင်းသား ရေးထိုးခဲ့သော မြစေတီကျောက်စာအား ၂၀၁၅ ခုနှစ် Memory of the World စာရင်းသို့တင်သွင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် စာပေအထောက်အထား အခိုင်အမာနှင့် သမိုင်းကြောင်းကို ဖော်ဆောင်ပေးနိုင်သော ကျောက်စာ၊ ကမ္ပည်းစာများ များစွာရှိနေသည့်အပြင် ယခုအခါ မြစေတီကျောက်စာထက် (၃၃)နှစ်စောသော သက္ကရာဇ် ၄၄၁ ခုနှစ်ထိုး စောလူးမင်းကျောက်စာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် မြစ်သားမြို့ ပေတောပရဟိတကျောင်းဝင်းအတွင်း၌ ထပ်မံတွေ့ရှိခဲ့ပြီး ကျောက်စာသုတေသီများ လတ်တလောဖတ်ရှုလေ့လာချက်အရ ပျူအက္ခရာ ပျူဘာသာစကား၊ ဂုပ္တအက္ခရာ သက္ကတဘာသာစကား၊ ကဒံဗအက္ခရာ ပါဠိဘာသာစကား၊ မွန်အက္ခရာ မွန်ဘာသာစကား၊ မွန်အက္ခရာ ပါဠိဘာသာစကားများဖြင့် ဘာသာလေးမျိုး၊ အက္ခရာအရေးအသားလေးမျိုး ရေးထိုးထားသော ကျောက်စာဖြစ်ကြောင်း သိရှိရပါသည်။ ဆက်လက်၍လည်း သုတေသီများက ပိုမိုတိကျခိုင်မာအောင် လေ့လာနေဆဲဖြစ်ပါသည်။

ထိုသို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဟုပင် ခေါ်ဆိုနိုင်သော ဘာသာမျိုးစုံဖြင့် ရေးထိုးထားခဲ့သည့် ကမ္ပည်းကျောက်စာများကို ဖတ်ရှုလေ့လာ၍ ဘာသာပြန်ဆိုနိုင်ရေးအတွက် စိတ်ပါဝင်စားသော မျိုးဆက်သစ်များ အမှန်တကယ်လိုအပ်နေပြီဖြစ်သည့်အတွက် ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ကာ ရှေးဟောင်းမြန်မာကျောက်စာနှင့် ပျူစာများကို ဖတ်ရှုလေ့လာတတ်စေရန် ရည်ရွယ်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (ရန်ကုန်ဌာနခွဲ)၌ ရှေးဟောင်းသုတေသန ကမ္ပည်းကျောက်စာသုတေသီများက သင်တန်းခြောက်မျိုးကို သင်တန်းတစ်ခုလျှင် ရက်သတ္တနှစ်ပတ်ကြာ စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အမှတ် (၃၂) ဒီ ပြည်လမ်း လှိုင်မြို့နယ်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲရုံးသို့ ဆက်သွယ်မေးမြန်း လျှောက်ထားတက်ရောက်နိုင်ပါသည်။

ရှေးဟောင်းစာပေများကို လေ့လာဖတ်ရှုသင်ကြားခြင်းအားဖြင့် သမိုင်းအထောက်အထားများကို ပိုမိုခိုင်မာစေခြင်း၊ ကွင်းဆက်ပြတ်နေသော သမိုင်းအထောက်အထားများကို ပိုမိုပြည့်စုံစေခြင်း၊ ရှေးခေတ်လူနေမှုအဆင့်အတန်း၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေးစသည်တို့ကို လေ့လာသိရှိနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့် ရှေးဟောင်းစာပေအထောက်အထားများကို ဖတ်ရှုလေ့လာ၍ အက္ခရာဖလှယ်ခြင်း၊ အဓိပ္ပာယ်ပြန်ဆိုခြင်း၊ သုတေသနပြုခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်နိုင်ပြီး နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစေရန် ရည်ရွယ်၍ နောက်ဆက်လက်ဖွင့်မည့် သင်တန်းများသို့ တက်ရောက်သင်ယူကြစေရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

နွေစပါးစိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု ကွင်းဆင်းစစ်ဆေး အကူအညီပေး

ရန်ကုန် မတ် ၁

စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်အောင်ဝင်းနှင့်တိုင်းဒေသကြီး သီးနှံကာကွယ်ရေးအဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နွေစပါးစိုက်ကွင်းများ၌ ပိုးမွှားရောဂါများ ကျရောက်ဖျက်ဆီးမှုမရှိစေရေး အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် နွေစပါးစိုက်ကွင်းများ၌ ကုပ်ကျိုးရောဂါ ကျရောက်မှု အခြေအနေများ၊ ကာကွယ်နှိမ်နင်းနည်းများကို ကျေးရွာများအရောက် ကွင်းဆင်းဆွေးနွေးခဲ့ကြပြီး လက်ကမ်းစာစောင်များ၊ ပညာပေးပိုစတာများ ဖြန့်ဝေပေးခဲ့သည်။

အလားတူ နွေစပါးတွင် ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးအတွက် ကြိုတင်ကွင်းဆင်းပညာပေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ပထမပတ်တွင် လှည်းကူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကော့မှူးမြို့နယ်ရှိ လာဝတီ၊ လက်ခိုက်၊ ညောင်ပင်သာ၊ ဆဠဂံကျေးရွာများမှ **(အပေါ်ပုံ)** တောင်သူများနှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ ကမာပါနှင့်ခလောက်တစ်ရာကျေးရွာတို့မှ တောင်သူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး စပါးကုပ်ကျိုးရောဂါအတွက် ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းကုပ်ကျိုးရောဂါမှာမှိုရောဂါတစ်မျိုးဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အချိန်မီကာကွယ်နိုင်ကြောင်း သိရပြီး ယခုအခါ ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်ရှိ ရောဂါကျစပါးစိုက်ခင်းများအား စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆေးဖျန်းပုံးများ၊ ဆေးဖျန်းစက်များ၊ မှိုသတ်ဆေးများ အကူအညီပေး၍ အချိန်မီကာကွယ်နှိမ်နင်းပေးလျက်ရှိကြောင်း သိရသည်။

(၄၄)

၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အထိမ်းအမှတ် လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ဆုရရှိသူများစာရင်းကြေညာခြင်း

နေပြည်တော်၊ဖေဖော်ဝါရီ

၁။ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ပြုလုပ်သည့် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အထိမ်းအမှတ်လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို Theme Song နှင့်လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေးကော်မတီမှ အောက်ပါ အတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) သန်းခေါင်စာရင်းလှုံ့ဆော်ရေးသီချင်း

စဉ်	သီချင်းရေးသူအမည်	သီချင်းခေါင်းစဉ်
၁	စောရွှေဖတ်	လူမှန်ပါမှနိုင်ငံသာ(သို့)တို့အားလုံးမှာတာဝန်ရှိတယ်
၂	ကိုလွင်မြင့်	ကျေးဇူးပြု၍ အဖြေပေးပါ
၃	ဇင်မောင်မောင်(ခေါ်)ဇဗ္ဗူ	ပူးပေါင်းပါဝင်လို့သန်းခေါင်စာရင်းကောက်ကြစို့(သို့) သန်းခေါင်စာရင်းကောက်မယ့်နေ့

(ခ) Theme Song

၁	စောရွှေဖတ်	လူမှန်ပါမှနိုင်ငံသာ(သို့)တို့အားလုံးမှာတာဝန်ရှိတယ်

၂။ အထက်စာပိုဒ်ပါ ဆုရရှိသူများသည် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်မိုးအောင်ထံ ဆက်သွယ်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အော်စကာဆန်ခါတင် ၁၀ ဆု ရွေးချယ်ခံထားရသည့် American Hustle ဇာတ်ကား

American Hustle ဇာတ်ကားမှ အဖွဲ့သားများ

အမေရိကန်မင်းသမီးနှင့် အဆိုတော် အေမီအေဒမ်က အော်စကာဆန်ခါတင်ဇာတ်ကား American Hustle တွင် အဓိကမင်းသမီးတစ်ဦးအဖြစ် ပါဝင်ထားခဲ့ပြီး ယင်းဇာတ်ကား၏ ဖန်တီးရှင် ဒါရိုက်တာ David O. Russell သည် ၎င်း၏ အနုပညာအောင်မြင်မှုတွင် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

"တစ်ခါတလေမှာ ကျွန်မရဲ့ သရုပ်ဆောင်ပိုင်းဆိုင်ရာ အားနည်းချက်တစ်ခုအနေနဲ့ ရုပ်ပိုင်းဆိုင်ရာတကျကြွမှုသာရှိပြီး စိတ်ပိုင်းဆိုင်ရာတက်ကြွမှုမရှိတတ်ပါဘူး၊ အဲလိုဖြစ်ရင် ဇာတ်ဝင်ခန်းက ပရိသတ်ကို အပြည့်အဝ မဆွဲဆောင်နိုင်ပါဘူး၊ ဒါရိုက်တာ ဒေးဗစ်ကတော့ အဲလိုမဟုတ်ဘူး၊ ပရိသတ်ကို ရှုထောင့်အမျိုးမျိုးကနေ ဆွဲဆောင်နိုင်အောင်ကြိုးစားတယ်" ဟုမင်းသမီး အေမီအေဒမ်က ဆိုသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ထွက်ရှိခဲ့သည့် American Hustle ဇာတ်ကားတွင် ဟောလိဝုဒ်အကျော်အမော်များဖြစ်ကြသည့် ခရစ္စတင်းဘေးလ်၊ ဘရက်ဒ်တလီကူးပါး၊ ဂျနီဖာလောရင့်စ်နှင့် အေမီအေဒမ်တို့ ပါဝင်သရုပ်ဆောင်ထားကြပြီး ယနေ့ကျင်းပမည့် အော်စကာဆုပေးပွဲ အခမ်းအနားတွင် အကောင်းဆုံးဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆုတို့အပါအဝင် ဆုအမျိုးအစား ၁၀ မျိုး ဆန်ခါတင်ရွေးချယ်ခံထားရသည့် မှုခင်းဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းသည်

ဂျိမ်းစ်ဘွန်း၏ ၂၄ ကားမြောက်ဇာတ်ကား ယခုနှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးမည်

နာမည်ကျော် စပိုင်မင်းသားကြီး ဂျိမ်းစ်ဘွန်း၏ ၂၄ ကားမြောက်ဇာတ်ကားဖြစ်လာမည့် Bond 24 ဇာတ်ကားကို ဒါရိုက်တာ ဆမ်မန်ဒက်စ်က ပုံဖော်ရိုက်ကူးကာ ယခုနှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူး၍ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း မင်းသားကြီး Ralph Fiennes က ဖွင့်ဟပြောကြားခဲ့သည်။

အဆိုပါ Bond 24 တွင် ၎င်းလည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကာ ယမန်နှစ်က ထွက်ရှိခဲ့သည့် ဂျိမ်းစ်ဘွန်းဇာတ်ကားမှ မင်းသားဒယ်နီယယ်ခရေ့ဂ်ျက အေးဂျင့် 007 စပိုင်မင်းသားကြီး ဂျိမ်းစ်ဘွန်းအဖြစ် လည်းကောင်း၊ မင်းသမီး နာအိုမီဟာရီးစ်ကတို့လည်း ဆက်လက် ပါဝင်သရုပ်ဆောင်သွားကြမည်ဖြစ်သော်လည်း ယခုအချိန်ထိ ဇာတ်ညွှန်းပိုင်းဆိုင်ရာများနှင့် ဇာတ်လမ်းခေါင်းစဉ်အမည်ပေးခြင်းများ အပြီးမသတ်သေးကြောင်း သိရသည်။

"အခုထိ ဇာတ်ညွှန်းကို ကျွန်တော် မဖတ်ရသေးပါဘူး၊ ဒါ့ကြောင့် ဇာတ်လမ်းနဲ့ပတ်သက်ပြီး သိပ်မသိသေးပါဘူး၊ အကောင်းဆုံးဖြစ်အောင်တော့ လုပ်မှာပါ" ဟု အသက်(၅၁)နှစ်အရွယ် မင်းသားကြီး Ralph ကဆိုသည်။

၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် ၂၃ ကားမြောက် Skyfall ဂျိမ်းစ်ဘွန်းဇာတ်ကားတွင်လည်း မင်းသား ဒယ်နီယယ်ခရေ့ဂ်ျ ခေါင်းဆောင်ပါဝင်ကာ အော်စကာ အကယ်ဒမီနှစ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့ရုပ်ရှင်လောက၏ အဌမမြောက်ဝင်ငွေအများဆုံးနှင့် ဗြိတိန်ရုပ်ရှင်လောကတွင် ဝင်ငွေအများဆုံးရရှိကာ စံချိန်တင်နိုင်သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

တရုတ်ရုပ်သံအစီအစဉ်တွင် အထူးဧည့်သည်အဖြစ် ပါဝင်မည့် တောင်ကိုရီးယားကြယ်ပွင့် ရိန်း

တောင်ကိုရီးယားကြယ်ပွင့် ရိန်းအား တရုတ်နိုင်ငံ၏ နာမည်ကြီးတီဗွီရှိုးတစ်ခုဖြစ်သည့် Kuai Le Da Ben Ying တွင် အထူးဧည့်သည်အဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း ရိန်း၏ အေဂျင်စီမှ ဖေဖော်ဝါရီ ၂၈ ရက်က သတင်းထုတ်ပြန်ထားသည်။

မင်းသား ရိန်းသည် မတ် ၈ ရက်တွင် ပြသမည့် မိနစ်ကိုးဆယ်ကြာ အဆိုပါအစီအစဉ် တစ်လျှောက်လုံးတွင် အထူးဖျော်ဖြေတင်ဆက်မှုများဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး ပရိသတ်များ၏အထူးစိတ်ဝင်စားမှုရရှိရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။

"ရိန်းအတွက် ထူးခြားတဲ့အစီအစဉ်တွေ ပြင်ဆင်ထားပါတယ်၊ ရိန်းက သဘာဝကျတဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ တရုတ်ပရိသတ်ကို အထူးဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု အဆိုပါအစီအစဉ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ရိန်းသည် ဖေဖော်ဝါရီ ၂၈ ရက်က တရုတ်နိုင်ငံ၌ ပရိသတ်တွေ့ဆုံပွဲပြုလုပ်အပြီး မတ် ၃ ရက်တွင် အဆိုပါ အစီအစဉ်အတွက် စတင်ရိုက်ကူးသွားမည်ဖြစ်သည်။ ထို့အပြင် ရိန်းသည် တရုတ်နိုင်ငံတွင် ပထမဆုံးအနေဖြင့် မကြာမီက ထွက်ရှိခဲ့ပြီး တောင်ကိုရီးယား၌ အောင်မြင်မှုရရှိခဲ့သည့် 30SEXY နှင့် LASONG သီချင်းနှစ်ပုဒ်ဖြင့်လည်း သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အဖွဲ့ဝင်မစုံဘဲ ဂျပန်၌ ပထမဆုံးဖျော်ဖြေခဲ့သည့် KARA ကေပေါ့ပ်အဖွဲ့

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ KARA မှ အဖွဲ့ဝင် နီကိုးလ် ထွက်ခွာသွားပြီးနောက်ပိုင်း ပထမဆုံးအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က ဂျပန်နိုင်ငံ ဖျော်ဖြေပွဲတစ်ခုသို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။

KARA အဖွဲ့သည် အဆိုပါဖျော်ဖြေပွဲ ပြီးပြီးချင်း ကိုရီးယားသို့ ချက်ချင်းပြန်လာခဲ့ကြပြီး ဖျော်ဖြေပွဲအတွင်း ၎င်းတို့အဖွဲ့၏ နာမည်ကြီးပေါ့ပ်သီချင်းများစွာဖြင့် ဖျော်ဖြေခဲ့ကြသည်။ KARA အဖွဲ့မှ အဖွဲ့ဝင် နီကိုးလ်သည် ဇန်နဝါရီလအတွင်းက အဖွဲ့မှ ထွက်ခွာခဲ့ပြီး အခြားအဖွဲ့ဝင်များ အနေဖြင့်လည်း သရုပ်ဆောင်ကဏ္ဍများသို့ ခြေဦးလှည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့၏ ဂျပန်ဖျော်ဖြေရေးခရီးစဉ် Japan Arena Tour ဒီဗွီဒီကို မကြာမီ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းရောင်းမည်

မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့် နဝရတ်စင်တာ၊ ပေ(၅၀×၆၀)၊ အဆင့်မြင့်ပြင်ဆင်ပြီး။
ဖုန်း ၀၉-၄၂၁၀၀၆၆၄၀၊ ၀၉-၃၁၂၉၀၇၉၀

အလိုရှိသည်

- ရောင်းအားမြှင့်တင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းစိတ်ဝင်စားသူ
- ယိုးဒယား(သို့)အင်္ဂလိပ်ဘာသာ တတ်ကျွမ်းသူ
- ကွန်ပျူတာ အခြေခံတတ်လျှင်၊ အရောင်းမြှင့်ဝန်ထမ်း အတွေ့အကြုံရှိလျှင် ဦးစားပေးမည်။

Humble Footprints Hotel
အမှတ်(၄)၊ သုခလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ် (ဦးဝိစာရလမ်းမကြီးအနီး)
မတ်လ ၄ ရက်(အင်္ဂါ)၊
၁၅း၃၀နာရီမှ ၁၇း၃၀နာရီအတွင်း
လူတွေ့လာရောက်လျှောက်နိုင်သည်။

ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ဟာလီလိုဗစ်ဖွင့်ဟ

အသက်(၁၇)နှစ်အရွယ်ရှိ ခရိုအေးရှားကြယ်ပွင့် ဟာလီလိုဗစ်သည် ပရီမီယာလိဂ်ကလပ် အသင်းများဖြစ်သည့် အာဆင်နယ်အသင်း၊ မန်စီးတီးအသင်းနှင့် စပါးအသင်းတို့၏ စိတ်ဝင်စားမှုခံထားရသော်လည်း စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိနေကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ခရိုအေးရှားကြယ်ပွင့် ဟာလီလိုဗစ်သည် လက်ရှိတွင်



ဒိုင်နမိုဇာဂရက်အသင်းတွင်ကစားလျက်ရှိပြီး စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းအနေဖြင့် ဟာလီလိုဗစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ခရိုအေးရှားမီဒီယာများနှင့် စပိန်မီဒီယာများက ဖော်ပြခဲ့သည်။ ဟာလီလိုဗစ်အနေဖြင့်လည်း လက်ရှိကလပ်ဒိုင်နမိုဇာဂရက်အသင်းသည် ကစားသမားဘဝစတင်ခဲ့သည့်အသင်းဖြစ်၍ ဒိုင်နမိုဇာဂရက်အသင်းတွင် ဆက်လက်ကစားရန်ဆန္ဒရှိနေသော်လည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဟာလီလိုဗစ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ရီဂျီကာအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်ပွဲစဉ်တွင် ဒိုင်နမိုဇာဂရက်အတွက် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် အလားအလာရှိနေကြောင်း ဒိုင်နမိုဇာဂရက်အသင်းဥက္ကဋ္ဌ မာကိုဘာရီဆစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ငွေကြယ်

ကွင်းလယ်ဒိုင်အဲရစ်ဆင်အား ဝေဖန်ခဲ့ခြင်းကြောင့် မန်စီးတီးနည်းပြ ပယ်လီဂရီနီ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မန်စီးတီးအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဘာစီလိုနာအသင်းအား မန်စီးတီးအသင်းက နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် နောက်ခံကစားသမားဒီမီချီလစ်အား အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းနှင့် ပတ်သက်၍ ကွင်းလယ်ဒိုင်ဖြစ်သူ အဲရစ်ဆင်အား ဝေဖန်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီအား ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲ ကိုင်တွယ်ခွင့်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီသည် နောက်ထပ်တစ်ပွဲ ပွဲပယ်ပြစ်ဒဏ် ကျခံရရန်ရှိနေပြီး ၎င်း၏ ကွင်းလယ်ဒိုင်အဲရစ်ဆင်အား ဝေဖန်ခဲ့မှုအပေါ် တောင်းပန်ခဲ့သော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)အနေဖြင့် ခွင့်လွှတ်လိမ့်မည်မဟုတ်ဘဲ မတ် ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့၏ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပွဲစဉ် ဒုတိယအကျော့တွင် မန်စီးတီးအသင်းအား နည်းပြအဖြစ် ကိုင်တွယ်ခွင့် ရရှိလိမ့်မည်မဟုတ်ပေ။

အဆိုပါ ဘာစီလိုနာအသင်း၏ အိမ်ကွင်းနျူးကမ့်၌ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် မန်စီးတီးကစားသမားများနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ပင် ဆက်သွယ်ခွင့်ရရှိလိမ့်မည်မဟုတ်ကြောင်း သိရသည်။

လီဗာပူးသို့ ပြန်လာရန် ဆန္ဒမရှိကြောင်း ရေးနာဖွင့်ဟ



လီဗာပူးအသင်းမှ အီတလီစီးရီးအေကလပ်နာပိုလီအသင်းသို့ အငှားချထားခြင်းခံခဲ့ရသော ဂိုးသမားရေးနာသည် နာပိုလီအသင်းမှ အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက အန်ဖီးလ်သို့ပြန်လာရန်ဆန္ဒမရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

လီဗာပူးအသင်းက ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဆန်းဒါးလန်းဂိုးသမားမီဂိုလက်အား စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီးနောက် လီဗာပူးဂိုးသမားရေးနာအား ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတစ်ရာသီစာ နာပိုလီအသင်းသို့ အငှားချခဲ့ခြင်းဖြစ်သည်။

ဂိုးသမားရေးနာအနေဖြင့် အန်ဖီးလ်၌ စာချုပ်သက်တမ်းမကုန်ဆုံးသေးသော်လည်း ၎င်း၏ကစားသမားဘဝစတင်ခဲ့သည့် စပိန်လာလီဂါချန်ပီယံဘာစီလိုနာအသင်းသို့ ပြန်လည်ကစားမည်ဆိုသည့် ကောလာဟလသတင်းများကိုပင် ငြင်းဆိုခဲ့သည်။ သို့ရာတွင် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအနေဖြင့် လာမည့်ဘောလုံးရာသီတွင်လည်း လီဗာပူးအသင်းသို့ ပြန်လည်ခေါ်ယူမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကြီးမှူး၍ Sunlife နှင့် Cepsa တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၆ တွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ (Mixed Double) ပြိုင်ပွဲတွင် ရှစ်တွဲ၊ အမျိုးသားအသက် (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ၁၆ ဦး၊ အသက် (၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲ၊ (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ (၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦးနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲတို့ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲတွင် Tournament Director အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အုပ်ချုပ်ရေးမှူး ဦးတိုးမင်းကျော်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး Referee အဖြစ် ဦးသိန်းအောင်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲကို နေ့စဉ်နံနက် ၉ နာရီတွင် ကျင်းပလျက်ရှိပြီး ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို မတ် ၅ ရက် ညနေပိုင်းတွင် ယင်းတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

အ.ထ.က (၁) ဒဂုံ အာစရိယပူဇော်ပွဲ

[illegible]

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာကေတအဝိုင်းအနီး၊ ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ဧရာဝဏ်လမ်းမကြီးဘေး၊ မျက်နှာဝ ပေ(၁၁၀)၊ အနောက်(၈၅)ပေ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။

ကျပ်သိန်း(၁၇၀၀၀)

ဆက်သွယ်ရန်ဖုန်း ၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊ ၀၁-၂၄၆၇၉၂၊ ၀၁-၂၄၆၅၂၇၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

ဘုရင့်နောင်လမ်းဆုံမီးပွိုင့်၌ ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မိ

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းဆုံမီးပွိုင့်၌ ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က သမိုင်းဘူတာရုံလမ်းအတိုင်း အနောက်မှ အရှေ့သို့ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ၃က/----နစ်ဆန်းအက်သလက်(ဖြူစိမ်း)ရောင် (၁၂၁)ခရီးသည်တင် ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်သည် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းဆုံမီးပွိုင့်အား ဖြတ်မောင်းစဉ် ဘုရင့်နောင်လမ်းအတိုင်း မြောက်မှ တောင်သို့ ကျော်ခိုင်ဖြိုး(၂၈)နှစ် အတွင်းပဒံရပ်ကွက် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသည့် 6F/--- မီနီဘတ်(စ်)(ခဲပြာ)ရောင် (၂၂၆) ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အား ဝင်ရောက်တိုက်မိပြီး တိုက်မိသည့် အရှိန်ဖြင့် ယာဘက်လမ်းဘေးရှိ အုတ်တံတိုင်းအားထပ်မံတိုက်မိခဲ့သဖြင့် ယာဉ်မောင်းမှာအခင်းဖြစ်နေရာတွင် ယာဉ်ကိုထားပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။



ထိုယာဉ်မတော်တဆမှုကြောင့် ယာဉ်နှစ်စီးလုံးပျက်စီးခဲ့ပြီး (၁၂၁) ယာဉ်ပေါ်ပါခရီးသည် ဦးလှိုင်မြင့် (၅)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူတွင် ယာနားထင်ပွန်းပဲ့၊ ယာပါးပွန်းပဲ့ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသဖြင့် အဆိုပါ ယာဉ်မောင်း (စုံစမ်းဆဲ)အား ဘုရင့်နောင်နယ်မြေ ရဲစခန်းက ယာဉ်(ပ)၁၅/၂၀၁၄၊ ပုဒ်မ -၂၇၉/၃၃၈/၂၀၂ ဖြင့် အမှုဖွင့်၍ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

နိုင်ငံတကာ သတင်းဂျာနယ်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခိုက်ရန်ဖြစ်ပွား၊ တစ်ဦးသေဆုံး

ရန်ကုန် မတ် ၁

ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီ ခွဲခန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်(၉၄)ရပ်ကွက်နေ ဦးထွန်းလွင်၏ သားရန်နိုင်ထွန်းနှင့်ဟိန်းထွန်းအောင်တို့မှာ အခြားအမျိုးသား ခုနစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားကာ ဒဏ်ရာများရရှိပြီး ရပ်ကွက်အတွင်းရှိ ဆေးခန်းသို့ရောက်ရှိနေကြောင်းကြားသိရသဖြင့် သွားရောက်စစ်ဆေးရာ ရန်နိုင်ထွန်းတွင် ဝဲချိုစောင်းနှင့်နားထင်တို့တွင် စုတ်ပြဲဒဏ်ရာ၊ ဦးခေါင်းထိပ်နှင့်နောက်စေ့တို့တွင် ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်အားမေးမြန်းရာ ၎င်းတို့နှစ်ဦးအား ခိုက်ရန်မဖြစ်ပွားမီ မိနစ် ၂၀ ခန့်က ရပ်ကွက်အတွင်း အေ/၅ လမ်းတွင် ယခင်ကစကားများ ရန်ဖြစ်ခဲ့ဖူးသူ (အမည်မသိ လူမြင်မှတ်မိ) အမျိုးသား ခုနစ်ဦးခန့်တို့က တုတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသဖြင့် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့တင်ပို့ကုသရာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁ နာရီခွဲတွင် ရန်နိုင်ထွန်းမှာ သေဆုံးသွားခဲ့ပြီး ဟိန်းထွန်းအောင်မှာ ပြင်ပလူနာအဖြစ် ကုသခဲ့ရသောကြောင့် စုံစမ်းအရေးယူပေးပါရန် ဦးထွန်းလွင်က တိုင်တန်းခဲ့သဖြင့် ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

တရုတ်အမျိုးသားများနှင့် ထိမ်းမြားလက်ထပ်ရန်ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိ

မူဆယ် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ အသက်(၁၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား လားရှိုးမြို့ရှိ ထမင်းဆိုင်တွင် အလုပ်လုပ်ရမည်ဟု လိမ်လည်စည်းရုံး၍ တရုတ်အမျိုးသားများနှင့် အခမ္ပထိမ်းမြားရန် ခေါ်ဆောင်လာစဉ် မူဆယ်မြို့၌ ဖမ်းဆီးရမိသဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က မူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှုဖြင့် အရေးယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီက ရန်ကုန်မှထွက်ခွာသည့် --- အဝေးပြေးယာဉ်ဖြင့် လူကုန်ကူးမှုကျူးလွန်ရန် မသင်္ကာဖွယ်အမျိုးသမီးနှစ်ဦး လိုက်ပါသွားကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ရန်ကုန်၏အကြောင်းကြားချက်အရ တပ်ဖွဲ့စု မန္တလေးမှဆက်လက်စုံစမ်းရာ အမျိုးသမီးနှစ်ဦးမှာ ၁စ/--- ဆလွန်းခဲရောင်ယာဉ်ဖြင့် မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း ထပ်မံသတင်းအတည်ပြုချက်ရရှိသဖြင့် တပ်ဖွဲ့စု မူဆယ်သို့ဆက်လက်အကြောင်းကြားခဲ့ကြောင်း၊ တပ်ဖွဲ့စု မူဆယ်မှ မူဆယ် (၁၀၅) မိုင်ဂိတ်မှ စောင့်ဆိုင်း၍ ဆလွန်းကားပေါ်တွင် လိုက်ပါလာသော အဆိုပါအမျိုးသမီးနှစ်ဦးအား တပ်ဖွဲ့စုရုံးသို့ခေါ်ယူမေးမြန်းခဲ့သည်။

မေးမြန်းချက်အရ ရန်ကုန်တိုင်းဒေသကြီးမှ အသက်(၁၅)နှစ်အရွယ် အမျိုးသမီးသည် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နေ စောမြနွယ်(ခ)စန်းစန်းညို(ခ)လှလှ နှင့်တွေ့ဆုံခဲ့ကြောင်း၊ စောမြနွယ်က လားရှိုးရှိ ထမင်းဆိုင်တွင် စရိတ်ငြိမ်းတစ်လ ကျပ် ၆၀၀၀၀ ရမည်၊ တစ်နှစ်ခန့်လုပ်ပါက ကျပ်လေးသိန်းမှ ၁၀ သိန်းအထိ ရမည်ဟုစည်းရုံးကာ တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်အမျိုးသားများထံ ရောင်းစားရန် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

စစ်ဆေးချက်များအရ အသက်(၁၅)နှစ်အရွယ် အမျိုးသမီးအား လိမ်လည်စည်းရုံး၍ တရုတ်အမျိုးသားများထံ အခမ္ပထိမ်းမြားလက်ထပ်ရောင်းချရန်အတွက် ခေါ်ဆောင်လာသူ စောမြနွယ်(ခ)စန်းစန်းညို(ခ) လှလှ (၂၅)နှစ် ကျောင်းစုကျေးရွာ မော်လမြိုင်ကျွန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူအား မူဆယ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(ကိုကိုရှုပ)

MTSH Myanmar Thilawa SEZ Holdings Public Limited

အစုရှယ်ယာများစတင်ရောင်းချမည့် ရက်သတ်မှတ်ကြေညာခြင်း

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) ကို ပြည်ထောင်စုသမ္မတ

ပုံတောင်တောင်တန်းပေါ်ရှိ ခင်အေးရေနံမှော် လုပ်ကွက်များမှ ရေနံစိမ်းထွက်နေမှု အားကောင်းသဖြင့် နေ့စဉ် ရေနံစိမ်းရောင်းရငွေသိန်းဂဏန်းမျှ ရရှိနေ

စစ်ကိုင်း၊ မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့အကြားရှိ ပုံတောင်တောင်တန်းကြီးပေါ်တွင် ခင်အေးရေနံမှော် လုပ်ကွက်များမှ ရေနံစိမ်းထွက်ရှိမှု အားကောင်းနေသည့်အတွက် နေ့စဉ် ရေနံစိမ်းရောင်းရငွေ သိန်းဂဏန်းမျှဝင်ငွေရရှိကြောင်း သိရသည်။

ခင်းအေးရေနံမှော်မှ ထွက်ရှိသော ရေနံစိမ်းများသည် ရေနံစိမ်းအမျိုးအစားအဆင့်အတန်းမြင့်ကောင်းမွန်လျက်ရှိပြီး ထွက်ရှိလာသော ရေနံစိမ်းများဖြင့် ရေနံတွင်းတူးစက်များတွင် ပြန်လည်အသုံးပြု ခုတ်မောင်းခြင်းဖြင့် ရေနံစိမ်းတူးဖော်ရာတွင် အလွန်ကုန်ကျစရိတ်နည်းပါးကြောင်း လက်ရှိတူးဖော်နေသည့် ရေနံစိမ်းတွင်းပိုင်ရှင်များက ပြောသည်။ ထို့ကြောင့် ခင်အေးရေနံမှော်ရှိ ရေနံစိမ်းတူးဖော်ရေး လုပ်ငန်းရှင်များမှာ ရေနံစိမ်းထွက်ရှိမှု အလားအလာကောင်းမွန်ပြီး ရေနံစိမ်းတစ်ပေပါလျှင် ဒေသပေါက်ဈေး တစ်သိန်းဝန်းကျင်ခန့် ဈေးနှုန်းရှိသည်ဟု သိရသည်။

သို့သော် ဈေးနှုန်း အပြောင်းအလဲများအရ အတက်အကျရှိရာ တစ်နေ့လျှင် ရေနံစိမ်းသုံးပေပါထွက်ရှိသော တွင်းပိုင်ရှင်တစ်ဦးလျှင် အလုပ်သမား စာရိတ်ထုတ်နုတ်ပြီး အသားတင်ဝင်ငွေ ကျပ်နှစ်သိန်းဝန်းကျင်ခန့်ရရှိကြောင်းသိရသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၏ မြေအောက် သယံဇာတတစ်ခုဖြစ်သော ရေနံစိမ်းတူးဖော်လုပ်ကိုင်ရေးမှ ရရှိလာသောအခွန် ဘဏ္ဍာများမှာ ယခုထက် ဖွံ့ဖြိုးတိုးတက်လာဖွယ်ရာ အခြေအနေတစ်ရပ်ရှိကြောင်း မုံရွာမြို့ရှိ စီးပွားရေး ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ခင်အေးကျေးရွာအနီး၊ ခင်အေး သစ်တောကြိုးဝိုင်း လုပ်ကွက်အမှတ် ၄၇၊၄၈ နှင့် ၅၅ လုပ်ကွက်များပေါ်တွင် အဆိုပါ ရေနံတွင်းများတူးဖော်လုပ်ကိုင်နေခြင်းဖြစ်ရာ ရေနံစိမ်းတူးဖော်ရေး တွင်းပေါင်း ၂၀၀ ခန့်ရှိပြီး၊ ရေနံအထွက်ကောင်းသည့် တွင်းများမှာ တစ်နေ့လျှင် ရေနံစိမ်းသုံးပေပါမှ ငါးပေပါအထိ ရရှိသည်ဟု ရေနံတွင်းပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ ရေနံစိမ်းတူးဖော်ရေး ရေနံမှော်ကြီးတွင် မုံရွာရွှေအုပ်စုကုမ္ပဏီလီမိတက်မှ တာဝန်ယူ လုပ်ကိုင်လျက်ရှိပြီး ရေနံတွင်းသစ် တူးဖော်လုပ်ကိုင်လိုသူများ သိရှိလိုက်နာစေရန်အတွက်လည်း သတိပေးဆိုင်းဘုတ်ကြီးများ စိုက်ထူထားပေးကြောင်း သိရသည်။ ၎င်းသတိပေးဆိုင်းဘုတ်ကြီးများပေါ်တွင် ရေနံတွင်းသစ်တူးလိုသူများသည် အဆိုပါ ကုမ္ပဏီသို့ လာရောက်အသိပေး၍ မှတ်ပုံတင်ရမည်။ လက်ရှိ တွင်းပိုင်များက စာချုပ်ချုပ်ဆိုထားရှိရမည်။ ထွက်ရှိလာသည့် ရေနံစိမ်းများကို ကုမ္ပဏီက စီးပွားရေးဈေးကွက်များအရ ဈေးပေး၍ စံကိုက်ပေပါများဖြင့် ဝယ်ယူခြင်းကိုလက်ခံရမည်။ ထွက်ရှိလာသည့် ရေနံစိမ်းများကို ကုမ္ပဏီသို့ မတင်သွင်း၊ မရောင်းချဘဲ ပြင်ပဈေးကွက်သို့ ခိုးယူသယ်ထုတ်ရောင်းချခြင်း မပြုလုပ်ရန်ဖြစ်ကြောင်း သိရသည်။

ပုလဲ

ခင်အေး ရေနံမှော်လုပ်ကွက်များအား အဝေးမှမြင်တွေ့ရစဉ်။ ဓာတ်ပုံ - တိုးတိုးဝင်း (မုံရွာ)

တိုက်နယ်ဆရာဝန်ကြီး မရှိသဖြင့် ဒေသခံများ ကျန်းမာရေးအခက်ကြုံ

ဂန့်ဂေါ၊ မတ် ၁

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်စံပြကျေးရွာရှိ ကန်တိုက်နယ်ဆေးရုံကြီးတွင် တိုက်နယ်ဆရာဝန်ကြီး၏ ရာထူးနေရာလစ်လပ်နေသည့်အတွက် ဒေသခံပြည်သူများ ကျန်းမာရေးကိစ္စဖြစ်ပေါ်လာလျှင် အခက်ကြုံနေရကြောင်း ရပ်မိ၊ ရပ်ဖတစ်ဦးဖြစ်သည့် ဦးမြင့်အောင်က ပြောသည်။

ကန်ကျေးရွာ တိုက်နယ်ဆေးရုံကြီးသည် ယခင်က ကုတင် ၂၀ ဆံ့ ဆေးရုံကြီးဖြစ်သော်လည်း ၂၀၀၂ ခုနှစ် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး လက်ထက်တွင် တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာထားထားမှ အဆင့်မြှင့်ပေးရန် တင်ပြခဲ့မှုအပေါ် စစ်တိုင်းမှူးက ကုတင် ၅၀ ဆံ့ တိုက်နယ်ဆေးရုံကြီးအဖြစ် တိုးချဲ့မြှင့်တင်ပေးခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်များ၊ ကုသရေးထောက်ကူပြုပစ္စည်းများ၊ တိုးတက်ကောင်းမွန်စွာ ရှိသော်လည်းဆေးဝါးကုသပေးမည့် တိုက်နယ်ဆရာဝန်ကြီး မရှိသည့်အတွက် အရေးပေါ်လူနာများမှာမိုင် ၈၀ နီးပါး ခန့်ရှိသော ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ခက်ခက်ခဲခဲ သွားရောက်ဆေးကုသမှုခံယူရကြောင်း မီးဖွားလူနာရှင်တစ်ဦး က ပြောပြသည်။

"ရဲမှုခင်းဆိုင်ရာ ဆေးကုသမှုဖြစ်လာတဲ့အခါတိုင်း ကလေးမြို့ ဆေးရုံကို တိုင်းကျော်သွားရောက်ပြီး ဆေးစာလိုက်ယူရပါတယ်။ ရဲမှုခင်းဆိုင်ရာ မှုခင်းဆေးပညာ စစ်ဆေးချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဟံသာဝတီ ဆေးခန်းကိုသွား ရောက်ပြီး ရင်ခွဲစစ်ဆေးရပါတယ်။ အဲ့ဒါကြောင့် ရဲလုပ်ငန်းတွေအတွက်လည်း တိုက်နယ်ဆရာဝန်ကြီးမရှိတော့ အခက်ကြုံရပါတယ်" ဟု ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မိုးက ပြောပြသည်။

တိုက်နယ်ဆရာဝန်ကြီး မရှိသည့်အတွက် ရဲမှုခင်းဆိုင်ရာ ဆေးပညာထင်မြင်ချက်များ ရယူနိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များမှာ မိုင် ၅၀ ခန့်ဝေးသည့် ဟံသာဝတီဆေးရုံသို့ သွား၍ ဆေးပညာထင်မြင်ချက်များ တောင်းခံရယူသည့်အတွက် ရဲလုပ်ငန်း တရားစွဲဆိုရေးကိစ္စရပ်များတွင် မလိုလားအပ်ဘဲ ကြန့်ကြာမှုများဖြစ်ပေါ်နေရသည်ဟုသိရသည်။

၂၀၀၂ ခုနှစ်ခန့်က အဆိုပါ ဆေးရုံကြီး၏ ကုသရေးဆိုင်ရာ ထောက်ကူပြုကိစ္စရပ်များကို လက်ရှိတိုက်နယ်ဆရာဝန် ဒေါက်တာထားထားမှ အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်ပေးခဲ့သော်လည်း တိုက်နယ်ဆရာဝန် နှစ်ဆက် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လာခဲ့ပြီးနောက် ယနေ့အထိ ၎င်းဆေးရုံကြီးတွင် တိုက်နယ် ဆရာဝန် လစ်လပ်နေခြင်းဖြစ်သည်။

ကန်တိုက်နယ်ကြီးသည် ဒေသခံပြည်သူ လူဦးရေသုံးသောင်းကျော်ခန့် မှီတင်းနေထိုင်ပြီး ကန်၊ကန်သာ၊ ဘော်ပြင်း၊ ကျွန်းခုံသာ၊ ရှေရှင်မ၊ မွှေ့လယ်၊ ထယ်လှော်၊ရွှေတောင် စသည့်ကျေးရွာများမှကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် တိုက်နယ်ဆေးရုံကြီးကို အာကိုးနေရခြင်းဖြစ်သည်။

တိုးတိုးဝင်း (မုံရွာ)

မုံရွာမြို့ တည်းခိုခန်းအတွင်းမှ စိတ်ကြွ မူးယစ်ဆေး ၁၄၅ ပြားများအား သိမ်းဆည်းရမိ

မုံရွာ၊ မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ တည်းခိုခန်းတစ်ခု၏ အိပ်ခန်းတစ်ခန်းအတွင်းမှ ယခုလ ၂၅ ရက်နေ့ မနက် ၁၀ နာရီခွဲအချိန်က မူးယစ်စိတ်ကြွဆေးပြားများ တွေ့ရှိရသဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

မုံရွာအခြေစိုက် မူးယစ်တပ်ဖွဲ့စု(၈) မုံရွာမှ ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းများအရ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ရှင်းရှင်းတည်းခိုခန်း အခန်းအမှတ် (၁၀၃) အား ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ အဆိုပါအခန်းတွင်း တည်ခိုနေထိုင်သော ကိုလင်းလင်းထွန်း(ခ)ပေါင်ချိန်၏ အိပ်ယာကုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတမ်းပါ မူးယစ်စိတ်ကြွဆေးပြားလိမ္မော်ရောင် ၁၄၅ ပြားရှိ အထုပ်တစ်ထုပ်ကို သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မူးယစ်စိတ်ကြွဆေးပြားများ လက်ဝယ်တွေ့ရှိသူ လင်းလင်းထွန်း(ခ)ပေါင်ချိန်အား အရေးယူပေးပါရန် အဆိုပါ မူးယစ်အဖွဲ့မှ မုံရွာမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် ရဲစခန်းက မူးယစ်(ပ) ၂/ ၂၀၁၄ အရအမှုဖွင့် လက်ခံခဲ့ကြောင်းသိရသည်။

တိုးတိုးဝင်း(မုံရွာ)

ရွှမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချခြင်း

ကန့်ကွက်နိုင်ပါသည်

Vocational Engineering Training Center
HM TECHNOLOGIES
- PLC & Automation System Engineering
- Skill Electrician (G-2) (M&E, Marine)
- Electrical Control & Automation System
- Auto CAD (2D&3D)
- 3Ds Max
- PIC Vs Embedded System Applications
- Industrial Electronic Skill Applications
- E-CAD (Electrical Drawing & Design)
- M&E (Drawing & Design)
- Revit MEP

မိတ္ထီလာ မီးဘေးသင့်ပြည်သူများအတွက် အိမ်ရာများမေလတွင်ပြီးစီးမည်

ကလေး–ကလေးဝလမ်း၊ မြန်မာ–အန္တိယ ချစ်ကြည်ရေး လမ်းမကြီးပေါ်ရှိ တံတားများအနက်အရှည်ဆုံးတံတားဖြစ်သော ဝါးရဲချောင်းတံတားကို ၂၀၁၃ –၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၇၀၀ အသုံးပြု၍ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ တံတားအမှတ် ၂ / ၅ ကလေးဝ–ကျီကုန်း–တမူးလမ်း မိုင်တိုင် အမှတ် ၄ / ၅ နှင့် ၄ / ၆ ကြားတွင်တည်ရှိပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)က တာဝန်ယူလျက် အကြီးစား သံကူကွန်ကရစ်တံတားဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဝါးရဲ ချောင်းသံကူကွန်ကရစ်တံတားကို အရှည် ၂၉၀ ပေ၊ အကျယ် ၂၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ဖြင့် သံကူကွန်ကရစ် ကြမ်းခင်းဖြင့် တည်ဆောက်မည်ဖြစ်ပြီး ပထမကြိမ်ခွင့်ပြုရန်ပုံငွေနှင့် ကွန်ကရစ်ယက်မများ အားလုံးပြီးစီးသည်အထိ ဆောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ သတင်းနှင့် ဓာတ်ပုံ - ဂျူနိုင်း

မိတ္ထီလာ၊ မတ် ၁

မိတ္ထီလာတွင် မီးဘေးသင့် ပြည်သူများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လုံးချင်းတိုက်ခန်းများ တည်ဆောက်ပေးနေသည်ဖြစ်ရာ ဆောက်လုပ်မှုများ မေလဆန်းတွင် ပြီးစီးရန် ရည်ရွယ်ထားပြီး မိုးမကျမီ နေရာချထားပေးနိုင်မည်ဟု သိရသည်။

မီးဘေးသင့် ပြည်သူများအတွက် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေတွင် လုံးချင်းတိုက်ခန်း ၂၇၃ လုံး အပါအဝင် အဆောက်အအုံများ တည်ဆောက်ပေးရန် လျာထားခဲ့ရာမှ အဆိုပါ လုံးချင်းတိုက်ခန်းများအနက် လုံးချင်းတိုက်ခန်း ၅၅ လုံးမှာ ၉၅ ရာခိုင်နှုန်း၊ လုံးချင်းတိုက်ခန်း ၆၃လုံးမှာ ၉၀ ရာခိုင်နှုန်း၊ လုံးချင်းတိုက်ခန်း ၄၀ လုံးမှာ ၈၀ ရာခိုင်နှုန်း၊ လုံးချင်းတိုက်ခန်း ၃၃လုံးမှာ ၆၀ ရာ ခိုင်နှုန်း၊ လုံးချင်းတိုက်ခန်း ၇၂ လုံးမှာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး အကွက်ချပြီးမစတင်ရသေးသည့် တိုက်ခန်းမှာ ၁၀ လုံး ရှိကြောင်း သိရသည်။ ထို့ပြင် သုံးထပ်ခြောက်ခန်းတွဲ တိုက်နှစ်လုံးတို့ကိုလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မြေယာအရှုပ်အရှင်းမရှိသော မီးဘေးသင့်ပြည်သူများကို နေထိုင်ခွင့်ပြု . . .

အဆိုပါတိုက်ခန်းများတွင် မြေယာအရှုပ်အရှင်းမရှိသော မီးဘေးသင့် ပြည်သူများကို နေထိုင်ခွင့် ပေးသွားမည်ဟု သိရသည်။ ထို့ပြင် မြေယာအရှုပ်အရှင်းရှိသူများကို ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်ထားရှိပြီး စိစစ်ရေးအဖွဲ့များဖြင့် မြေပိုင်ဆိုင်မှုများကို စိစစ်ဖြေရှင်းပေးလျက် ရှိ သည်။ လုံးချင်းတိုက်ခန်း အရေအတွက်ကို ၂၇၃ လုံးမှ ၃၅၀ လုံးထိ တိုးပြီး ဆောက်လုပ်နိုင်ရန် အလှူရှင်များ ရှာဖွေလုပ်ဆောင်သွားရန် ရှိသည်ဟု မိတ္ထီလာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် သီရိမင်္ဂလာရပ်ကွက်တွင် မီးလောင်ပြင် အဆောက်အအုံ ၂၆ လုံးကို ပြန်လည်ပြင်ဆင်ခွင့် ပေးထားပြီးဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သည့် မိတ္ထီလာဖြစ်စဉ်တွင် မီးဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်ထားပြီး အိမ်ထောင်စု ၁၀၀၂ စု၊ လူဦးရေ ၄၁၇၆ ဦး ရှိသည်။ **အောင်(မန်း)**

မုံရွာမြို့ ဘဏ်အနီးတွင် စကေဘာဆောင်ထားသည့် ဆိုင်ကယ်စီးလူငယ်တစ်ဦးအား ဖမ်းဆီး၍ထောင် နှစ်လချ

မုံရွာ၊ မတ် ၁

မကြာခဏ လုယက်မှုများ ဒေသတွင်းဖြစ်ပေါ်ခဲ့ပြီးနောက် ဘဏ်လုပ်ငန်းများနှင့် ရွှေရတနာအရောင်းဆိုင်များအား ရဲတပ်ဖွဲ့ဝင်များမှ စောင့်ကြပ်သတင်းရယူနေစဉ် မုံရွာမြို့၊ ဆူးလေကုန်ရပ်ကွက်၊ ဘူတာလမ်းရှိ ရိုးမဘဏ် အနီး၌ စကေဘာကိုင်ဆောင်ထားသည့် ဆိုင်ကယ်စီးလူငယ်တစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း မုံရွာခရိုင်ဒုစရိုက်အထူးနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်လင်းထက်နိုင်က ဖေဖော်ဝါရီ ၂၇ ရက်က ပြောသည်။

ဘဏ်လုပ်ငန်းကြီးများတွင် ငွေသွင်း၊ ငွေထုတ်များ အထူးစည်ကားလျက်ရှိသောလကုန်ရက်များရောက်ရှိလာပါက ရဲတပ်ဖွဲ့ဝင်များကအထူးစောင့်ကြပ်၍ နည်းလမ်းမျိုးစုံဖြင့် လုံခြုံရေးအား တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခိုး၊ ဆိုး၊ နှိုက် သတင်းများ စောင့်ကြပ်ရယူနေစဉ် ဇန်နဝါရီလ ၃၁ ရက်က မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ ကွက်သစ်ရပ်ကွက်နေ အသက် ၁၉ နှစ်ရှိ ကောင်းခန့်ပိုင်သည် FZ ဆိုင်ကယ် အနက်ရောင် တစ်စီးဖြင့် ရိုးမဘဏ်အနီး ခေါက်တုံ့ခေါက်ပြန် အကြောင်းမရှိသွားလာနေသည်ကို ရဲများကတွေ့ရှိရသဖြင့် စစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ ထိုသူ စီးနင်းလာသည့် ဆိုင်ကယ်၏ရှေ့မီးခွက်နှင့် လက်ကိုင်အကြား၌ အရှိုးအသွား ၁၁ လက်မရှိ ဦးချွန် စကေဘာတစ်ချောင်း အသင့်ထည့်ထားသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် မြို့မရဲစခန်းတွင် အရေးယူပေးရန် ဒုရဲအုပ် စိုးနိုင်က သက်သေအဖြစ်ပြုလုပ်၍ ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုင်ကြားချက်ကို ရဲစခန်း က(ပ)၃၅/ ၂၀၁၄ လက်နက်ပုဒ်မ ၁၉(င)အရအမှုဖွင့်အရေးယူခဲ့သည်။ ထို့နောက် အမှုစစ်ရဲအရာရှိက မုံရွာမြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့ရာ တရားရုံးက ပြစ်မှုဆိုင်ရာ အမှုအမှတ် ၂၆၉၄ / ၂၀၁၄ အရ ကြားနာစစ်ဆေးခဲ့ပြီး ထိုသူအား အလုပ်နှင့် ထောင်ဒဏ် နှစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

တိုးတိုးဝင်း(မုံရွာ)

မြို့တော်စည်ပင်နှင့် အီတလီနိုင်ငံ CESVI တို့ပူးပေါင်း၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်

ရန်ကုန်၊ မတ် ၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်းရေးဌာနနှင့် အီတလီနိုင်ငံ CESVI-NGO အဖွဲ့တို့ ပူးပေါင်းကာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ၌ စတင်ပြုလုပ်ခဲ့သည်။

CESVI အဖွဲ့ခေါင်းဆောင် Mr. Goetano Romanou က EU ရန်ပုံငွေဖြင့် ကျန်စစ်သားအိမ်ယာကို စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ကာ သန့်ရှင်းသာယာလှပစေရန် သန့်ရှင်းရေးဌာနနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သုံးနှစ်စီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းစတင်လုပ်ကိုင်ရာတွင် မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်းမှူး ဦးသန်းထိုက်အောင်က အီတလီ နိုင်ငံမှ CESVI အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ပြီး ရပ်ကွက်အတွင်း စုပေါင်း၍ အမှိုက်ကောက်ခြင်း၊ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြား စွန့်ပစ်ရန် လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြသည်။ **၁၉၇**

စစ်ကိုင်းမြို့ သမိုင်းဝင် မဟာစည်းခုံတော်ကြီး စေတီတော် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော် ကျင်းပမည်

စစ်ကိုင်း၊ မတ် ၁

စစ်ကိုင်းမြို့၊ သမိုင်းဝင် မဟာစည်းခုံတော်ကြီးစေတီတော်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်နှင့် စစ်ကိုင်းမြို့၊ သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ဘုရားကြီး၏ သက်တော် ၇၇ နှစ်ပြည့် မဟာဝိဇာတမွေးနေ့မင်္ဂလာ၏ အထိမ်းအမှတ်ဖျော်ဖြေပွဲများကို တပေါင်းလဆန်း ၁၁ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၂ ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

တပေါင်းလဆန်း ၁၁ ရက်နေ့တွင် မဟာစည်းခုံတော်ကြီးဘုရား၏ ရင်ပြင်တော်ပေါ်၌ သံဃာတော် အပါး ၁၀၀ တို့အား ဆွမ်းတော်ကြီးလောင်းလှူသွားမည်ဖြစ်ပြီး ညပိုင်းတွင် ဓမ္မသဘင်တရားပွဲ ကျင်းပပြုလုပ်ပူဇော်သွားမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၃ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၂ ရက်အထိ သီတဂူဆရာတော်ဘုရားကြီး၏ သက်တော် ၇၇ နှစ်ပြည့် မဟာဝိဇာတမွေးနေ့ပျော်ပွဲရွှင်ပွဲ ဖျော်ဖြေတင်ဆက်ပွဲများကို မဟာစည်းခုံတော်ကြီးစေတီတော်၏ ပရိဝုဏ်အတွင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော် မန္တလေးဖိုးချစ်ဇာတ်အလှသဘင်အဖွဲ့ကြီးမှ နှစ်ညတိုင်တိုင် ကပြတင်ဆက်မည်ဖြစ်ပြီး နိုင်ငံကျော်ကျောက်စိမ်းဆိုင်းတော်မင်္ဂလာအဖွဲ့နှင့် အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ကြီးတို့ကလည်း နာမည်ကျော်တေးသံရှင်များနှင့်အတူ တေးသံသာများဖြင့် သီဆိုတင်ဆက်ဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင် ဦးမျိုးကျော်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ သမိုင်းဝင် မဟာစည်းခုံတော်ကြီးကို သက္ကရာဇ် ၇၁၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် စစ်ကိုင်းနန်းစံ ဆင်ဖြူသခင်သီဟပတိနှင့် မိဖုရားစိုးမင်းကိုယ်တော်ကြီးတို့ တည်ထားခဲ့ခြင်းဖြစ်သည်။ သဘာဝဘေးဒဏ်၊ ငလျင်ဒဏ်၊ စစ်ဘေးစစ်ဒဏ်တို့ကြောင့် နှစ်ပေါင်း ၆၀၀ မျှ ကာလအတွင်း ပစ္စယာအထိ ပြိုကျပျက်စီးနေခဲ့ရာ ၁၃၇၁ ခုနှစ်တွင် သီတဂူဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် ဦးဆောင်မှုကိုခံယူ၍ နိုင်ငံတော်အကြီးအကဲများက ပြန်လည်ပြုပြင်တည်ထားခဲ့ခြင်း ဖြစ်သည်။

စစ်ကိုင်းမြို့၊ သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ သီတဂူဆရာတော်ဘုရားကြီး၏မွေးနေ့မှာ တပေါင်းလပြည့်နေ့ဖြစ်ပြီး သီတဂူဆရာတော်ကြီး၏ မဟာဝိဇာတမင်္ဂလာအခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိကြောင်း သိရသည်။

နန္ဒာမင်းလွင်

စစ်ကိုင်းမြို့ရှိ သမိုင်းဝင် မဟာစည်းခုံတော်ကြီး စေတီတော်ကို ဖူးတွေ့ရစဉ်။

သတင်းတိုများ

ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် Mobile Library ပြုလုပ်

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများအား အိမ်တိုင်ရာရောက် အခမဲ့ စာပေဖတ်ရှုလေ့လာနိုင်ရန် Mobile Library များကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် Mobile Library ကို ပြုလုပ်ခဲ့သည်။ မြို့နယ်ရဲမှူးသန်းဆင့်က ရဲအရာရှိများ၊ ရဲဝန်ထမ်းများနှင့် မိသားစုများအား စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများကို ရှင်းပြပြီး ဝန်ထမ်းများနှင့် မိသားစုများကို အားလပ်ချိန်တွင် စာပေဖတ်ရှုလေ့လာရန် ပြောကြားသည်။ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက Mobile Library ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြပြီး ရဲအရာရှိများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ဖတ်ရှုလေ့လာလိုသော စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝင်းပပထွန်းနှင့် ဝန်ထမ်းများက ငှားရမ်းပေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့အတွင်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား စာကြည့်တိုက်အသင်းဝင်ကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သန်းဇော်မင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသခံကော်မတီများ ပူးပေါင်းဆွေးနွေး

ပြည်ထောင်စုအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖေဖော်ဝါရီ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တော်ခန်းမ၌ကျင်းပပြီး ကျေးလက်ဒေသဖွံ့ ဖြိုးရေးဆိုင်ရာ အစိုးရအဖွဲ့ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် အခြားသက်ဆိုင်ရာဆပ်ကော်မတီများ၊ အဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးတင်ငွေ၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

(ကျော်ကျော်လတ်)

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အလုပ်ရုံဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ

မန္တလေး၊ မတ် ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလမ်းစိုပြေရေးဦးစီးဌာနက ဦးစီးကျင်းပသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်းဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်ခြင်းကို အထောက်အကူပြုစေခြင်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးတို့တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေး ဆောင်ရွက်ခြင်း၊ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို နှစ်ရှည်စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်း ၄ ရပ် အနက် တတိယအချက်ဖြစ်တဲ့ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေး ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဟု အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုပါဆွေးနွေးပွဲတွင် ပြောကြားသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့မှ အရာထမ်းများ၊ တိုင်းဒေသကြီး ၃ ခုအတွင်းရှိ စွမ်းအားမြှင့်မီးဖိုနှင့် လောင်စာတောင့်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ အရောင်းကိုယ်စားလှယ်များ၊ ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာများမှ ဒေသခံများနှင့် စာတမ်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း (ပြန်/ဆက်)**

River Art
Ph - 095028986, 095031107, 095008411
နှင်းကလေးပန်းချီ
"ပွင့်ဖူး" အင်ဒိုနီးရှားပါတိတ်၏ အထူးအစီအစဉ်
၂၀၁၄ နှစ်သစ်ကူးကို ကြိုဆိုသောအနေဖြင့်
၂၀-၂-၂၀၁၄ မှ ၁၀-၄-၂၀၁၄ အထိ
ပွင့်ဖူးပါတိတ်၊ ဆိုင်အမှတ်(၇၇၉)၊ မြေညီထပ်၊ အဆောင်မြင့်မင်္ဂလာဈေး။ Ph:01-386549, 5119081, 5079593
ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဖြူဖြူဝင်းခိုင်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
အိမ်ရောင်းမည်

အတွေးအမြင်

"အရောက်ပို့ပြီ ပြည်သူ့ဆီ လှမ်းလို့ကြိုစေချင်"

vS;pef(a&Vkt)

ယနေ့အချိန်အခါသည် မြန်မာတစ်နိုင်ငံလုံး ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်နေသည့်အချိန်အခါဖြစ်ပေသည်။ မိမိတို့ သက်ဆိုင်ရာဌာနအလိုက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကဏ္ဍအသီးသီးမှာ အကောင်းဆုံးပြုပြင် ပြောင်းလဲနေသည့်အချိန် ဖြစ်ပေသည်။ ပြည်သူတွေအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ထင်သာမြင်သာပြုလုပ်ဆောင်ရွက်နေသော အချိန်အခါလည်း ဖြစ်ပေသည်။

ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ရည်မှန်းချက် တာဝန်(၇)ရပ်မှာ "ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပြည်သူလူထုအား အသိပညာပြန့်ပွားစေရန်နှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ကျယ်ပြန့်အောင် ဆောင်ရွက်ရန်"ဟူသည့် ရည်မှန်းချက်နှင့်အညီ ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများမှာ မိမိတို့ရရှိထားသည့် ရာထူးတာဝန်များအပြင် သက်ဆိုင်ရာကဏ္ဍအလိုက် မမောမပန်း ကျရာနေရာများ၌ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး တစ်ရုံးဝင်တစ်ရုံးထွက် သုတ၊ ရသစာအုပ်များစွာကို ခြင်းတောင်းနှင့်တစ်ဖုံ၊ အိတ်နှင့်တစ်သွယ် သင့်တော်သော နေရာကိုလိုက်ပြီး ကားငှား၍လည်းကောင်း၊ ဆိုက်ကားငှား၍ လည်းကောင်း ပြည်သူတွေဆီအရောက် စာဖတ်စေချင်သည့်ဆန္ဒ၊ စာဖတ်ရင်းရရှိလာမည့် ဗဟုသုတများနှင့်အတူ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုစေနိုင်သည့် ပြည်သူပြည်သားတွေဖြစ်စေချင်တဲ့ ဆန္ဒနှင့်အတူ စာပေဟင်းလေး အိုးကြီးကို အမယ်မျိုးစုံနှင့် စားသောက်နိုင်ရန်အတွက် ပြည်သူတွေလက်ဝယ်အရောက် ပို့နေကြသည့် ဝန်ထမ်းများကိုကြည့်ရင်း ရင်၌ကျေနပ်ပီတိဖြစ်မိသည်။

နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုသိချင်ရင် စာကြည့်တိုက်တွေကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်ဟုဆို၏။ "စာကြည့်တိုက်များသည် လောက၏ပြတင်းပေါက်" "ပညာဘဏ်တိုက်စာကြည့်တိုက်က်"ဟု ဆိုခဲ့ပေသည့် ရန်ကုန်မြို့ကြီးမှာနေကြသည့် ပြည်သူတွေဘာကြောင့် စာကြည့်တိုက်ကို စာလာမဖတ်နိုင်ကြလဲ၊ ဘဝအမျိုးမျိုး၊ စိတ်အထွေထွေရှိပေလိမ့်မည်။ ဝမ်းရေးကရှာ၍မလွယ်ခက်ခဲနေသည့်အချိန်မှာ ပြည်သူတွေ မိသားစုလိုက် အလုပ်လုပ်နေကြရသည်။ ဟိုးခေတ်အခါကလို အိမ်ထောင်ဦးစီးလစာတစ်ခုတည်းဖြင့် မိသားစုဘဝ မဖူလုံနိုင်ပေ။

သို့အတွက်ကြောင့် စာကြည့်တိုက်မှာစာဖတ်ဖို့ကို အချိန်မပေးနိုင်ကြပါဘူး။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များတွင် ဖတ်ချင်စရာကောင်းသော ဂန္ထဝင်စာအုပ်များ၊ ရှားပါးစာအုပ်များ၊ အတ္ထုပ္ပတ္တိများ၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ စီးပွားရေးစာအုပ်ကောင်းများနှင့်မဂ္ဂဇင်းများ၊ ဝတ္ထုကောင်းများအပြင် ကလေးများအတွက်ကလေးစာဖတ်ခန်းထားရှိပေးပြီး ကလေးများအကြိုက် ရွှေသွေး၊ တေဇ(ရုပ်စုံ)ပလုပ်တုတ်၊ ပုတက်ဂျာနယ်၊ မြတ်မင်္ဂလာ၊ မင်္ဂလာမောင်မယ်ရုပ်ပြမျိုးစုံတို့ကို ထားရှိခဲ့ပေသည်။ စာကြည့်တိုက်၌ စာအာဟာရကို ခပ်ယူစားသုံးဖို့အတွက် အကြောင်းမျိုးစုံ၊ အခက်အခဲမျိုးစုံကြောင့် ဖတ်ချင်စရာကောင်းတဲ့စာအုပ်တွေရှိနေသော်လည်း စားသောက်နေ ထိုင်ရေးအတွက် လုံးပန်းနေကြရသည်။ ပြည်သူတွေရဲ့အခက်အခဲကို အပြစ်မဆိုသာပေ။ ထို့ကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ကြီးဌာန ရည်မှန်းချက်များနှင့်အညီ ပြည်သူတွေစီအရောက် လိုအပ်တာကို ဖြည့်ဆည်းပေးဖို့ ဝန်ထမ်းများအားလုံး ကြိုးစားလှုပ်ရှားနေကြပြီ။ ပြည်သူများ ဗဟုသုတတိုးပွားစေရန်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ပြည်သူအများ စာဖတ်မှု အားနည်းသည်ကို တွေ့ရသည့်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်တိုးတက်စေရန်အတွက် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်သုံးသပ်ချက်ပြိုင်ပွဲများကို ကျင်းပပေးပြီးဆုရရှိသူများကို

ရန်ကုန်မြို့ကြီးမှာနေကြသည့် ပြည်သူတွေဘာကြောင့် စာကြည့်တိုက်ကိုစာလာမဖတ်နိုင်ကြသလဲ. . . . .

ဖောင်ဒေးရှင်းက ဆုများချီးမြှင့်ပေးသည်ကိုတွေ့မြင်ကြရပြီဖြစ်သည်။ ယခုဆိုလျှင်လည်း အခက်အခဲအမျိုးမျိုးကြောင့် စာမဖတ်နိုင်သည့် ပြည်သူအများ ရှေ့သို့အရောက်သဘော်ဆိပ်၊ကားဂိတ်၊ရထားဘူတာရုံ၊လေယာဉ်ကွင်းတို့တွင် 'စာပေရေချမ်းစင်' များ ထားရှိသည်ကို တွေ့မြင်ကြရလေပြီ ခဏတာကားစောင့်ရင်း၊ ရထားစောင့်ရင်း၊ သင်္ဘောစောင့်ရင်း သုတ၊ ရသစုံလင်စွာ ထားရှိပေးသည့် 'စာပေရေချမ်းစင်' ရှိ ဟင်းအမယ်မျိုးစုံကို မိမိတို့စိတ်ကြိုက် ရွေးချယ်စားသုံးရင်း အပန်းဖြေအနားယူစောင့်စားရင်း ဗဟုသုတမျိုးစုံကို ပြည်သူပြည်သားများ ရရှိသွားကြမည်ဆိုလျှင် ကျေနပ်အားရဖွယ်ရာဖြစ်ပေသည်။ ပြည်သူပြည်သားတွေကို စာဖတ်စေချင်သည်။ စာဖတ်ပါမှ ဗဟုသုတပြည့်ဝပြီး လူများ အလိမ်မခံရမည်ဖြစ်သည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ အလိမ္မာစာမှာရှိ"ဟူသော စကားတို့သည် အလွန်ကြီးကျယ်သော စကားများဖြစ်သကဲ့သို့ အလွန်လည်း ကျေးဇူးကြီးလှပါသည်။ စာအုပ်စာပေသည် ကျယ်ဝန်းသော လူ့လောကကြီးကို တွေ့ထိနိုင်သည်။ တွေးခေါ် မြော်မြင်မှုဉာဏ်ကိုလည်း ရင့်သန်စေနိုင်သည်။ ဒါကြောင့် စာအုပ်စာပေသည် ကျွန်မတို့လက်တွဲသင့်သည့် ထာဝရအဖော်မွန်ဖြစ်ပါသည်။ ထို့ပြင် "စာဖတ်ခြင်းဖြင့် အရာအားလုံးပြီးပြည့်စုံစေသည်" "စာဖတ်ခြင်းသည် သူများထက်ခေါင်းတစ်လုံးပိုမြင့်သည်" "စာဖတ်ခြင်းသည် တတိယမျက်လုံးကို ပိုင်ဆိုင်ခြင်းဖြစ်သည်"ဟူသော ဆရာ့ ဆရာကြီးများ၏ အဆိုအမိန့်တို့ကို မကြာမကြာ မှတ်သားမိသည်။ ထို့ကြောင့် ပြည်သူတွေ အသိဉာဏ်ဗဟုသုတ တိုးပွားစေရန်အတွက် စာဖတ်စေချင်သည်။ မအားလပ်လို့၊ အချိန်မရဟုဆိုပြီး စာမဖတ်နိုင်သူ ပြည်သူတွေ အသိပညာပြန့်ပွားဖို့ ဝန်ကြီးဌာန ရည်မှန်းချက်နှင့်အညီ ပြည်သူတွေနှင့်အနီးစပ်ဆုံးဖြစ်အောင် အရောက်ပို့မည့် မီနီစာပေရေချမ်းစင်ကလေးများကိုလည်း ဘာသာရပ်(၁၂)မျိုးဖြစ်သည့် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး၊ စိုက်ပျိုးရေး၊ အတ္ထုပ္ပတ္တိ၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အနုပညာ၊ မွေးမြူရေး အကြောင်းအရာစုံလင်စွာဖြင့် တစ်လတစ်ခါ မရိုးနိုင်သည့် အကြောင်းအရာများဖြင့် ရပ်ကွက်အတွင်းရှိ လူစည်ကားရာနေရာများဖြစ်သည့် ဈေး၊ ကားဂိတ်၊ ကျောင်း၊ ကျန်းမာရေးဆေးခန်း၊ ဘူတာရုံ၊ အလုပ်ရုံ၊ သက်ဆိုင်ရာရုံးဌာနများ၌ စိတ်တိုင်းကျယူဖတ်လို့ရအောင်ထားရှိ ဆောင်ရွက်ပေးထားသည်မှာ ကျေးဇူးတင်ဖွယ်ရာကောင်းသော 'ဆုလာဘ်' တစ်ခုဆိုရင်လည်း မမှားနိုင်ပါ။ ယခုအချိန်အခါဆိုရင် ကျွန်မတို့ဝန်ထမ်းတွေ စာကြည့်တိုက်မှာ စာလာဖတ်သူမရှိလို့ ထိုင်ပြီး စိတ်ပျက်နေရမည့်အချိန် မဟုတ်တော့ပါ။

စာကြည့်တိုက်ကို သူတို့မလာကြဘူး။ သူတို့လာအောင်ငါတို့ ဘာလုပ်ကြမလဲ စဉ်းစားပြီး အဖြေညှိလိုက်သည့်အခါကျတော့ အကောင်းဆုံးအဖြေတစ်ခုထွက်လာသည်။ အဲဒီအဖြေကတော့ "(၁၁-၁၁-၂၀၁၂)အမျိုးသားပြတိုက်၊ ဘက်စုံခန်းမမှာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ စတုတ္ထလေးနှစ်သက်တမ်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ခြင်း"ဆိုင်ရာ အလုပ်ရုံဆွေး နွေးပွဲမှာ စာတမ်းတင်သွင်းသည့် ဆရာမတစ်ဦး၏ စကားအတိုင်း ကျွန်မတို့ဝန်ထမ်းတွေ လက်တွေ့ကျကျ အကောင်အထည်ဖော်နေကြပါပြီ။ ထိုစကားမှာ "မိုဟာမက်က တောင်ခြေကို ကျန်းမာရေးမကောင်းလို့ မသွားနိုင်ဘူး။ သူနေမကောင်းတာကို ထိုင်မစောင့်ပါနဲ့တဲ့။ မိုဟာမက်က တောင်ခြေကို မသွားနိုင်ရင် တောင်က မိုဟာမက်ဆီသွားရမည်" ဟူ၏။

အဲဒီအဆိုအတိုင်း ဝန်ထမ်းများအားလုံး ကိုယ့်ရပ်ကွက်ထဲမှာရှိနေတဲ့ ကျောင်းတွေ၊ ရုံးတွေ၊ ရပ်ကွက်ရုံးတွေကို လူကိုယ်တိုင်အရောက်သွားပြီး သုတ၊ ရသစာအုပ်မျိုးစုံကို လှည့်ပြီးငှားပေးနေကြပြီ။ ကိုယ်တိုင်အရောက်သွားလို့ ပြည်သူတွေစီကို အသိပညာဗဟုသုတ အသိဉာဏ် ပေးအပ်နိုင်ခဲ့ပြီ။ တစ်နေရာကို တစ်ပတ်အငှားထားခဲ့ပြီး အုပ် ၁၀၀ ပါရင် အကုန်ငှားထားခဲ့ရသည်။ ပြည်သူတွေစီကို အရောက်ပို့တဲ့စနစ်၊ မိုဘိုင်း(ရွေ့လျားစာကြည့်တိုက်ဆိုရင် မမှားပါဘူး။ ဟို အရင်ခေတ်တွေထဲက ဒီစနစ်ရှိခဲ့ပါသည်။ စက်ဘီး၊ တွန်းလှည်း၊ ဆိုင်ကယ်တွေနဲ့ အိမ်အရောက်ငှားသည့်စနစ်ပေါ့။ ကျွန်မတို့ရန်ကုန်မှာတော့ သွားရမယ့်ရပ်ကွက်ကိုကြည့်ပြီး ဆိုက်ကား၊ ကားငှားပြီး သွားကြရသည်။ ဝန်ထမ်းတွေ အလှည့်ကျ တက်တက်ကြွကြွ လုပ်ဆောင်နေကြပြီ။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အတွက် ပြည်သူတွေစီ အရောက်သွားပြီး အားကြိုးမာန်တက်လှုပ်ရှားဆောင်ရွက်နေကြပြီ။

"ပေးတဲ့သူကပေးနေပေမယ့် ယူတဲ့သူက ယူတတ်မှရသည်"ဆိုသလို အရသာစုံလင်လှတဲ့ စာပေဟင်းလေးအိုးကြီးကို ပြည်သူတွေစီအရောက် အဆင့်ဆင့်ခပ်ယူ သောက်သုံးနိုင်အောင် ပို့ဆောင်ပေးနိုင်ကြသည့်အတွက် ပြည်သူအများ စာဖတ်ကြဖို့သာ လိုအပ်ပါသည်။ မိမိလိုချင်သည့် စာများကို ရှာဖွေ၍ဖတ်ရင်း တခြားဗဟုသုတရဖွယ် အကြောင်းအရာများကိုပါ သိရသည့်အတွက် စာကိုရှာ၍ဖတ်ကြပါ။ ရလာသည့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံဘဲ စာများများဖတ်ကြပါဟု အသိပေးတိုက်တွန်းရေးသားလိုက်ရပါသည်။

]tvS;wlrf aw;p&DacmwfquyfOGif;y

မော်လမြိုင်ကျွန်း၊ မတ် ၁

မြန်မာ့ရိုးရာ ဆိုင်းပညာကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ရေးကို ရှေးရှုပြီး ချစ်စရာ့ မြန်မာ့ဓလေ့ အလှူမင်္ဂလာပွဲများကို သရုပ်ဖော်ထားသည့် "အလှူကြီးပေးတဲ့အိမ်" တေးစီးရီးမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက မော်ရွှေဝါခန်းမဆောင်၌ ကျင်းပခဲ့သည်။

ယင်းအလှူကြီးပေးတဲ့အိမ် တေးစီးရီးအခွေတွင် နိုင်ငံတော် ဆို၊ က၊ ရေး၊ တီး ရွှေတံဆိပ် ၁၉ ဆုရှင် သီရိမောင်မောင်၏ သရုပ်ဖော်စီစဉ်မှုနှင့် နိုင်ငံတော် ဆို၊ က၊ ရေး၊ တီး ရွှေတံဆိပ် ငါးဆုရှင် ပြည်ဟိန်းကျော် မြန်မာ့ဆိုင်းအဖွဲ့မှ ဝိုင်းတီးခေါင်းဆောင် ဦးကျော်ဦးနှင့်အဖွဲ့တို့၏ အလှူမင်္ဂလာပွဲ တီးကွက်ဆန်းများကို ဂီတသံစဉ်မျိုးစုံဖြင့် ပေါင်းစုခံစားစေရမည့် မြန်မာ့ဓလေ့ အလှူမင်္ဂလာပွဲ တေးစီးရီးအခွေ ဖြစ်သည်။

တေးစီးရီးအခွေတွင် မြန်မာ့ဆိုင်းအဆိုတော်များ၏ အလှူမင်္ဂလာပွဲ သီချင်းများနှင့် ပြည်ဟိန်းကျော် မြန်မာ့ဆိုင်းအဖွဲ့၏ ဆိုင်းလက်သံများကို မြန်မာ့ဆိုင်းချစ်ပြည်သူများ တဝကြီးနားဆင်ရမည် ဖြစ်သည်။ ယင်းတေးစီးရီးအခွေကို ရန်ကုန် ဝေယံမောင်စတူရီယိုတွင် အသံသွင်းပြီး မကြာမီဖြန့်ချိပေးသွားတော့မည်ဖြစ်သည်။

မော်ကျွန်းမြင့်အောင်

ဦးမင်းမင်း BA (Hons.), Dip. Eng., Dip. DLT
ဧရာဝတီ အင်္ဂလိပ်စာသင်တန်းများ
Ph- 09 421035960

ပါကော်း
09-5046185,09-73152096

"ဘဝအခြေမြဲမြင့်စေဖို့ သက်မွေးပညာသင်ကြစို့"
"စတော့ရှယ်ယာ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်း"
"အိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးမှုသင်တန်း"
"နိုင်ငံတကာ မှူကြိုဆရာဖြစ်သင်တန်း"
TiPTOP

အောင်ချစ်ပို
ဂဏန်းပေဒင်ဟောကိန်းများ

ရောင်းမည်
Ph:01-562686, 01-560555, 09-5158545

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ်OBD-II (၂လ)သင်တန်း
Diagnostic, Software, WiringDiagram, ModernAutomotiveTechnology
Scan Tools
Engine Doctor Engineering

ကမ်းဝေးငါးဖမ်းစက်လှေများ တရားမဝင် ငါးဖမ်းပါက အသင်းမှ ရပ်စဲခံရမည်

ရန်ကုန်၊ မတ် ၁

မြန်မာ့ပင်လင်ပြင်ရှိ ကမ်းဝေးငါးဖမ်းစက်လှေများသည် ကမ်းနီးဒေသများတွင် တရားမဝင် ဝင်ရောက်ဖမ်းဆီးပါက ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသောစည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ချက် အနေဖြင့် ရပ်စဲခံရမည်ဖြစ်ကြောင်း (ရန်ကုန်) ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ငါးလုပ်ငန်းဦးစီးဌာနရဲ့ စည်းကမ်းချက်တွေကို လိုက်နာဖို့ ကြိုပြောပြီးသားပါ။ အသင်းအနေနဲ့ စည်းကမ်းချက်တွေကို သေချာပြောထားပေးသလို ဦးစီးဌာနအနေနဲ့လည်း အမိန့်ထုတ်ပြန်ထားပါတယ်။ ငါးဖမ်းစက်လှေတွေကိုကမ်းနီးထဲ ဝင်မဖမ်းဖို့လည်း တရားဝင်ပြောထားပါတယ်။ ဖောက်ဖျက်ခဲ့ရင် အသင်းဝင်အဖြစ်ကနေ ထုတ်ပယ်မှာပါ။ အသင်းဝင်ဖြစ်တယ်ဆိုရင် စုစုစည်းစည်းလုပ်ကိုင်နိုင်မယ်။ အဖွဲ့ချုပ်ဆီမှာ အကူအညီတောင်းခံရမှာလည်း အဆင်ပြေတယ်" ဟု ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ပြောသည်။

လတ်တလောတွင်လည်း စည်းကမ်းဖောက်ဖျက်ကျူးလွန်သည့် ကမ်းဝေးငါးဖမ်းစက်လှေများအား အရေးယူဆောင်ရွက်နေကြောင်း၊ စည်းကမ်းဖောက်ဖျက်ပါက ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသော သတ်မှတ်ချက်များအတိုင်း ငွေဒဏ်ချမှတ်ခြင်း၊ ထောင်ဒဏ်နှင့် စက်လှေအသိမ်းခံရ

> ငွေဒဏ်၊ထောင်ဒဏ်နှင့် စက်လှေသိမ်း ...

သည်အထိ အရေးယူဆောင်ရွက်ခံရနိုင်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ကမ်းဝေးငါးဖမ်းစက်လှေများအား မြန်မာ့ကမ်းရိုးတန်းအနှံ့ ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လိုင်စင်များချထားပေးပြီးဆောင်ရွက်ပေးနေကာ ကမ်းဝေးငါးဖမ်းစက်လှေ၊ သင်္ဘောများ ကမ်းနီးဒေသများသို့ ဝင်ရောက်ခြင်းမရှိစေရန် ရခိုင်ကမ်းရိုးတန်းအတွင်း ကမ်းနီးဒေသမှ ငါးမိုင်အပြင်မှသာ ဖမ်းရန်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသမှ ၁၀ မိုင်ပြင်ပမှာသာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် အမိန့်ထုတ်ပြန်ထားသည်။

ကမ်းဝေးငါးဖမ်းစက်လှေနှင့် သင်္ဘောများ ကမ်းနီးဒေသများသို့ တရားမဝင် ဝင်ရောက်လာပါက ကမ်းနီးဒေသခံ ရေလုပ်သားများ၏ ငါးဖမ်းကိရိယာများ ထိခိုက်ပျက်စီးခြင်းနှင့် စားဝတ်နေရေး၊ အလုပ်အကိုင်များ အခက်အခဲများနှင့် ရင်ဆိုင်လာရရုံသာမကဒေသခံငါးဖမ်းကွက် ကျဉ်းမြောင်းသွားပြီး ငါးသယံဇာတများလည်း လျော့နည်းလာနိုင်သည်။

"ကမ်းနီးဆိုတာ ငါးသားပေါက်တယ်။ သားပေါက်ငါးငယ်လေးတွေ ရေကောင်းကောင်းမကူးနိုင်လို့ ရေစပ်ကမ်းနားမှာပဲ နေတာများတယ်။ ဒါကို စက်အားကောင်းတဲ့ လှေကြီးတွေနဲ့ ဝင်မဖမ်းသင့်ပါဘူး။ အသိတရားနဲ့ ပညာပေးတာရော၊ မရရင်ထိရောက်တဲ့ အရေးယူမှုတွေ ဆောင်ရွက်ရမှာပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းကြိုင်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှအသင်းဝင် ကမ်းဝေးငါးဖမ်းစက်လှေ အစီး ၇၀၀ ကျော်ရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**

အင်္ဂတေဖြင့်ပြုလုပ်သော ဗုဒ္ဓရုပ်ပွားတော်နှင့် အခြားရုပ်တုပုံတော်များ ပုံလောင်းထုဆစ်လုပ်ငန်းခွင်တစ်ခုအား တွေ့ရစဉ်။

နယ်စပ်ဒေသများ၌ ဗုဒ္ဓရုပ်ပွားတော်နှင့် အခြားရုပ်တုများ ပုံလောင်းထုဆစ်လုပ်ငန်း စီးပွားရေးကောင်း

ဘားအံ၊ မတ် ၁

ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ကော့ကရိတ်-မြဝတီ ကားလမ်းအနီးတွင် အင်္ဂတေဖြင့်ပြုလုပ်သော ဗုဒ္ဓရုပ်ပွားတော်နှင့် အခြားရုပ်တုပုံတော်များ ပုံလောင်းထုဆစ်လုပ်ငန်းများ ပွင့်လင်းရာသီတွင် စီးပွားရေးအရလုပ်ငန်းများ အဆင်ပြေကောင်းမွန်ကြောင်း သိရသည်။

ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်နှင့် အခြားရုပ်တုပုံတော်များကို မုံရွာမြို့များတွင် မိုးနည်းသဖြင့် သဲ၊ ဘိလပ်မြေထုံးဖြင့် ပုံသွင်းလောင်းထုဆစ်ပြီး ကရင်ပြည်နယ်တွင် မိုးများသောကြောင့် သဲနှင့်ဘိလပ်မြေဖြင့်သာပြုလုပ်၍ အရောင်စုံရေဆေးများဖြင့် ဆေးချယ်ပုံဖော်ပြီး ရုပ်ပုံတော်များကို ပြည်နယ်တစ်ဝိုက်ရှိပြည်သူများ လာရောက်မှာယူလျက်ရှိကြောင်း လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"မြဝတီကလာဝယ်တာလည်းရှိတယ်။ တချို့က ကြိုမှာထားတာမျိုးလည်းရှိတယ်။ အလုပ်သမားငါးဦးရှိပါတယ်။ မုံရွာကလာလုပ်ကြတာပါ" ဟု ပန်းချီ၊ ပန်းတမော့ပညာရှင် ကိုဇော်ဇော်ကပြောသည်။

လာရောက်မှာယူသူအများဆုံးမှာ လေးပေရုပ်ပုံတော်များ အများဆုံးဖြစ်ပြီး ပုံပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းချီ၊ ပန်းတမော့ပညာကို အလုပ်သင်အနေဖြင့် သင်ယူချင်သူမှာ တဖြည်းဖြည်းနည်းပါးလာပြီး ထိုင်းနိုင်ငံဘက်သို့ သွားရောက်လုပ်ကိုင်လိုသူက ပိုမိုများပြားလာကြောင်း ဇော်ဇော်ဝင်းက ပြောသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

သတင်းတို

အပြောင်းအလဲများနှင့် စိန်ခေါ်မှုများဆိုင်ရာဟောပြော

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကြီးမှူး၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာနှင့် သတင်းအချက်အလက်များ ရရှိစေရေးအတွက် "မြန်မာ့အပြောင်းအလဲနှင့် စိန်ခေါ်မှုများအတွက် ဥပဒေပြုခြင်း၊ ကျင့်သုံးခြင်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ" ခေါင်းစဉ်ဖြင့် မတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် ဟောပြောခဲ့သည်။ ဟောပြောပွဲတွင် စင်ကာပူနိုင်ငံရှိ Myanmar Transitional Platform (MTP) အဖွဲ့မှ မြန်မာပညာရှင်များက ဥပဒေပိုင်းဆိုင်ရာများ၊ စားသောက်ကုန် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ **UMFCCI**

ရှမ်းပြည်နယ်၊ လင်းခေးမြို့တွင် မြန်မာအမျိုးသမီးများဆိုင်ရာ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

လင်းခေး၊ မတ် ၁

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် JACA(Myanmar-Information) ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာအမျိုးသမီးများဆိုင်ရာ ယဉ်ကျေးမှုအကြောင်းနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် JACA မြန်မာနာယကအဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝေနှင့်အဖွဲ့သည် လင်းခေးမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာ ၂၈ ဦးနှင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၅ ဦးအား ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် အခြားအာဟာရမုန့်မျိုးစုံတို့ကို ထောက်ပံ့ပေးခဲ့ကြသည်။ အဆိုပါအဖွဲ့သည် နံနက် ၉ နာရီတွင် လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ ပန်ပေါင်းကျေးရွာသို့ ရောက်ရှိခဲ့ကြကာ အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆေးကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ကြည်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုန်းထွန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းရွှေစိန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ အင်အား ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ယင်းနေ့၌လင်းခေးမြို့နှင့် ၁၁ မိုင်ဝေးလံသော ပန်ပေါင်းကျေးရွာမှ လူနာ ၇၈ ဦးအား ဆေးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြကြောင်း သတင်းရသည်။

ဆောင်းနှင်းလတ် (ရှမ်းအညာမြေ)

အင်းယားကန်ဘေး စည်းကမ်းမဲ့ရပ်သောယာဉ်များ ကရိန်းကားဖြင့် ဖမ်းဆီးမည်

ရန်ကုန်၊ မတ် ၁

ရန်ကုန်မြို့ ပြည်လမ်း တံတားဖြူ မှတ်တိုင်အနီး အင်းယားကန်ဘောင်ဘေးတွင် ညစဉ်အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းမဲ့ရပ်နားထားသောယာဉ်များအား အဆိုပါနေရာတွင် ကရိန်းကားထားရှိ၍ ယခုရက်ပိုင်းအတွင်း ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် မော်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး (၅၁)လမ်း၌ ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ နယ်မြေရဲတပ်ဖွဲ့ဝင်တွေက အဲဒီနေရာမှာ မရပ်ဖို့အသိပညာပေး ပြောပေမယ့် မရဘူး။ စည်းကမ်းမဲ့ရပ်ထားတော့ လမ်းပိတ်ဆို့မှုတွေ ဖြစ်လာတာပေါ့။ အဲဒီမှာ မိသားစုနဲ့ အပန်းဖြေဖို့လာကြတဲ့ သူတွေလည်း ရှိသလို အကြောင်းအမျိုးမျိုးကြောင့် လာကြတဲ့ သူတွေလည်းရှိတယ်။ ဒါပေမယ့် သူတို့ရဲ့ အပန်းဖြေအနားယူမှုတွေက သူများတကာတွေကို အနှောင့်အယှက် မဖြစ်ဖို့ အရေးကြီးတယ်။ အမှားကို အမှန်ထင်ပြီး ကြာလာရင် အဲဒီနေရာက ရှင်းရခက်လိမ့်မယ်" ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အဆင့်မြင့် အရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့ အရေးယူရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက ပူးပေါင်း၍ ဆောင်ရွက်မည်ဟု ၎င်းက ဆိုသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ စတင်ခဲ့သည့် စည်းကမ်းမဲ့မော်တော်ယာဉ်များ ကရိန်းကားဖြင့်ဆွဲယူခဲ့မှုမှာ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်ထိ အစီးရေ ၅၂၂၄ စီး အရေးယူခဲ့ပြီး အဆိုပါ မော်တော်ယာဉ်များတွင် ၁၁၉၀ စီးမှာ ကရိန်းကားဖြင့် ဆွဲယူရခြင်းဖြစ်၍ ကျန် ၄၀၃၄ စီးမှာ ကရိန်းကားဖြင့် မဆွဲမီ ပိုင်ရှင်များက ဒဏ်ငွေဆောင်ကာ ပြန်လည်ရွေးယူခြင်းများဖြစ်ကြောင်း သိရသည်။ **တင်မောင်ဦး**

သီပေါမြို့ရှိ သီပေါစော်ဘွားဂူဗိမာန်ပြုပြင်မည့် နန်းဦးစေတီဝန်းအားတွေ့ရစဉ်။

သီပေါစော်ဘွားဂူဗိမာန် ရှေးမူမပျက်ပြုပြင်မည်

သီပေါ၊ မတ် ၁

သီပေါမြို့ နန်းဦးစေတီဝင်းအတွင်း တည်ရှိသည့် သီပေါစော်ဘွားကြီး စပ်ခွန်ဆာ၏ ဂူဗိမာန်အား ရှေးမူမပျက် ပြန်လည် ပြုပြင်သွားမည် ဖြစ်သည်။

"သီပေါ စော်ဘွား အနွယ်တွေရဲ့ ဂူဗိမာန်တွေက လွယ်မုတ်တောင်မှာ ရှိတာပါ၊ မြို့တည် စော်ဘွားကြီးရဲ့ ဂူဗိမာန်တစ်ခုတည်းပဲ ဒီမူလဟော်နန်းဝင်းဖြစ်တဲ့ နန်းဦးစေတီမှာ ရှိတာ၊ သက်တမ်း ၁၀၀ ကျော်နေပြီ ဖြစ်တော့ တချို့ ပန်းကနုတ်တွေ ပျက်စီးနေတာကို ရှေးမူမပျက် ပြန်ပြင်သွားမှာပါ" ဟု သီပေါ ကိုလတ်က ပြောသည်။

သီပေါစော်ဘွား စပ်ခွန်ဆာသည် အထက်မြန်မာနိုင်ငံကို အင်္ဂလိပ် သိမ်းပိုက်ပြီးနောက် ၁၈၈၈ ခုနှစ်မှ စတင်ကာ သီပေါမြို့သစ်ကို တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သီပေါမင်းနန်းတက်ချိန်တွင် ရှမ်းပြည်နယ်ရှိ စော်ဘွားများအား ဘုရင်က လိုက်လံဖမ်းဆီးခိုင်းရာတွင် မဖမ်းဆီးပေးခဲ့သဖြင့် သီပေါမင်းက အမျက်တော်ရှခဲ့၍ အင်္ဂလိပ် လက်အောက်တွင် ခေတ္တခိုလှုံခဲ့ပြီး မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ သိမ်း ပိုက်ပြီးနောက်ပိုင်း သီပေါစော်ဘွား မူလပိုင်ဆိုင်ခဲ့သော သီပေါမြို့၊ မိုင်းတုံမြို့၊ သုံးဆယ်မြို့၊ မိုင်းလုံမြို့ လေးမြို့အား ပြန်လည်အုပ်ချုပ်စေခဲ့ခြင်း ဖြစ်သည်။ ယခင်က သီပေါမြို့သည် နာမည် အမျိုးမျိုးဖြင့် လူနေထိုင်မှုမှာလည်း ရွှေ့လျားခဲ့သည်။ စပ်ခွန်ဆာ၏ လက်ထက်မှ စတင်ကာ သီပေါမြို့သည် ယခုချိန်ထိ အဆိုပါနာမည်အတိုင်း တည်ရှိနေခြင်းဖြစ်သည်။

ပြင်ဆင်မှု လုပ်ငန်းများတွင် သီပေါစော်ဘွား၏ ဂူဗိမာန်အပြင် ၁၉၂၄ ခုနှစ်၊ မတ်လတွင် ရှစ်ဆက်မြောက် စော်ဘွားကြီး စောအုံကြာ(MA) က စတင် တည်ဆောက်ခဲ့သည့် သီပေါဟော်နန်းဆောင်သစ်ရှိ ဥပုသ်ဆောင်ကိုလည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင် (မန်း)

မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာလမ်းကို လှူဒါန်းငွေ ကျပ်သိန်း ၁၂၀ ကျော်ဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း အဖြစ်ဖောက်လုပ်

မော်လမြိုင်ကျွန်း၊ မတ် ၁

မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျွန်းခယ်မကျေးရွာ၌ ကျင်းပခဲ့သည်။

ယင်းကျွန်းခယ်မကျေးရွာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအား ကျေးရွာအလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၂၀ ကျော်ဖြင့် အလျားပေ ၅၂၂၀ ရှည်လျားသော ကွန်ကရစ်လမ်းအား တည်ဆောက်ခဲ့ကြပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအဆောက်အအုံသစ်အား ကျေးရွာအလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၇၂ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျွန်းခယ်မကျေးရွာ ကွန်ကရစ်လမ်းတည်ဆောက်ပြီးစီးသွားသဖြင့် ကျွန်းခယ်မမှ ရာဇူတိုင်ကျေးရွာသို့ တိုက်ရိုက်ဆက်သွယ်လာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

ဖွင့်ပွဲကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဝေကျော်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

မော်ကျွန်းမြင့်အောင်

မော်ကျွန်း၌ ရေသန့်စက်၊ အဝီစိရေတွင်း ဖွင့်ပွဲကျင်းပ၊ ပြည်သူ ၃၀၀ ကျော် ရေကောင်းရေသန့် သုံးစွဲနိုင်

မော်လမြိုင်ကျွန်း၊ မတ် ၁

ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော မော်လမြိုင်ကျွန်းမြို့ အမှတ် (၁၃) ရပ်ကွက်ရှိ ပေ ၅၀၀ အထက် ရေသန့်စက် အဝီစိ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက စံပြမူလတန်းကျောင်းရှေ့ ရေသန့်စက်ရေတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စက်ရေတွင်း ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်/ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှဟန်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် အမှတ် ၁၃ ရပ်ကွက်တွင် အဝီစိရေတွင်း တူးဖော်နိုင်ခဲ့သည်။ ဒေသခံပြည်သူ ၃၀၀၀ ကျော်တို့မှာလည်းသောက်သုံးရေများကို ယခင်ကဲ့သို့ အခက် အခဲ မကြုံတွေ့ရတော့ဘဲ ရေကောင်း ရေသန့်များ အလုံအလောက်သုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

သတင်းတို

ပေါင်မြို့ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ် အတွင်း အနန္တမေတ္တာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ထန်းပင်ချောင်ကြီးကျေးရွာ အဝင်လမ်း၊ ကတ္တရာလမ်းသစ်ခင်း ခြင်း (၁/၄)မိုင်နှင့် သဲဖြူချောင်း-လက်ပံတော မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အချိန်မီပြီးစီးနိုင်ရေး အတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဦးထင်လင်းနိုင်**

ပြင်ဦးလွင်မြေကွက်အမြန်ရောင်းမည်
ရပ်ကွက်ကြီး(၈)ပဒေသာမြို့သစ်ရှိ (၄၅×၆၅)ပေ၊ ဂရန်/စီးအစုံ၊ ဓာတ်တိုင်၊ ခြံခတ်ပြီး မြေကွက်အားအမြန်ရောင်းမည်။ ဈေးနှုန်း - (၅၇၀) သိန်း
ရပ်ကွက်ကြီး(၁၂)ရှိ (၁၀၀×၁၂၀)ပေ၊ ဓာတ်တိုင်ခြံခတ်ပြီး မြေကွက်အားအမြန်ရောင်းမည်။ ဈေးနှုန်း - (၄၅၀) သိန်း
ဝယ်မည့်သူသာ ဆက်သွယ်ရန်ဖုန်း - 09 33021444

ဝယ်လိုသည်
တစ်ခါအသုံးပြုပြီးသော ကျောက်ပုံနှိပ်စက်တစ်လုံး ဝယ်လိုသည်
(1x1" 3x2" 4x2")
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၂၀၀၆

ချဉ်းစခနားမှာအနိုဝယ်ပါ
067- 22320
095 095 095

EVER TOP
Ph: 093770096
0973040610
ဂျပန် | အင်္ဂလိပ် | ကိုရီးယား
EPS TOPIK / + Skills
Practical English
ထိုင်း | မလေး
ကိုရီးယားစာမေးပွဲ EPS TOPIK တန်းခွဲသစ်

ကန့်ကွက်နိုင်ပါသည်
ဦးအောင်မြင့်(B.A,H.L) အထက်တန်းရှေ့နေ

MTI MYANMAR THAMES INTERNATIONAL
Business Management
2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740

TECH TRAINING CENTRE
No.11, Aung Myay Thar Si Street, Near Shin Yay Twin Bus-stop, Kamayut.
523578, 2304055, 0945341594, 0973043681
Summer Courses for Kids
+ English
+ Computer
+ Arts & Paint
+ Swimming
+ Music & Dancing
Starting date March-7
Enrol Before March-7
5 Subjects - 15% Off
4 Subjects - 10% Off
3 Subjects - 5% Off
Old Students -20% Off
Present + T-Shirt, Basket
Grade - 1 to 11 (avail school-bus)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို(၁၃၇၅ခုနှစ် တပေါင်းလပြည့်နေ့) ၂၀၁၄ခုနှစ် မတ်လ(၁၅)ရက် စနေနေ့တွင် ကျင်းပပြုလုပ်ပါမည်။ ၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့ အရုဏ်တွင်စေတီတော်ကြီးကို ဗုဒ္ဓဘိသေက အနေကဇာ တင်ခြင်း၊ ဆွမ်း၊ သစ်သီး၊ မုန့်၊ ဆီမီး ပန်း၊ ရေချမ်းကပ်လှူခြင်းနှင့် သံဃာတော်များကို အရုဏ်ဆွမ်း ကပ်လှူမည်ဖြစ်ပါသည်။ ယင်းနေ့ နံနက် ၇နာရီမှစ၍ ဝတ်အသင်းများ က ဝတ်ရွတ်ပူဇော်ကြပါမည်။ ယင်းနေ့ ညနေ ၄း၀၀နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် (၁၅၀)ပါး၊ သီလရှင် (၃၀)ပါး စုစုပေါင်း (၁၈၀)တို့အား ဆွမ်းဆန် စိမ်းလောင်းလှူကြမည်ဖြစ်ပါသည်။ ဓမ္မမိတ်ဆွေ သူတော်ကောင်းများအနေနှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန် စိမ်းလောင်းလှူပွဲတို့သို့ လှူဒါန်းလိုပါက ဂေါပကရုံး ဖုန်းအမှတ် ၂၉၄၀၁၂နှင့် ၂၉၀၄၂၅တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့.

ဘဒ္ဒန္တဝိသုဒ္ဓ(ဆရာတော်)၏ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပင်လုံရတနာပအိုဝ်းကျောင်း (၂-ဝိုင်းကျောင်း) ဆရာတော် ၏ (၅၃)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၉ရက်)၊ ၉-၃-၂၀၁၄ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီး၊ ရပ်ဝေးမှ ဆရာတော်၏ တပည့် ဒါယကာ၊ဒါယိကာမအပေါင်းအား အသိပေးဖိတ်ကြားအပ်ပါသည်။ ဖိတ်စာအဖြစ်မှတ်ယူကြပါရန်။

အောင်ဓမ္မရိပ်သာ(သမိုင်း-မရမ်းခြံ) ကျေးဇူးရှင်ဆရာတော်ကြီး(၃)ပါး ပူဇော်ပွဲနှင့် ဂိမ္ဘန္တနွေရာသီ တရားစခန်းပွဲများ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂- ရပ်ကွက်၊ သမိုင်းလမ်းဆုံအနီးရှိ **"အောင်ဓမ္မရိပ်သာကြီး"** တွင် ကျေးဇူးရှင်ဆရာတော်ကြီး (၃)ပါးပူဇော်ပွဲနှင့် ဂိမ္ဘန္တနွေရာသီတရားစခန်းပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်အသီးသီးမှ ယောဂီသူတော်စင်များနှင့် ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။

၁။ (၂၈၀) ကြိမ်မြောက်၊ ဓမ္မပူဇာ- တပေါင်းတရားစခန်းပွဲကို ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်၊ ၆-၃-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေမှ တပေါင်းလပြည့်ကျော် (၂)ရက် ၁၇-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက်အထိ လည်းကောင်း။

၂။ တစ်ဘဝဇာတ်သိမ်း ခန္ဓာချုပ်ငြိမ်းပြီးတော်မူကြသည့် မူလတိုက် တည်ထောင်တော်မူခဲ့သော ကျေးဇူးရှင်အောင်မင်္ဂလာဆရာတော်ကြီး ဘဒ္ဒန္တရာဇိန္ဒ၊ အောင်ဓမ္မဆရာတော် ဘဒ္ဒန္တ နန္ဒိယနှင့် မင်းရွာဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စတို့(၃)ပါးအား ကျောက်စိမ်းရတုအကြို (၃၄) ကြိမ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ကန်တော့ပွဲကြီးကို ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇-၈) ရက်၊ ၂၂/၂၃- ၃-၂၀၁၄/(စနေနေ့-တနင်္ဂနွေနေ့) များတွင် လည်းကောင်း။

၃။ (၂၈၁) ကြိမ်မြောက် သင်္ကြန်- တန်ခူး တရားစခန်းပွဲကို ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူး လဆန်း (၁၂) ရက်၊ ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) ညနေမှ (၁၃၇၆ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် ၅ရက်) ၁၉-၄-၂၀၁၄ရက် (စနေနေ့) နံနက်အထိလည်းကောင်း ကျင်းပ ပြုလုပ်ပါမည်။

သို့ပါ၍ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ခွဲခြား၍လည်းကောင်း၊ တွဲ၍လည်းကောင်း၊ လှူဒါန်း လိုသော စေတနာရှင်များသည် ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်ဖိတ်ခေါ် အပ်ပါသည်။

ပဋိပတ္တိသာသနာ့အကျိုးဆောင်အဖွဲ့.
အောင်ဓမ္မရိပ်သာ။ ဖုန်း-၀၁-၆၆၁၁၀၁

ပထမအကြိမ် တပည့်ယောဂီများက ချမ်းမြေ့ဆရာတော်ကြီးအား ပူဇော်ပွဲ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီးသည် ပြည်တွင်း၊ ပြည်ပမှ တပည့် ယောဂီများအား သံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော သတိပဋ္ဌာန် ဗုဒ္ဓတရားတော်များကို ဟောကြားပြသတော်မူခဲ့ရာ သက်တော် (၈၆)နှစ် ဝါတော် (၆၆) ဝါသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို တပည့်ယောဂီများက ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက် ပူဇော်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂၊ ၁၃၊ ၁၄ ရက်
၂၀၁၄ ခုနှစ်၊ မတ်လ ၁၂၊ ၁၃၊ ၁၄ ရက်
ကျင်းပမည့်နေရာ။ ။ ချမ်းမြေ့ရိပ်သာ၊ ရန်ကုန်မြို့။

ပူဇော်ပွဲကျင်းပရေးကော်မတီ
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ (ရန်ကုန်၊ မှော်ဘီ)

အမက(၁၃)ဗဟန်းအာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့ရေ. . .

အမက(၁၃)ဗဟန်း၊ ယခင်(ဂျမားကျောင်း)ရဲ့ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ်လ (၂၇)ရက်နေ့မှာ စည်ကားစွာကျင်းပမှာဖြစ်ပါတယ်။ ကျောင်းသား/ကျောင်းသူဟောင်းများ အားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အမက(၁၃)တွင်ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာ၊ဆရာမကြီးများနှင့် တာဝန် ထမ်းဆောင်ခဲ့ဖူးသောဆရာ၊ ဆရာမများလည်း ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆရာမဒေါ်မူမူမြင့်	-	၀၉-၄၂၁၀၆၃၃၇၅
ကိုအောင်မှူး	-	၀၉-၅၁၀၆၆၉၂
မဉီးမေ	-	၀၉-၅၁၃၁၄၂၀
မအိအိခင်	-	၀၉-၄၂၀၇၇၇၄၄၂
ကိုမျိုးဝင်းထက်(ဗဂျူး)	-	၀၉-၇၃၀၈၁၄၉၀
မစန္ဒာစိုး	-	၀၉-၇၃၂၀၉၇၅၆

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ



"ကုံးထက်" ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

"ယခင်"မေခအိမ်ရာ B.O.Cမှတ်တိုင်အနီးရှိ "ကုံးထက်" ကြက်ဆီ ထမင်းနှင့် နှင်းပုလဲရေခဲမုန့်ဆိုင်ကို "ယခု"Junction ၉၀နနှင့် KBZ ဘဏ်အနီး၊ သုမင်္ဂလာလမ်း၊ အမှတ်(၂/၀၀၄)သို့ ပြောင်းရွှေ့ဖွင့်လှစ် လိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အလှူမင်္ဂလာပွဲနေ ပွဲထိုင်များအတွက် စိတ်တိုင်းကျဆောင်ရွက်ပေးနေပါသည်။

ဖုန်းနံပါတ် ၀၉-၇၃၀၈၆၆၄၂၊ ၀၉-၅၀၃၈၂၁၀၊ ၀၉-၅၄၁၇၈၆၈

ဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း ရှိမြေကွက်များ အထူးဈေးကောင်း ပေးဝယ်သည်။

ဖုန်း ၀၉-၄၃၁၇၉၇၄၇

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်၊ ဘိုးဘွားပိုင် ခြံမြေ၊ အမှတ်(၄)လမ်းမဘေးရှိ ပေ(၃၀×၇၀) အိမ်ခြံ၊ မြေ၊ ရေ၊ မီးစုံ ရောင်းရန်ရှိသည်။

ဖုန်း ၀၉-၄၂၀၂၄၄၁၇၇

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ ကွင်းအမည်-သရက်ကုန်း၊ ကွင်းအမှတ်(၁၀၂၀)၊ ခြံအမှတ်-၄/၁၅၂၊ နိဗ္ဗာန်လမ်း၊ ဧရိယာ(၄၈×၁၀၀)ပေ၊ အကျယ်အဝန်းရှိခြံမြေကွက်အား ဒေါ်ညို(ခ)မသန်းသန်း[၉/မကန(နိုင်)၀၃၇၄၆၅]က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ခြံမြေကွက်အား လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူ ထားပြီးဖြစ်ပါသည်။၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ် (LL.B)	**ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
စဉ်-၈၅၀၉	စဉ်-၃၅၂၉၇
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀။

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးမျိုးမြင့် (၇၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းတင်)တို့၏သားကြီး၊ မန္တလေးမြို့နေ (ဦးစံဝင်း-ဒေါ်တင်တင်)တို့၏ သားသမက်၊ ဒေါ်တင်တင်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးမျိုးသန့်ဝင်း-ဒေါ်ခင်စန္ဒာမြင့်၊ ဦးဥက္ကာမျိုး-ဒေါ်နန်းအေးအေးခိုင်တို့၏ဖခင်၊ မောင်ကျော်ဇောဝင်း(ခ) Gary Win၊ မနန်းသင်းယုခိုင်တို့၏အဘိုး၊ ဦးအောင်မြင့်-ဒေါ်သိန်းသိန်း၊ ဦးဖေဆန်း-(ဒေါ်တင်မြင့်)တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်စု (ဦးသောင်းဝေ)-ဒေါ်ငွေငွေညွှန့်၊ ဒေါက်တာမင်းကျော်-(ဒေါ်ခင်မာရီ)၊ ဒေါ်ဘက်တီဝင်းတို့၏အစ်ကိုကြီးသည် ၂၆-၂-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၁၂း၁၅ နာရီတွင် စင်ကာပူမြို့ National University Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သာသနာရေးဦးစီးဌာနဝန်ထမ်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမာလာနေဝင်း
အသက်(၅၉)နှစ်
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်(၅၇၉)၊ ရဲရိပ်သာလမ်း၊ မြောက်ရွာနေ (ဦးနေဝင်း-ဒေါ်ခင်နွဲ့နွဲ့)တို့၏သမီး၊ ဦးမြတ်ကို (ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)၊ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ဧကရီခိုင်(ကထိက-ငြိမ်း)တို့၏ညီမသည် ၂၄-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀း၀၇နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရီရီဝင်း(မိပေါက်) (၅၈)နှစ်

ဦးလှငွေ (President, Htay Family Group of Companies ဥက္ကဌ၊ ဖွဲ့ကပင်ယူနိုက်တက်ဘောလုံးအသင်း)-ဒေါ်ယဉ်ယဉ်လှ (Director, Htay Family Group of Companies) တို့၏အစ်မ၊ ကိုညီဝင်းမိုး(ခ)ကွမ်းသီး (Manager, Htay Family Group of Companies ဖွဲ့ကပင်ယူနိုက်တက်ဘောလုံးအသင်း)၏မိခင် ဒေါ်ရီရီဝင်းသည် ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Htay Family Group of Companies
ဝန်ထမ်းများမိသားစု၊
ဖွဲ့ကပင်ယူနိုက်တက်ဘောလုံးအသင်းသားများမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ရေစက် ဒါယကာကြီး
ဦးဇော်ဝင်း(တောင်သာ)
အသက်(၇၇)နှစ်

တောင်သာမြို့နယ်၊ ပဒတ်စာကုန်းကျေးရွာနေ (ဦးဖေ-ဒေါ်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄)လမ်း၊ အမှတ် (၉/၁၁)နေ ဒေါ်မြထွေး၏ခင်ပွန်း၊ ဦးစက်ထွန်း၏ညီ၊ ဦးအေးသောင်၏အစ်ကို၊ ဦးဟိန်းဟိန်း(C/E MTM SHIPPING MANAGEMENT) - ဒေါ်လဲ့လဲ့ဦး (Ocean Peorl Inn)၊ (ဦးစိုးငြိမ်း)၊ ဦးသန်းဇော်၊ ဦးကျော်ဝင်းထွန်း-ဒေါ်ဥမ္မာ (ပြည့်ပြည့်ဇော် မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့၏မွေးသဖခင်၊ မဖူးကလျာခိုင် (ခေတ္တ-USA)၊ မောင်မင်းသူရိန်ခန့် (Grade-12 ISM)၊ မောင်ဘုန်းဝေယံကျော်၊ မပိုပြည့်ပြည့်ကျော် (အမေ့အိမ်ကျောင်း)တို့၏ချစ်လှစွာသော ဘဘကြီးသည် ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် (၄၄၈)၊ လေးလွှာ၊ ကမ်းနားလမ်း၊ (၅၄) လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှဝင်းသန်း
အသက် (၄၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်းနေ (ဦးတင်လှ-ဒေါ်သန်းရီ)တို့၏ သား၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်နန့်စန်းရီ၊ နန့်စန်းစန်းတင်၊ နော်အေးမြင့်တို့၏မောင်၊ နော်လှလှရီ၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ အမှတ်(၁၃)၊ သုံးလွှာနေ မမြရည်ဆွတ်ဖြန်း၏ဖခင်၊ ဒေါ်ခင်လေးမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၄ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၄-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါ အောင်မေတ္တာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဖြူကြီး အသက်(၇၀)
ဒု-ရဲမှူး(ငြိမ်း)
သံတွဲမြို့၊ သန်လျင်မြို့

သံတွဲမြို့နေ (ဦးသိန်းဖေ-ဒေါ်လှငွေ)တို့၏သား၊ (ဦးဘရီ-ဒေါ်အာရာဘီ)၊ (ဦးဘကြည်) - ဒေါ်အေးချမ်းသာ၊ ဦးညီပု-ဒေါ်အမာတို့၏ ညီ/မောင်၊ သန်လျင်မြို့နေ (ဦးရာတွတ်)-ဒေါ်မာဇဒါတို့၏ သားသမက်၊ ဒေါ်တင်တင်ဦး (လက်ထောက်စက်ရုံမှူး-ငြိမ်း၊ သန်လျင်ဖန်ချက်စက်ရုံ၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၏ခင်ပွန်း၊ တပ်ကြပ် ကျော်ကျော်ဦး(ရွှေကျင်မြို့)-မနှင်းနှင်းရှိန်၊ အရာခံဗိုလ်စိုးနိုင်(အမှတ်-၁ ရေတပ်လေ့ကျင့်ရေးကျောင်း)-မစောမြတ်နွယ် (ပလတ်စတစ်ပစ္စည်းစက်ရုံ၊ သန်လျင်)၊ ကိုအောင်ဖေ (KYAW EMPEROR Co., Ltd.)-မစောမြတ်မွန်(Starline Logistics Asia Ltd)၊ မောင်စိုးမြတ်မင်း-မခင်ခင်တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့) ည ၈း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၈-၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ဂျွမ္မာနမာဇ်အပြီးတွင် သန်လျင် ငါးပါးသခင်ဒါရ်ဂါကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးလွင် (၄၈)နှစ်
(တော်ဝင်/နန်းသီတာဦး ဘော်ဒါ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် (၉၉)၊ ခြောက်လွှာနေ (ဦးတင်ရွှေ)-ဒေါ်မြင့်စိန်တို့၏ သား၊ (ဦးအုန်းမောင်-ဒေါ်ညွန့်ရင်)တို့၏ သားသမက်၊ ဦးထွန်းဝင်း၊ ဦးထွန်းလင်း-ဒေါ်သန္တာဝင်း၊ ဦးရဲထွန်း-ဒေါ်ထိုက်ထိုက်လင်းတို့၏ညီ၊ ဒေါ်မြင့်မြင့်သန်း၏မောင်၊ ဒေါ်အိအိခိုင်၊ ကိုကျော်လွင်-မစုစုလှိုင်၊ ကိုဝင်းမင်းထွန်း-မဂျူလီယာဒွန်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း၊ မသင်းနွယ်ဇင် (ပထမနှစ်၊ ဆေးဝါးတက္ကသိုလ်)၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၂၇-၂-၂၀၁၄(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအုန်းမောင် (၉၆)နှစ်
(ရေကြည်)

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၆၉)နေ [ဒေါ်သန်းရီ(ခ) ဒေါ်ဝက်]၏ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်မြမြသစ်၊ ဦးမောင်မောင်-ဒေါ်မာမာရီ၊ ဦးအောင်မျိုးမြင့်-ဒေါ်ကေခိုင်ကျော်(ခ) ဒေါ်ဇီးကွက်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၉ နာရီတွင် အမှတ်(၅၂)၊ (၁၆၅)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအုန်းမောင် (၉၆)နှစ်
(ရေကြည်)

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၆၉)နေ [ဒေါ်သန်းရီ(ခ) ဒေါ်ဝက်]၏ခင်ပွန်း၊ ဦးယုစိန်-ဒေါ်စိန်စိန်တို့၏အစ်ကိုကြီး၊ ဦးစိုးတင့်-ဒေါ်ခင်မာချို၊ ဦးအေးကို-ဒေါ်ခင်သင်း(ခ)ဒေါ်ချိုတူး၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဘကြီး၊ မြေး ၁၁ယောက်တို့၏ ဘိုးဘိုးကြီးသည်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၉ နာရီတွင် အမှတ်(၅၂)၊ (၁၆၅)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူ တူ/တူမများ

ဒေါ်တင်ရီ (၇၇)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၆၅)၊ အောင်သစ္စာလမ်း၊ (၂၉) ရပ်ကွက်နေ [ဦးအောင်ရင် (အင်/မှူး၊ လျှပ်စစ်-ငြိမ်း၊ ဆလရ)၏ဇနီး၊ ကိုထွန်းထွန်းအောင်၊ [ဒေါ်ခင်ခင်အေး (သမိုင်းသုတေသန-ငြိမ်း)]၊ (ကိုရည်မွန်)၊ ကိုရီအောင်-မကျော့ကေခိုင်၊ မစိုးစိုးပိုင်တို့၏မိခင်၊ မောင်ဖွဲ့လင်းထိုက်၊ မောင်မင်းသုခတို့၏ အဘွားသည် ၂၇-၂-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဝင်းဖေ(GERALD)
အသက်(၇၆)နှစ်
(ရေကြောင်းအင်ဂျင်နီယာမှူး-ငြိမ်း)

ရန်ကုန်မြို့နေ (ဦးဘားရိုး-ဒေါ်ရင်မေ)တို့၏ သား၊ (ဦးလှမောင်-ဒေါ်သန်းကြည်)၊ (စာရေးဆရာကြီး ဦးသော်တာဆွေ-ဒေါ်နော်မာ)၊ ဦးမြတ်ကျော်-ဒေါ်မေရီတို့၏ ညီ/မောင်၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေးသည် ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၃း၁၅ နာရီတွင် အမှတ်(၈)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် မြေနီကုန်းဖာတီမာဘုရားကျောင်း ပြည်လမ်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မိုးကုတ်မြို့နယ်အသင်း
ဒေါ်သန္တာအောင်(ခ)မချို
အသက်(၅၂)နှစ်

မိုးကုတ်မြို့အသင်းဥက္ကဌ ဦးဗိုလ်သောင်း-(ဒေါ်မြကြည်)တို့၏သမီးချွေးမ၊ ဦးမောင်မောင်-ဒေါ်ညွန့်ရီတို့၏သမီး၊ ဦးဗိုလ်ခင်ကြည်(ခ)ကိုဖိုးမောင်၏ ချစ်လှစွာသောဇနီး၊ မနှင်းသဥ္ဇာအောင်(ခ) တုတ်တုတ်၏မိခင် ဒေါ်သန္တာအောင်(ခ) မချိုသည် ၂၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာစာရ
သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်
ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့၊ ညောင်တုန်းမြို့

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နိဂြောဓာရုံ ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ပုသိမ်မြို့နယ် ပြင်ခရိုင် ဓမ္မိကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ညောင်တုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာစာရသည် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်) ၂၆-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်း လဆန်း ၆ရက်) ၆-၃-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းချမ်းမြေ သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ ညောင်တုန်းမြို့

ဒေါ်လှမြင့်(ဖောင်ကြီး)
အသက်(၇၃)နှစ်
အငြိမ်းစားဆရာမကြီး

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးမြို့နေ (ဦးဖိုးပိန်-ဒေါ်ကျင်လှ)တို့၏သမီး၊ ဦးထွန်းနွဲ့၏ဇနီး၊ ဒေါ်မြသိန်း၏ ညီမ၊ (ဦးမင်းလွင်)၊ ဒေါ်လွင်လွင်နွဲ့(ဦးစီးအရာရှိ၊ မြောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ဦးပေါ်လွင်၊ ဒေါ်သီသီနွဲ့၊ ဦးဇော်လွင်ဦး၊ ဒေါ်နွဲ့နန္ဒာထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်လှမြင့်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်ခရိုင်ပညာရေးမှူးရုံးမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နှင်းနှင်းဝေ(မဖြူ) (၆၃)နှစ်
(အထက-၂၊ ရန်ကင်းကျောင်းသူဟောင်း)
(ကမ္ဘာအေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မွှာရုံလမ်း၊ အမှတ်(၅၇/B) နေ ဦးရွှေဖော်သူ-ဒေါ်မြင့်သွင်တို့၏ သမီးကြီး၊ (ဦးလှမောင်-ဒေါ်သိန်းဟန်) တို့၏ သမီးချွေးမ၊ ဦးသာညွန့် (အကောက်ခွန်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မျိုးညွန့်ဝေ-သူဇာဝင်း၊ နန္ဒာညွန့်ဝေ၊ ညီညီညွန့်ဝေ၊ စန္ဒာညွန့်ဝေ၊ ရွှန်းလဲ့သာတို့၏ ချစ်လှစွာသောမိခင်၊ ဇော်ဝဏ္ဏထွန်း၊ ကျော်ဝဏ္ဏထွန်း၊ ထက်စွမ်းအောင်တို့၏ ဘွားဘွားကြီး၊ ဒေါ်ဝေဝေမြင့်-ဦးဝင်းအောင်ထွန်း၊ ဒေါ်ဆွေဆွေမြင့်-ဦးသိန်းဝင်း၏၊ ဒေါ်စောရွှေမြင့်-ဦးသိန်းဝင်း၊ ဒေါ်သီတာရွှေ-ဦးကြည်ထွန်း၊ (ဦးမျိုးမြင့်ရွှေ)-ဒေါ်နီနီအောင်၊ ဒေါ်ချိုသီထွေး-ဦးကျော်နိုင်တို့၏ အစ်မကြီးသည် ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ဝါယာလက်(၃)လမ်းမှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန္တာထက် (၃၉)နှစ်
L.L.B, LL.M, Ph.D (Thesis)
နည်းပြ(ဥပဒေဌာန)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

အမှတ်(၅၁)၊ အိမ်ကြီးလမ်း၊ (၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးထင်ကျော်-ဒေါ်ထွေးတင် (အထက-၅၊ ဗိုလ်တထောင်)တို့၏သမီး၊ ဦးမြအေး(အောင်မိုးကျော်လျှပ်စစ်)-ဒေါ်စိန်စိန်သန်းတို့၏တူမ၊ ဦးမျိုးသွင် (လွှတ်တော်ရုံး၊ နေပြည်တော်)-ဒေါ်ဝင်းမင်းစိုး (မြို့ရွာအိုးအိမ်၊ နေပြည်တော်)၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းငွေ၊ ဦးသောင်းကြည်(ခေတ္တ-ဖိလစ်ပိုင်)-Ivy. Kyi၊ ဒေါ်သီတာစိုးတို့၏ညီမ၊ ဦးအောင်သောင်းဦး-ဒေါ်ကေသီစိုး၊ မမြတ်သီရိစိုး၊ မဆုနှင်းထက်၊ မအိကေခိုင်ဦးတို့၏အစ်မ၊ မဖြိုးသွင်စိုး၊ မအေးပွင့်ဖြူ၊ မောင်မင်းသော်ထွဋ်၊ မောင်ဝေလျှံဂျွန်ကြည်၊ မဖူးပြည့်စုံသူတို့၏အဒေါ် ဒေါ်သန္တာထက်သည် ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျုံဟုတ် (၈၆)နှစ်
(ငါးသိုင်းချောင်း)

ငါးသိုင်းချောင်းမြို့နယ်ခွဲ၊ ရှေ့ဆောင်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၅၈)နေ ဒေါ်တိုး (Central စတိုးနှင့်ဆေးဆိုင်)၏ ခင်ပွန်း၊ ဒေါ်ချယ်ရီ၊ ဦးမျိုးနိုင်-ဒေါ်စီစီသက်(လက်ထောက်ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန)၊ ဦးတင့်လွင်-ဒေါ်သင်းသင်းရီ၊ ဦးသက်နိုင်စိုး (အင်ဂျင်နီယာမှူး၊ အထူးစီမံကိန်းကြီး၊ အထူးအဖွဲ့ခွဲ-၁၊ မိုင်းပြင်းမြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ချိုဇင်မာလင်း၊ ဦးမျိုးမင်းဦး-ဒေါ်မင်းမင်းမော် (Central ဓာတ်ခွဲခန်း၊ သျှင်ပါကူဆေးရုံ) တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးကျုံဟုတ်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ငါးသိုင်းချောင်းမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းရီ (၇၈)နှစ်

ကွမ်းခြံကုန်းမြို့၊ အင်္ဂလုံးကျေးရွာနေ (ဦးလှသိန်း-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်း၊ အမှတ်(၄၉၈)နေ (ဦးသောင်း)၏ချစ်လှစွာသောဇနီး၊ ဦးနိုင်စိုး(မြို့နယ်စည်ပင်သာယာ)-ဒေါ်ခင်ခင်ကြူ၊ ဦးသန်းဇော်-ဒေါ်သောင်းငွေ၊ ဦးမြင့်ဇော်-ဒေါ်ဝင်းငွေ၊ ဦးအံ့ဇော်(P.I.L.E.E)-ဒေါ်ခင်ခင်ငွေ၊ ဦးစောမြင့်ဆွေ (ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန)-ဒေါ်သူဇာ၊ ဦးခန့်ဇော်-ဒေါ်နီလာတို့၏ မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ်ရှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်နှင်းနှင်းဝေ(မဖြူ) (၆၃)နှစ်
(အထက-၂၊ ရန်ကင်းကျောင်းသူဟောင်း)
(ကမ္ဘာအေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မွှာရုံလမ်း၊ အမှတ်(၅၇/B) နေ ဦးရွှေဖော်သူ-ဒေါ်မြင့်သွင်တို့၏ သမီးကြီး၊ (ဦးလှမောင်-ဒေါ်သိန်းဟန်) တို့၏ သမီးချွေးမ၊ ဦးသာညွန့် (အကောက်ခွန်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မျိုးညွန့်ဝေ-သူဇာဝင်း၊ နန္ဒာညွန့်ဝေ၊ ညီညီညွန့်ဝေ၊ စန္ဒာညွန့်ဝေ၊ ရွှန်းလဲ့သာတို့၏ ချစ်လှစွာသောမိခင်၊ ဇော်ဝဏ္ဏထွန်း၊ ကျော်ဝဏ္ဏထွန်း၊ ထက်စွမ်းအောင်တို့၏ ဘွားဘွားကြီး၊ (ဦးသန်းလှိုင်)-ဒေါ်လှရွှေ၊ ဦးညွန့်ရွှေ-ဒေါ်ငွေငွေမြင့်၊ (ဦးစိန်လင်း)၊ ဦးခင်သောင်း၊ ဦးမင်းကြည်-ဒေါ်စန္ဒာခင်၊ ဦးသန့်ဇင်မိုး-ဒေါ်တင်မြတ်ထွေးတို့၏ အစ်မကြီးသည် ၂၆-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ဝါယာလက် (၃) လမ်းမှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသောဘိတ
သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ
သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ မေတ္တာရေချမ်းပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘိတ ဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ သိက္ခာတော်(၄၂)ဝါ သက်တော်(၆၃)နှစ်သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်) ၂၇-၂-၂၀၁၄(ကြာသပတေးနေ့) ညနေ ၆း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (တပို့တွဲလပြည့်ကျော် ၁၄ ရက်) ၂၈-၂-၂၀၁၄ (သောကြာနေ့)တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစန္ဒောဘာသ
သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၉၇)နှစ်
ယခင် မူးနိုင်း-တောင်စွန်းကျေးရွာ အမက ကျောင်းအုပ်
ယခင် ကမာဝက် အထက
ယခင် မော်လမြိုင် အမှတ်(၆)အထက-ငြိမ်း
ဆရာကြီးဦးစံတင်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကညော့်ကျေးရွာနေ ဖခမည်းတော် (ဦးဒီအေး)-မယ်တော်(ဒေါ်ဆုံကြီး)တို့၏သားထွေး၊ ကလို့ကျေးရွာ မင်္ဂလာဇေယျာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၉၇)နှစ်သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်) ၂၁-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁း၂၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်) ၂၅-၃-၂၀၁၄ရက်တွင် အန္တိမစျာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၏ သာဝက ရဟန်းရှင် ပြည်သူများ၊ တပည့်ဒါယကာ၊ ဒါယိကာမ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇနိယ မဟာထေရ်(ခရမ်း/ကင်မွန်းချုံ)
(မြို့နယ်သံဃနာယကအဖွဲ့ဝင်)၊သုံးခွမြို့၊ဇေယျသိဒ္ဓိကျောင်းဆရာတော်
သိက္ခာတော်(၂၉)ဝါ၊ သက်တော်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၁)ရပ်ကွက်၊ ဇေယျသိဒ္ဓိကျောင်းတိုက် ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဖြစ်တော်မူသော သိက္ခာတော် (၂၉)ဝါ၊ သက်တော်(၄၈)နှစ်ရှိ ဆရာတော်ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်) ၂၆-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၀-၃-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ဇေယျသိဒ္ဓိကျောင်းတိုက်မှ သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်နိုင်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။ စျာပနဖြစ်မြောက်ရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း
ဦးသိန်းငွေ
အသက်(၈၉)နှစ်
အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)၊ ကုန်သွယ်လယ်ယာ(ငြိမ်း)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဖက်စပ်(၂)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉/၇၉၅၊ အောင်သစ္စာ(၁)လမ်း၊ (၂၉)ရပ်ကွက်နေ (ဦး ဘခင်-ဒေါ်သိန်း)တို့၏သား၊ (ဦးစံဝင်း-ဒေါ်မြသွေး)တို့၏ သားသမက်၊ (ဒေါ်ခင်စီစီ၊ထ-၁၊တ/ဉ-ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်ကျော့ကျော့မွန် (အထက-၂၊ သင်္ချာဌာန)၊ ကိုရဲဆုမွန် (Mega Lifesciences Ltd)-မဇင်ဇင်မာ(ရိုးမဘဏ်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဦးသိန်းဟန်- ဒေါ်ရီရီ)၊ ဦးစိုးညွှန့်-(ဒေါ်တင်ဥ)၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်ရီတို့၏အစ်ကိုကြီး (ဦးမောင်မောင်ကြီး-ဒေါ်လှမြ)၊ (ဦးစံဗိုလ်-ဒေါ်သန်းသန်း)၊ (ဒေါက်တာဦးတင်မောင်-ဒေါ်ခင်ကြည်)၊ (ဦးကိုလေး- ဒေါ်တင်မေ)၊ (ဗိုလ်မှူးကြီးပန်းအောင်)-ဒေါ်ခင်ညွှန့်ညွှန့်၊ (ဒေါက်တာလှမောင်)-ဒေါ်မော်လီခင် သန်းနွယ်၊ ဒေါက်တာ ရွှေသာထွန်း-ဒေါ်တင်တင်ရီ၊ ဒေါ်ညွှန့်ညွှန့်မော်တို့၏အစ်ကို ကွယ်လွန် သူ ဦးသိန်းငွေ၏ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ပေးကြပါသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဇနီး ဒေါ်လင်းလင်းတင်၊ ကုန်သွယ်လယ်ယာ(ဘဏ္ဍာရေး)ဌာနမှ ဝန်ထမ်းများ၊ ဖက်စပ်(၂)ကော်ပိုရေးရှင်းမှဝန်ထမ်းများ၊ ဗဟိုရ်စည်ဆေးရုံနှင့် အောင်ရတနာဆေးရုံမှ တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးသားချင်းများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု



ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်း အသက်(၆၄)နှစ်သည် ၂၈-၂-၂၀၁၄ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီး ဒေါ်စုညွန့်ဦး
ဘဏ္ဍာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်း အသက်(၆၄)နှစ်သည် ၂၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွား ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေးမြင့်မောင်-မေသက်ထွန်း

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်ခင်ကြီး(ခ)
ဟာဖစ်ဘီကာစင်စူရတီ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ [ကာစင်မိုဟာမက်စူရတီ(ခ)ဦးမောင်မောင်(သမာဓိမြို့ဝန်ဟောင်း)-ဒေါ်ခတီဇာဘီဟာရှင်ရာကွတ်အလီ(ခ)ဒေါ်တီ]တို့၏သမီး၊ ဒေါ်ခင်မကြီး၊ ဒေါ်ခင်မကလေး၊ ဒေါ်ခင်ခင်လတ်၊ ဒေါ်ခင်လေးကြီး၊ ဒေါ်ခင်လေးငယ်တို့၏ညီမ/အစ်မ ဒေါ်ခင်ခင်ကြီး(ခ) ဟာဖစ်ဘီ ကာစင်စူရတီသည် ၁-၃-၂၀၁၄ ရက် နံနက် ၃း၀၅ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးစွန္နီကဘာစတန်ဥယျာဉ်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်းဒါယကာကြီး
ဦးသိန်းအောင် (၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၂၁၄/A-3)နေ (ဦးသန်းစိန်-ဒေါ်မြစိန်)တို့၏သား၊ (ဦးလှမြိုင်)၊ (ဦးစိန်ဝင်း)-ဒေါ်စိန်မြင့်တို့၏ညီ၊ (ဦးငွေထွန်း)-ဒေါ်သိန်းသိန်း၊ (ဦးသန်းအေး-ဒေါ်သန်းမြင့်)တို့၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းအောင်(ငြိမ်း)၊ ဦးမျိုးအောင်-ဒေါ်နှင်းရွှေစင်၊ ဦးအောင်သူ-ဒေါ်သစ်သစ်နိုင်၊ ဦးဝင်းထွဋ်-ဒေါ်မိမိချိုတို့၏မွေးသဖခင်၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁-၃-၂၀၁၄ (စနေနေ့) နံနက် ၄း၁၀ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကသာခရိုင်အသင်း(ရန်ကုန်)
ဒေါ်တင်မေသိန်း (၆၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၅)၊ တိုက်အမှတ်(၁၂၆)၊ အခန်း(၆)နေ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော် (ဂုဏ်ထူးဆောင်နာယက၊ ကသာခရိုင်အသင်း)၏ဇနီး၊ ဗိုလ်မှူးစိုးမင်းသော်(ငြိမ်း)(ဒု-လေယာဉ်မှူးကြီး၊ Air KBZ)၊ ဒေါ်မေလုလုသော် (လ/ထ ညွှန်မှူး၊ ပြည်သူ့လွှတ်တော်)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဒေါ်ယဉ်မြဝင်း(ခ)
Laura Than Tin (၅၅)နှစ်
(သန်လျင်)

ရန်ကုန်မြို့၊ အမှတ်(၈၃)၊ သုံးလွှာ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးစိန်သန်းတင်-ဒေါ်ခင်ရီ)တို့၏ သမီး၊ (ဦးအုန်းမောင်-ဒေါ်လှကြည်)တို့၏ သမီးချွေးမ၊ ဦးဝင်းဖေ၏ချစ်လှစွာသောဇနီး၊ (ဦးဇော်ဦး)၊ ဦးတင့်လွင်-(ဒေါ်သွယ်သွယ်စော)၊ (ဦးစောဂျိမ်းဒွေး)-ဒေါ်နိုရာသန်းတင်၊ (ဦးဇော်မင်း)-ဒေါ်ခင်အေးမြင့်၊ ဦးစိန်းဝင်း-ဒေါ်ယုယုလွင်၊ ဦးသန်းနိုင်-ဒေါ်အိအိဆွေ၊ (ဦးသန်းဌေး)-ဒေါက်တာ ဒေါ်ခင်သန့်ဇင်၊ ဦးငွေဇော်-ဒေါ်မော်မော်အုန်းတို့၏ညီမ၊ ဒေါ်မေသက်တင်၊ ဒေါ်နုနုတင်၊ ဦးသီဟတင်၊ ဒေါ်မွှေးမွှေးသန်းတင်၊ ဦးခင်မောင်ထွေး-ဒေါ်နှင်းလဲ့ရည်တို့၏အစ်မသည် ၂၈-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြသွင်(ခ)ဒေါ်အယ်လင်
အသက်(၈၆)နှစ်

ဒေါ်တင်ဦးကြည်၊ ဒေါ်တင်ဦးရည် (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး၊ ဗဟန်း၊ အထက-၂)၊ (ဦးခင်ဇော်ဝင်း)၊ ဒေါ်ခင်စီဝင်း(ဦးစိုးလွင်မြင့်)၊ ဦးတင်အောင်ခိုင်၊ ဦးအောင်ခိုင်ဇော်တို့၏ မွေးသမိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၉ယောက်တို့၏အဘွား ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမကြီး ဒေါ်မြသွင်(ခ)ဒေါ်အယ်လင်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွင်းကြီးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြည်ဆောင် (၆၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆၂)၊ (၇)လမ်းနေ (ဦးချစ်သွယ်)-ဒေါ်ညိမ်းမြတို့၏သား၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစွန်ဗုက်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်ကျင်မွှေး၏ခင်ပွန်း၊ ဦးကြည်အောင်(အောင်ပင်လယ်ပွဲရုံ)-ဒေါ်မို့မို့တို့၏ညီ၊ ဦးဆိုင်ဝင်း-ဒေါ်မြင့်သက်ဦး၊ ဦးဆိုင်အေး-ဒေါ်ကြည်မေဝင်း Dr. တင်ထွန်းအောင်-ဒေါ်အေးအေးမာ၊ (ဦးအောင်မြင့်)၊ ဒေါ်ကြည်ကြည်မာတို့၏အစ်ကို၊ ကိုဝင်းကြည်-မနေကြည်ကိုကို၊ ဗိုလ်ကြီးအောင်ကိုကို-မဇင်မာမြင့်၊ မောင်သက်ကိုကိုတို့၏ဖခင်၊ မမေလင်းသန့်၊ မမေရှင်းသန့်တို့၏ အဘိုးသည် ၁-၃-၂၀၁၄ (စနေနေ့) နံနက် ၀၀း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မစုစုဇော် (၂၈)နှစ်
(စင်ဘီယုန်းမုန့်တိုက်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၇၂၀/အေ)၊ မဟာဗန္ဓုလလမ်း၊ ဒုတိယထပ်၊ အခန်း(၂၄)နေ (ဦးမောင်ပွား-ဒေါ်စန္ဒာတင်တင်ဝင်း)တို့၏သမီးကြီး၊ ဒေါ်အေးအေး၏တူမ၊ ဒေါ်ခင်မမတို့၏တူမကြီး၊ မောင်ဘိုဘိုဇော်-မယုယုဝင်းကျော်(ဇဗ္ဗူထွန်းစားတော်ဆက်)၊ ကိုကျော်မိုးဇော်-မမြတ်သန္တာစိုးတို့၏ ညီမကြီး၊ မခိုင်ခိုင်ဇော်၊ မနန္ဒာမို့မို့ထွန်း၊ မောင်ကောင်းမြတ်ကျော်၊ မခိုင်ဇင်ဝံ့တို့၏အစ်မကြီး၊ မောင်ပြည့်ဖြိုးသန့်(ခ)တုံတုံး၊ မခင်နှင်းယုဇော်(ခ)ချစ်ချစ်တို့၏အဒေါ်ကြီး မစုစုဇော်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့) ည ၇း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဒေါက်တာကျော်ရင်အောင် (ခ) မိုဟာမက်ဆွာလေ
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉၂၉)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်နေ (ဦးထွန်းရှိန်-ဒေါ်လှခင်)တို့၏ သားကြီး၊ ဒေါ်မူမူ၏ခင်ပွန်း၊ မစန္ဒာအောင်၏ မွေးသဖခင်၊ (ဦးခင်မြင့်)-ဒေါ်ခင်သန်းရင်၊ ဦးကေကေ-(ဒေါ်ချိုတီ)၊ Dr. ဘရင်အောင် (U.S.A)- Dr. အေးအေးမွန်(U.S.A)၊ (ဦးထွန်းအောင်)-ဒေါ်ရင်ရင်နွဲ့၊ (ဦးခင်မောင်ဆန်း)-ဒေါ်ကြည်ကြည်မြင့်(U.S.A)၊ (ဦးခင်မောင်ရင်)-ဒေါ်စလီမာတို့၏အစ်ကိုကြီး၊ မြေးသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁-၃-၂၀၁၄ (စနေနေ့) နံနက် ၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးစိုးရီ(ကွမ်းခြံကုန်း) (၆၉)နှစ်
(ကောင်းစံရွှေဆိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဗဟိုဈေးလမ်း၊ အမှတ် (၈၅)နေ (ဦးသိန်းအောင်-ဒေါ်မြင့်)တို့၏သား၊ ဒေါ်နီ၏ခင်ပွန်း၊ မဆွေမွန်ဦး၊ ကိုမျိုးကျော်ကျော်-မဆွေနွယ်လေး(ကောင်းစံရွှေဆိုင်)၊ ဒေါက်တာမောင်ဝေယံ(ဒုပါမောက္ခ၊ လှိုင်သာယာနည်းပညာတက္ကသိုလ်)-မခင်ဝင်းသီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရွှေရည်ဦး(ခ)မသဲပို၏အဘိုးသည် ၂၈-၂-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမျိုးမြင့် (၅၆)နှစ်
(ကုန်သွယ်လယ်ယာ-ငြိမ်း၊ MEC)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၆၀)၊ ငါးလွှာ(B)နေ (ဦးလွန်းမောင်-ဒေါ်ကြူးလှိုင်)တို့၏ သား၊ ဒေါ်နီနီဝင်းမြင့်(MEC)၏ ခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်ကျော့စိန်တို့၏ သားသမက်၊ မသီရိမျိုးမြင့် (Pahtoma Group)၊ မောင်ရှိန်းထွဋ်နိုင်(EUI)-မအိန္ဒြာမျိုးမြင့် (Ruby Mart)တို့၏ ချစ်လှစွာသောဖခင်သည် ၂၈-၂-၂၀၁၄ (သောကြာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်

ဗိုလ်မှူးချုပ်အောင်သော် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)၏ ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းထိုက်-ဒေါ်မြမြဦး
ဝန်ထမ်းများနှင့်မိသားစု
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဇနီး
မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်
ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း
အသက်(၆၄)နှစ်
(ထားဝယ်၊ ရန်ကင်း)

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး၊ ဗိုလ်မှူးစိုးမင်းသော်(ငြိမ်း)၊ ဒေါ်မေလုလုသော်(လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံး)တို့၏ ချစ်လှစွာသောမိခင် ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းလွင်ဦးနှင့် ဇနီး
(ညွှန်ကြားရေးမှူးချုပ်)
အရာထမ်းဝန်ထမ်းမိသားစုများ
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းမေ(မုဒုံ) (၆၈)နှစ်
(ကထိက၊ မြန်မာစာဌာနမှူး-ငြိမ်း၊ ဆေးတက္ကသိုလ်-၁)

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးစိုးလှိုင်-ဒေါ်လှခင်)တို့၏ သမီး။ အမှတ်(၁၂၀-A)၊ဗားဂရာလမ်း၊စမ်း/မြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးထွန်းအောင်ကျော်)၏ ဇနီး၊ (ဦးသန်းထွဋ်အောင်)၏ မိခင်၊ မသူသူအောင်၊ မနှင်းနန္ဒာအောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏အဘွား၊ သထုံမြို့နေ ဦးအောင်မြင့်သိန်း-ဒေါ်သန်းသန်းနွယ်တို့၏ အစ်မသည် ၁-၃-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန္တာထက် (၃၉)နှစ်
LL.B, LL.M,Ph. D (Thesis)
(ယခင် စစစ)
နည်းပြ(ဥပဒေပညာဌာန)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၅၁)နေ ဦးထင်ကျော်-ဒေါ်ထွေးတင် (အထက်တန်းပြ၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောသမီး၊ ဦးမြအေး(အောင်မိုးကျော်လျှပ်စစ်)-ဒေါ်စိန်စိန်သန်းတို့၏တူမ၊ ဦးမျိုးသွင် (ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်)-ဒေါ်ဝင်းမင်းစိုး(မြို့ရွာ/အိုးအိမ်၊ နေပြည်တော်)၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းဌေး၊ ဦးသောင်းကြည်(ခေတ္တ-ဖိလစ်ပိုင်)- Ivy. Kyi ၊ ဒေါ်သီတာစိုးတို့၏ ညီမ၊ ဗိုလ်ကြီးအောင်သောင်းဦး(ငြိမ်း)-ဒေါက်တာကေသီစိုး၊ မမြတ်သိဂ်စိုး၊ မဆုနှင်းထက် [B.E Civil-(Q)]၊ မအိကေခိုင်ဦးတို့၏ အစ်မ၊ မဖြိုးသွင်စိုး၊ မအေးပွင့်ဖြူ၊ မောင်မင်းသော်ထွဋ်၊ မောင်ဝေလျှံဂွန်ကြည်၊ မဖူးပြည့်စုံသူတို့၏အဒေါ် ဒေါ်သန္တာထက်သည် ၂၈-၂-၂၀၁၄(သောကြာနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဟန်အောင် (၇၁)နှစ်
မန်နေဂျာ(ငြိမ်း)
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း စာရင်းအရာရှိ(ငြိမ်း)၊
Myanmar Singapore Plantation Ltd.

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းအိမ်ရာ၊ မြတ်အိမ်ရာလမ်းသွယ်(၁)၊ တိုက်(၄)၊ အခန်း(၂၀၁)နေ (ဦးသောင်း-ဒေါ်သိန်းနု)တို့၏သား၊ (ဦးအုံးမောင်-ဒေါ်လှရီ)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ဦးဇော်မောင်မောင်-ဒေါ်ကြည်မေဟန်၊ မောင်ဥက္ကာဟန်တို့၏ ဖခင်၊ မပြည့်ရွှေရည်မောင်၏အဘိုးသည် ၂၈-၂-၂၀၁၄(သောကြာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်လွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကိုနေဝင်းရှိန်(ခ)ကိုသံချောင်း
အသက်(၃၄)နှစ်
2nd Year Business Management

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း(၁)၊ အခန်း(၂၈)နေ ဦးအေးကျော် (ဒု-ညွှန်မှူး၊ ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်ဌေးဌေးရှိန်တို့၏သားလတ်၊ ဦးမျိုးတင့်-ဒေါ်ညွန့်သိန်းဦးတို့၏ သားသမက်၊ မောင်မျိုးဟိန်းရှိန်-မလွင်မာထွန်းတို့၏ ညီ၊ ဗိုလ်ကြီးမိုးကျော်ရှိန်(ငြိမ်း) (လက်ထောက်မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်)၊ မရွှေရည်ရှိန်တို့၏ အစ်ကို၊ မနီနီစိုး၏ခင်ပွန်း၊ မခင်မြင့်မြတ်ရှိန်၏ဖခင် ကိုနေဝင်းရှိန်သည် ၁-၃-၂၀၁၄ (စနေနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ) Ph. D,D.Lit
ကဗျာစာဆိုသရဖူဘွဲ့ရ (ဂျပန်ပြည်)
One Thousand Geat Asians England
ဒုတိယဝန်ကြီး(ငြိမ်း)
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂-၁၀-၂၀၀၉ ရက်တွင် ကွယ်လွန်သွားခဲ့သော အလှူ့ဒါယကာကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)အား (၄)နှစ် (၄)လပြည့် ရည်မှန်း၍-

ရေတွင်းကုန်းကျောင်းတိုက် ဆရာတော်အား ဆွမ်းကပ်ခြင်း၊ အလှူငွေထည့်ခြင်း၊ ပို့ဆွမ်းများ ဆက်ကပ်ခြင်းစသော ကောင်းမှုဒါနအစုစုအား မိသားစုမှ ပြုလုပ်ပါသည်။ ရောက်ရှိရာဘုံဘဝမှ အေးချမ်းစွာ အနုမောဒနာခေါ် ဆိုနိုင်ပါစေ။

အမျှ---အမျှ---အမျှ

ချစ်ဇနီး-ဒေါ်လှယဉ်ယဉ်စိုးနှင့် မိသားစု

ဒေါ်တင်တင်ဝင်း (၇၁)နှစ်
(သမိုင်းပါမောက္ခ-ငြိမ်း)
(အဝေးသင်တက္ကသိုလ်၊ ရန်ကုန်မြို့)

မန္တလေးမြို့နေ (ဦးစံဝင်း-ဒေါ်တင်တင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ [ဒေါက်တာဦးမျိုးမြင့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန]၏ ဇနီး၊ ဦးမျိုးသန့်ဝင်း-ဒေါ်ခင်စန္ဒာမြင့်၊ ဦးဥက္ကာမျိုး-ဒေါ်နန်းအေးအေးခိုင်တို့၏ မွေးသမိခင်၊ မောင်ကျော်ဇောဝင်း(ခ) Gary Win၊ မနန်းသင်းယုခိုင်တို့၏အဘွား၊ ဒေါ်ခင်စု (ဦးသောင်းဝေ)-ဒေါ်ဌေးဌေးညွန့်၊ ဒေါက်တာမင်းကျော်-(ဒေါ်ခင်မာရီ)၊ ဒေါ်ဘက်တီဝင်းတို့၏အစ်မကြီး၊ ဦးအောင်မြင့်-ဒေါ်သိန်းသိန်း၊ ဦးဖေဆန်း-(ဒေါ်တင်မြင့်)တို့၏ အစ်မကြီး၊ ဒေါ်တင်တင်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)သည် ၁-၃-၂၀၁၄ ရက် စင်ကာပူစံတော်ချိန် ၂ နာရီတွင် စင်ကာပူမြို့ Singapore General Hospital ၌ ကွယ်လွန်သွားပါသဖြင့် Mandai သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၄(တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စွယ်တော်မြတ်စေတီတော်အနီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဆွမ်းစားဆောင်၌ ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ထေရဝါဒတက္ကသိုလ်၊ ဂိတ်အမှတ်(၅)မှ ကြွရောက်၍ ရေစက်ချတရားတော်နာယူကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သုဓမ္မမဏိဇောတဓရ၊ အဘိဓမ္မဓရ၊ သီဟသုဓမ္မမဏိဇောတဓရ
သီတဂူဒေါက်တာစိုးမြင့် (၅၈)နှစ်
(မြိုင်အထူးကုဆေးခန်း)
နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၊ ပြန်ကြားရေးမှူး၊ မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ မဏိမေခလာလမ်း၊ အမှတ်(၉)နေ (ဦးကြင်အောင်-ဒေါ်ကြင်မြိုင်)တို့၏ သားလတ်၊ (ဦးတင်ညွန့်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ (ဦးအောင်မြင့်-ဒေါ်သန်းသန်းအေး)တို့၏ ညီ၊ ဦးမောင်မောင်ဦး-ဒေါ်ယဉ်ယဉ်မွန်တို့၏အစ်ကို၊ ဒေါ်နုနုအေး၏ခင်ပွန်း၊ မဇင်မမ (မြန်မာပိတောက်ကုမ္ပဏီလီမိတက်)၊ မသီရိဝင်းရွှေ၊ မသူဇာဝင်းရွှေ(တည်ဆောက်ရေး-၉၊ ဆည်မြောင်းဦးစီးဌာန)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုကျော်မင်းထိုက်(ခေတ္တ-စင်ကာပူ)-မသီတာဦး(ခေတ္တ-စင်ကာပူ)၊ ကိုဇော်ထွန်းဦး-မဝတ်မှုံ၊ မောင်ဖြိုးမင်းထက်၊ မခင်မြတ်နိုးဦး၊ မခိုင်ဝတ်ရည်ဦး၊ မအိသီရိသက်ဝေဦးတို့၏ဦးလေး ဒေါက်တာစိုးမြင့်သည် ၁-၃-၂၀၁၄ ရက် နံနက် ၀၀း၁၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၉)၊ မဏိမေခလာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သီတဂူဒေါက်တာစိုးမြင့် (၅၈)နှစ်
အမှုဆောင်လူကြီး
သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့(ရန်ကုန်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မဏိမေခလာလမ်း၊ အမှတ်(၉)နေ (ဦးကြင်အောင်-ဒေါ်ကြင်မြိုင်)တို့၏ သားလတ်၊ (ဦးတင်ညွန့်-ဒေါ်စိန်ရင်)တို့၏ သားသမက်၊ ဒေါ်နုနုအေး၏ ခင်ပွန်း၊ မဇင်မမ၊ မသီရိဝင်းရွှေ၊ မသူဇာဝင်းရွှေတို့၏ ကျေးဇူးရှင်မွေးသဖခင် ဒေါက်တာစိုးမြင့်သည် ၁-၃-၂၀၁၄ ရက် နံနက် ၀၀း၁၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့(ရန်ကုန်)

ဒေါ်ခင်
အသက်(၇၈)နှစ်

ထားဝယ်မြို့၊ တောင်သုံးလုံးကျေးရွာနေ (ဦးလူပိန်-ဒေါ်ပု)တို့၏ သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၄)လမ်း၊ အမှတ်(၁၅၅)နေ ဦးအလင်၏ ဇနီး၊ ဦးလွင်ပင်(ကျောင်းအုပ်ကြီး၊ အထက၊ ရဲမွန်)-ဒေါ်ခင်သန်းအေး (ထ-၁၊ မြောက်ဥက္ကလာ)၊ ဦးလွင်ဝေ(MSTRD)-ဒေါ်ရင်နု၊ ဦးလွင်လွင်(တပ်ကြပ်ကြီးစာရေး၊ ငြိမ်း)-ဒေါ်စီစီမာ (မန်နေဂျာ၊ စိုက်/ဘဏ်၊ ပန်းတနော်)၊ ဒေါ်စန်းစန်းလွင် (ဦးစီးအရာရှိ၊ မွေး/ရေနှင့် ကျေးလက်ဖွံ့ဖြိုးရေး)၊ ဦးထွန်းရီ-ဒေါ်ကြည်ကြည်လွင်၊ ဦးလွင်ရွှေ၊ ဦးတင့်လွင် (2/E) (MOW)-ဒေါ်ဦးဦးခိုင်၊ ဒေါ်သိန်းသိန်းလွင် (SKYNET)တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏ အဘွားသည် ၁-၃-၂၀၁၄(စနေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၄(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်သန်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်အမှတ်(၃၁)၊ အခန်းအမှတ်(၁၃)နေ (ဦးအေးကြိုင်)-ဒေါ်တင်အေးတို့၏သား၊ (ဦးဌေးမြင့်-ဒေါ်နုရီ)တို့၏ သားသမက်၊ ဒေါ်ယဉ်မြတ်မွန်ဦး၏ ခင်ပွန်း၊ ကိုဇော်မျိုးထက်-မထက်ထက်၊ မောင်ရန်မျိုးအောင်-မခိုင်ကြည်ငြိမ်း၊ မောင်ရန်ဖြိုးအောင်-မနွယ်နွယ်ဝင်းတို့၏ဖခင်၊ မောင်ရှိုင်းထက်၊ မယွန်းဝတီဖြိုးတို့၏ အဘိုး၊ ဦးကျော်ဝင်း-(ဒေါ်ဝင်းကြည်)၊ ဦးကျော်တင့်-(ဒေါ်ကြည်ညွန့်)၊ (ဦးဌေးဝင်း)-ဒေါ်အေးမြိုင်၊ ဦးစိန်လွင်-ဒေါ်မြကြင်၊ ဦးသောင်းဝင်း-ဒေါ်ခင်ကျော့ရီတို့၏ ညီ/မောင်သည် ၁-၃-၂၀၁၄(စနေနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

နိုင်ငံတော်၏ လက်ရှိနှင့်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော လူဦးရေဆိုင်ရာကိန်းဂဏန်းများရှိရန်လိုအပ်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအချက်အလက်ပေါင်းများစွာကို သန်းခေါင်စာရင်းမှ ရရှိနိုင်မည်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနၶ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဥက္ကဋ္ဌများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ ဂီတပညာရှင်များ၊ ကင်းထောက်လူငယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားရိုးရာအဆိုအကများ၊ တေးသံရှင်များ၏ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာ ရုပ်မြင်သံကြားကြော်ငြာနှင့် လှပသောအနာဂတ်ဇာတ်လမ်းတိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လူ့အခွင့်အရေးပေါ်အခြေခံပြီး လူဦးရေနှင့် ဖွဲ့စည်းမှုကို ဖော်ထုတ်ရမည်။ သန်းခေါင်စာရင်းမှ နိုင်ငံ၏တည်ရှိမှု၊ လူမျိုးစုများ ဖွဲ့စည်းပါဝင်မှုအင်အားနှင့် အမျိုးသားပေါင်းစည်းမှုများကို မှန်ကန်သောကိန်းဂဏန်းပေါ် အခြေတည်ပြီး ကမ္ဘာကိုထုတ်ဖော်ပြသနိုင်မည်ဖြစ်ခြင်းကြောင့် နိုင်ငံ၏ပုံရိပ်သည်လည်း ကမ္ဘာ့အလယ်တွင် ပိုမိုဝင့်ထည်ဂုဏ်ရောင်ထွန်းပြောင်လာလိမ့်မည်။

မကွေးအသင်းတတိယမြောက်နိုင်ပွဲရ

သတင်းနှင့် ဓာတ်ပုံ ›› ရှိုင်းထက်ဇော်

မကွေးမှ မာဒန်ဂူ၏ထိုးဖောက်မှုကို ကမ္ဘောဇနောက်ခံလူဟန်ဆန်ဖျက်ထုတ်နေစဉ်။

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၅) ပထမနေ့ပွဲစဉ်အဖြစ် မကွေးအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မကွေးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(သုဝဏ္ဏကွင်း)
မကွေး - သုံးဂိုး
(မာဒန်ဂူ-နှစ်ဂိုး၊ ဆယ်လာ)
ကမ္ဘောဇ - တစ်ဂိုး
(ဇီကိုဗစ်)

မကွေးအသင်းမှာ ယခုရာသီတွင် အကောင်းဆုံးခြေစွမ်းဖြင့် ကမ္ဘောဇအသင်းကို ဂိုးပြတ်အနိုင်ယူကာ တတိယမြောက်နိုင်ပွဲရရှိသွားသည်။ ကမ္ဘောဇအသင်းမှာ ပုံစံကောင်းရရှိရန်ရုန်းကန်နေရဆဲဖြစ်ပြီး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ကမ္ဘောဇအသင်း၏ ကစားပုံမှာလိုအပ်ချက်များစွာရှိနေပြီး တိုက်စစ်ပိုင်းတွင် စိုးမင်းဦးခြေမပေါ်၍ ဇီကိုဗစ်ဦးတည်ရုန်းကန်ခဲ့ရသည်။

ပွဲအစလေးမိနစ်တွင် ဇီကိုဗစ်က ကမ္ဘောဇအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ကိုးမိနစ်တွင် မာဒန်ဂူက မကွေးအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် မာဒန်ဂူနှင့် ၈၃ မိနစ်တွင် ဆယ်လာတို့က သွင်းယူပေးခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**

ယနေ့ မာတိကာ

ကျေးရူးရှင် တောင်သူလယ်သမား — စာမျက်နှာ - ၂

လယ်ယာကဏ္ဍ မြှင့်တင်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်မည် — စာမျက်နှာ - ၆

တိုင်းပြည်က ချစ်တဲ့ တို့လယ်သမား — စာမျက်နှာ - ၈

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၂၈) ရက်သာ လိုတော့သည်

ဂုဏ်ယူဝမ်းမြောက်ခြင်း

MCC Group ၏ Share Holder နှင့် MCC Training Institute (MCC.i), School of Business Management ၏ Dean ဖြစ်သူ

Professor Dr. Aung Tun Thet အား

Canada နိုင်ငံ၊ Vancouver ရှိ University of British Columbia မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ပေးအပ်ခြင်းအတွက်

Chairman, BOD အဖွဲ့ဝင်များ၊ Management Board နှင့် ဆရာ/ဆရာမ၊ ဝန်ထမ်းများမှ များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း. . .

ISDC MCC

မာလာမြိုင် ကုမ္ပဏီလီမိတက် မိသားစု

GHEC Summer Program

- English / Chinese
- Science
- E-Math
- Arts & Crafts
- Parents included Day Trip

www.facebook.com/GHEC.Myanmar

Myanmar Technologies And Investment Corporation Limited (MTI)

နေရာ - Sedona Hotel, Inya Room (Level 11)

Myanmar Technologies And Investment Corporation Limited (MTI)

ပျောက်ဆုံးကြောင်း

ကျွန်မ မိုင်ငွေရှင်း(ဘ)ဦးအောင်ဗလ[၈/တတန(နိုင်)၁၁၁၂၆၂] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၅၄၁၁၈၄၇**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၁၂၅၆၊ မြေကွက်တည်နေရာအမှတ် (၁၂၅၆)၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးညွန့်မောင် (NMK- ၁၁၉၀၁၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၁၃/၁၁ (၂၉-၄-၁၁) ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ဝေဝေမြင့်[၁၂/ကမတ(နိုင်)၀၁၀၆၃၆]မှ ကိုယ်စားလှယ် ရယူရန် (၂၀၁၁)ခုနှစ် အရောင်းမြေပုံ ပျောက်ဆုံးကြောင်း ကျမ်းကျိမ်လွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်ဝယ်လိုသည်

09 31268183
09 31589922

အစိက

Ph: 01 - 379385

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (စမ်း/တောင်)ရပ်ကွက်၊ မင်းလမ်း၊ တိုက်အမှတ်(၆၃)၊ ပထမထပ်(တိုက်ကိုမျက်နှာမူပါက ဝဲဘက်အခြမ်း) အကျယ်အဝန်းပေ(၁၇×၄၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညိုစီ[၁၂/အစန(နိုင်)၀၅၅၆၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA) အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)
"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း
အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
Ph:09-73146551, 09-73173987, 09-420003874, 09-420003873, 09-420003872

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

MOBILE PHONE Software • Hardware | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 0949200770, 253293, 395353 30%

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

United Kingdom (အင်္ဂလန်)နိုင်ငံ URS(United Registrar of System) မှ W.H.O(World Health Organization) ၏ လိုအပ်ချက်များ လမ်းညွှန်ချက်များဖြင့် ကမ္ဘာ့အဆင့်မီ ချီးမြှင့်ပေးအပ်ခဲ့သော cGMP – Good Manufacturing Practice – Pharma Products Certification (ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ကောင်းမွန်စွာထုတ်လုပ်ထားသော ပစ္စည်းများအား အသိအမှတ်ပြုသောလက်မှတ်)ကို **ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီမှ** ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှံခြင်းခံရသည့်အတွက် ကုမ္ပဏီနှင့်အတူ တိုင်းနှင့်ပြည်နယ်အသီးသီး၏ Business Partners (မြန်မာ့ရိုးရာ ကိုယ်စားလှယ်တော်ကြီးများ)မှ ထပ်တူ၊ ထပ်မျှ အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ကမ္ဘာ့အဆင့်မီ Certificate များကိုထပ်မံ ရရှိအောင်ကြိုးစားပြီး မြန်မာ့သနပ်ခါး၏ဂုဏ်သိက္ခာကို ရွှေပြည်နန်းမှ ယခုကဲ့သို့ ကမ္ဘာ့အဆင့်တိုင် မြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရန်ကုန်တိုင်းမှကိုယ်စားလှယ်တော်ကြီးများ	နေပြည်တော်တိုင်းမှကိုယ်စားလှယ်တော်ကြီးများ
ပဲခူးတိုင်းမှကိုယ်စားလှယ်တော်ကြီးများ	မန္တလေးတိုင်းမှကိုယ်စားလှယ်တော်ကြီးများ
ဧရာဝတီတိုင်းမှကိုယ်စားလှယ်တော်ကြီးများ	မကွေးတိုင်းမှကိုယ်စားလှယ်တော်ကြီးများ
တနင်္သာရီတိုင်းမှကိုယ်စားလှယ်တော်ကြီးများ	စစ်ကိုင်းတိုင်းမှကိုယ်စားလှယ်တော်ကြီးများ
မွန်ပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ	ကချင်ပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ
ကရင်ပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ	ရှမ်းပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ
ရခိုင်ပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ	ကယားပြည်နယ်မှကိုယ်စားလှယ်တော်ကြီးများ

DRAGON KING

ပျောက်ဆုံး

ကျွန်တော် ဦးအိုက်မောင် [၁၃/မပတ (နိုင်)၀၃၁၄၃၄]ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၅၂၄၀၇၅၁**

ကျေးဇူးဆပ်ပါမည်

ကျွန်မအားညာသည် [၁၃/ကတန (နိုင်) ၀၉၀၄၉၇]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် M 243687 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၅၂၄၀၇၅၁**

ကျောက်မြောင်း၊ ဩဘာလမ်း၊ ၁၅'×၆၀'၊ Hall မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာကွဲပြားကပ်၊ ခေါင်းရင်းခန်း၊ (၈)လွှာ၊ အရှေ့ဘက်လှည့် ဈေး-၃၂၀၊ **ဖုန်း-၀၉ ၇၃၁၅၉၀၉၄**



အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်မည့် Bachelor Degree ရရှိနိုင်မည့်အခွင့်အရေး

- ... GCE O' Level ... International Schools ... "Bachelor Degree" ကို Myanmar Imperial College (MIC) ...
- ... "Bachelor Degree" ... Northampton University ...
- ... Diploma ... Final Year Bachelor Degree ...
- ... Lecturer များ Professor များ နှင့် Northampton University မှ Professor များ ...

... 09 732 10001/ 01 537562

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၇၉)၊ မြေကွက်တည်နေရာအမှတ်(၇၉)၊ ဗန္ဓုလလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်(ဦးညွန့်ကြည်) (CF 026502) [၁၂/လမန(နိုင်) ၁၁၉၈၉၇] နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်ကြည်နှင့် ဇနီး ဒေါ်ခင်ခင်ဥ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်ခင်ဝင်း [၇/ပမန(နိုင်) ၀၉၉၅၄၉]၊ (၂) ဒေါ်ခင်ခင်သန်း [၁၀/မလမ(နိုင်)၁၇၃၄၆၂]၊ (၃) ဒေါ်ခင်ခင်ထား [၁၂/မဂတ(နိုင်) ၀၂၅၂၀၇]၊ (၄) ဒေါ်မာမာအေး [၁၂/လမန (နိုင်) ၁၁၉၉၁၆] (၅) ဦးမြင့်ကြည် [၁၂/လမန (နိုင်) ၁၁၉၉၁၇]၊ (၆)ဒေါ်သင်းသင်းကြည် [၁၂/လမန(နိုင်) ၁၁၉၉၁၅]၊ (၇) ဒေါ်စန်းစန်းကြည် [၁၂/ဒဂမ(နိုင်)၀၀၅၇၇၃]တို့က သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၃၆/၁၄ (၁၀-၁-၂၀၁၄)နှစ် ၁၀၃၇/၁၄ (၁၀-၁-၁၄)တို့ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်ခင်ထား [၁၂/မဂတ(နိုင်) ၀၂၅၂၀၇]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး

CRANE

518 474 , 708 569, 09 509 4914

အမြန်ငှားမည်

2 RC, 4 BRs

Fully Furnish

For rent rooms @

Chatha Ganyaung Executive Condominium

- Penthouse / Rooms
- 4 rooms , 5 rooms
- Fully Furnished
- Amazing serenity and satisfactory facilities, club restaurant
- 24 hours electricity internet , cable TV

Foreigners welcome

Interested parties please call

09-421020006, 09-420092079, 09-421020008, 09-73085811,

မိဘမဲ့ကလေးများနှင့် ရှင်သာမဏေများအားလှူဒါန်းပွဲ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပါးကျောင်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စ၏ (၇၈)နှစ်ပြည့် အလှူပွဲကြီးကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) ၈-၃-၂၀၁၄ ရက်(စနေနေ့)တွင် ရွှေဂုံတိုင်ကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ မင်္ဂလာဒုံရွှေနန်းသာကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ ထောက်ကြန့်အမျိုးသမီးသင်တန်းကျောင်းမှ မိဘမဲ့ကလေး ၂၀၀ ကျော်တို့အား ထမင်းနှင့်အဝတ်အထည်များလှူဒါန်း၍ တပေါင်းလဆန်း ၉ ရက် ၉-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီတွင် ရှင်သာမဏေအပါး ၁၂၀ တို့အား ဆွမ်းနှင့်သင်္ကန်းစသည် လှူဒါန်းပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူပွဲကြီးတွင် ရှင်သာမဏေများနှင့် ကလေးများကို မိမိပစ္စည်းများဖြင့် လာရောက်လှူဒါန်းနိုင်ပါသည်။ ရှင်သာမဏေတစ်ပါးလျှင် ၅၀၀၀ ကျပ်ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၀၉-၄၂၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈ နှင့် ကိုရဲညွန့် အမှတ်(၂၁)၊ ရွှေတောင်တန်း အောက်ဘလောက် ဖုန်း-၂၂၈၇၀၈၊ ၂၂၆၂၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မမဇာဇာစိုး[၁၄/ညတန(နိုင်)၁၃၇၀၇၇]၏ Passport နံပါတ် MA-178940 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၁၄၄၆၄**

(ဒုတိယ)အကြိမ် ယဉ်ကျေးလိမ္မာ(ကလေး) သင်တန်း နှိုးဆော်လွှာ

(ဒုတိယ)အကြိမ် ယဉ်ကျေးလိမ္မာ(ကလေး)သင်တန်းကို ၁၀-၃-၂၀၁၄ ရက်မှ ၂၉-၃-၂၀၁၄ ရက်အထိ ပုဇွန်တောင်မြို့နယ်၊ သာယာကုန်းလမ်း၊ ညောင်ကုန်းတိုက် သာသနဝေပုလ္လတိုက်အုပ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော်အရှင်ဝါသေဋ္ဌ (M.A srilanka၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)မှဦးစီး၍ ပို့ချသင်ကြားပေးမည်ဖြစ်ပါသောကြောင့် စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

သူငယ်တန်းမှအဋ္ဌမတန်းအထိ

ဖုန်း-၀၉-၂၅၀၂၂၈၇၃၀၊ ၀၉-၄၉၂၇၉၂၁၉

ဦးသန့်ဇော် PQI

LCCI I & II (၃)လပြတ်

3 March 2014

MYOB

ORION Business School

MBA/DMA ဝင်ခွင့်

(MPA, MDevs included)

GMAT, Reasoning & English

09 5115997, 09 73154401

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်းအတွင်းရှိ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ၁၀-၃-၂၀၁၄ ရက်မှ ၂၄-၃-၂၀၁၄ ရက်အထိ ယဉ်ကျေးလိမ္မာသင်တန်းပို့ချပေးမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသော သားငယ်၊ သမီးငယ်များ ၉-၃-၂၀၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အမှတ်(၅)ဝိုင်း၊ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း

ဖုန်း-၅၆၃၄၂

အင်္ဂလိပ်စာ

WEBS

09 5151398

VIVALA ကုန်အမှတ်တံဆိပ်ဖြင့် ပစ္စည်းမှန် အမျိုးမှန် အဝတ်အထည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပိုင်ရှင်မိသားစုအား တောင်းပန်ခြင်း

ကျွန်မ ဒေါ်အေးစန်း[၁၂/ကမတ(နိုင်)၀၂၄၈၃၅]မှ ကြည့်မြင်တိုင် လေဟာပြင်ဈေး၊ ရုံအမှတ်-၈၊ ဆိုင်နံပါတ်-၂၀၇/၂၀၈ နေလအထည်ဆိုင်တွင် ပစ္စည်းမမှန်၊ အမျိုးမမှန်သော အဝတ်အထည်များအား VIVALA ကုန်အမှတ်တံဆိပ်ချိတ်ဆွဲ၍ ဆင်တူယိုးမှား၊ တုပကာ ထင်ယောင်ထင်မှားဖြစ်အောင် ရောင်းချမိခဲ့သည်ကို ခွင့်လွှတ်ပါရန်နှင့် နောက်နောင်တွင် ထိုသို့ပြုလုပ်မည်မဟုတ်ပါကြောင်း ဝန်ခံကတိပြု တောင်းပန်အပ်ပါသည်။

ဒေါ်အေးစန်း

[၁၂/ကမတ(နိုင်)၀၂၄၈၃၅]

(Daily Eleven ၂၅-၂-၂၀၁၄)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ်(၂၃၇)၊ အကျယ်အဝန်းပေ(၄၀×၆၀)အကျယ်ရှိ ဒေါ်ခင်မာမာဦးအမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၂၃၇)ဟုခေါ်တွင်သည့် မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းလွင်[၁၂/အလန(နိုင်)၀၀၂၁၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာ LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA) အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)

"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း

အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၇၃၁၄၆၅၅၁၊ ၀၉-၇၃၁၇၃၉၈၇၊ ၀၉-၄၂၀၀၀၃၈၇၄၊ ၀၉-၄၂၀၀၀၃၈၇၃၊ ၀၉-၄၂၀၀၀၃၈၇၂

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

(6th March-24th May)

Activities

→ Starters, Movers, Flyers, KET, PET, FCE

→ Communicatives Grammar

Essays နှင့် Letter

LANCASTER Education Centre

Mini Bus 2013ရောင်းမည်

ဘုရားဖူးပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရုံးဝန်ထမ်းကြို/ပို့တို့အတွက် ဘက်စုံသုံး ဒီဇယ်ကား။ လုပ်ငန်းလိုင်စင်နှင့် နံပါတ်အပြာရောင်ရပြီး။

(နံပါတ်အနီရောင်လိုလျှင်ပြောင်းပေးပါမည်။)

1. Toyota COASTER - 29 seators
2. Hyundai COUNTY - 24 seators

ဖုန်း-၀၉-၇၃၂၂၄၃၀၉၊ ၄၂၀၀၇၉၇၈၁၊ ၄၅၀၀၄၇၀၉၇

(၁၀)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးသားသားနှင့် မေမေ ဒေါ်အိမွန်ကျော်တို့၏ ၂-၃-၂၀၁၄ ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ချစ်သောမိသားစုနှင့်နှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးကို သေတပန်သက်တဆုံး နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပျော်ရွှင်စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

ချစ်သား-ခန့်ဇော်ဟိန်း

ပြင်ဦးလွင်တွင် မြေကွက်များ အမြန်ရောင်းမည်

ဈေးနှုန်း သိန်း ၃၀

ဖုန်း-၀၉-၄၂၀၀၂၁၅၄၂၊ ၀၉-၄၉၂၆၆၃၁၆

Zan

Recreation and Fitness Club

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသန်း၏သမီး[၁၂/မရက(နိုင်)၀၈၉၃၆၅] ကိုင်ဆောင်သူ ကျွန်မ မခင်အေးသန်း(ခ) မဇင်မာထိုက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဇင်မာထိုက်

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဦးအောင်ကျော်မြင့်[၁၂/ဆကခ(နိုင်)၀၁၇၃၄၉]၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင်(ခ)ဦးမောင်မောင်ကြည် ဖြစ်ပါကြောင်း။

ဦးမြင့်ခိုင်(ခ)ဦးမောင်မောင်ကြည်

Mini Bus 2စီး ရောင်းမည်

- Mitsubishi Rosa,2000 Model
- 5200CC,Auto,ဒီဇယ်
- 5G/xxxx,ညှိနိုင်း

Ph:09-49734081, 09-250279916, 09-33127993

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ်(၁၈၀/က)၊ မြေကွက်တည်နေရာအမှတ်(၁၈၀/က)၊ အနော်မာ အနောက်(၄)လမ်း၊ အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်အုန်းစိန်)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းစိန်(မိခင်) နှင့်ဦးသိန်းဖေ(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်မြင့်အေး[၁၂/သကတ(နိုင်)၀၄၇၃၇၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၇၅၉၊ မြေကွက်တည်နေရာအမှတ်(၇၅၉)၊ ခိုင်သဇင်(၂)လမ်း၊ ၁၁-ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဒေါ်လှလှဌေး)[၁၂/လကန(နိုင်)၀၂၃၈၇၇]အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒေါ်လှလှဌေးကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

AUNG JAPANESE ACADEMY (SINCE 2007)

October

Free

ပညာပါရမီ

ဦးသောင်းစိန်+ဒေါ်ခင်လင်း
စိန်ငါးပွင့်ဆန်ဆိုင်

အဆောင်(၈၂)၃၇၊ခတ္တာလမ်း၊ဘုရင့်နောင်ပွဲရုံတန်း
ဖုန်း-၀၉-၅၃၃၃၇၄၉၊ ၀၉-၂၅၄၂၅၉၃၂၉
ရွှေဘိုပေါ် ဆန်းမွှေး မှာယူသူများအတွက်
အိမ်တိုင်ရာရောက်အခမဲ့ပို့ပေးပါသည်။

တရားမအထွေထွေအမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ကြားသိစေသည့်အကြောင်းကြားစာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၂၄၅

ဒေါ်ဝင်းမာ(ခ)ဒေါ်တင်တင်ဦး	နှင့်	၁။ ဦးကျော်သာ
		၂။ ဒေါ်ခင်သန်း
		၃။ ဦးအောင်သန်း
		၄။ ဒေါ်တင်စုစုလှိုင်
		၅။ ဦးကိုကိုလေး
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်စွဲပါလျှောက်ထားသူ၏ တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ ၅၈ အရလျှောက်ထားခြင်း

အထက်အမည်ပါ အမှုမှ အမှတ်(၄)လျှောက်ထားခံရသူဒေါ်တင်စုစုလှိုင် တိုက်(၁၂)၊ အခန်း(၃၀၄)၊ အေးရိပ်မွန်အိမ်ရာ၊ရတနာမွန်လမ်း၊(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ရန်ကုန်အနောက်ပိုင်းခရိုင်၊ တရားမမှုအမှတ် ၂၅၃/၂၀၁၂တွင် တရားရှုံးများပိုင် ပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ် (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်း(၃၀၄)၊ ၄-လွှာ၊တိုက်ခန်းတစ်ခန်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ၅၄ အရ ထုတ်ဆင့်သောပညတ်အမိန့်အပေါ် လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ ၅၈ အရ ဝရမ်းခွာပေးရန်လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ဤတရားမအထွေထွေအမှုကို ၂၀၁၄ခုနှစ်၊ မတ်လ ၂၁ရက်နေ့(၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ရက်) နံနက် ၁၀နာရီတွင်ဆိုင်ရန် ဤရုံးတော်မှချိန်းဆိုလိုက်ပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊သင့်ရှေ့နေဖြစ်စေ၊တရားမအထွေထွေအမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ လာရောက်ခြင်းမရှိခဲ့ပါက ၎င်းအထွေထွေအမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ဖေဖော်ဝါရီလ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊တရားမကြီးမှုအမှတ်-၁၆

ဒေါ်သူဇာလင်း	နှင့်	ဒေါ်သန်းသန်း(ခ)မပုတ်
(တရားလို)		**(တရားပြိုင်)**

ဒေါ်သန်းသန်း(ခ)မပုတ်၊ ကွန်တိုင်းလေးကျေးရွာ၊ မလက်တိုကျေးရွာအုပ်စု၊ မအူပင်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်သူဇာလင်းကချေးငွေ-၂၃၅၆၇၅၀ိ/-ကျပ်ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် မတ်လ ၇ ရက်(၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်က လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးစန္ဒာဟိန်း)
ဒုတိယမြို့နယ်တရားသူကြီး
မအူပင်မြို့နယ်တရားရုံး

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏ သမီးဖြစ်သူ မဂျာနွယ်သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်)**

မိဘများ
ဦးထွန်းလွင်[၁/မကန(နိုင်)၁၂၇၀၅၂]
ဒေါ်ပရီဆိုင်း [၁/မကန(နိုင်)၀၀၀၄၈၉]
မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့

တိုက်ခန်းရောင်းမည်

ပန်းဘဲတန်းမြို့နယ်၊(၂၉)လမ်း (အထက်) ဒုတိယထပ်၊ (၁၇ပေ×၄၅ပေ)၊ အာစီ၊ အိပ်ခန်း (၁)။ **ဖုန်း-၀၉၇၃၂၀၇၆၅၇၊ ၀၉-၃၁၀၆၉၀၁၅**

တိုက်ခန်းကျယ်ရောင်းမည်

အဆင့်မြင့်ပြည့်စုံစွာ အားလုံးပြင်ဆင်ပြီး၊ ပေ(၁၈×၅၅) အသင့်နေ၊ တိုက်သစ်၊ သံသုမာလမ်းမကြီးပေါ်၊ နေရာအလွန်ကောင်း၊ ဒုတိယထပ်၊ (၇၅၂)သိန်း၊ ပွဲစား၊ အကျိုးဆောင် လုံးဝမအပ်ပါ။ **Ph: 09-250677967**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

